

www.burmeseclassic.com
စိုးစာပေ
ဗဟဲဝါ
နှင့်
သရဲဖမ်းသူ
BURMESE CLASSIC
ကောင်နှမင်း
www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


ပထမအကြိမ် - ၂၀၁၆ မေလ

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၅၀၀ ကျပ်

မျက်နှာဖုံးဒီဇိုင်း - ဦးကံကောင်း

ကွန်ပျူတာ - ပန်းမြတ်စုမွန် (ကညွတ်ကွင်း)

အတွင်းဖလင် - ADORN၊

ထုတ်ဝေသူ - ဦးချစ်ညွန့် (၀၀၃၇၄)
ဇင်ရတနာစာပေ
၂၀၅၊ က/၄ လမ်း၊ မြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မင်းစိုး(မြ-၀၀၄၅၉)
စိုးမေတ္တာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ကောန်မင်း ၃၉၈.၂
မဖဲဝါနဲ့ သရဲမွေးသူ / ကောန်မင်း
ရန်ကုန်၊
ဇင်ရတနာစာပေ၊ ပထမအကြိမ်၊ ၂၀၁၆။
၂၀၂-စာ၊ ၁၂ x ၁၈ စင်တီ


www.burmeseclassic.com

www.burmeseclassic.com

# မဖဲဝါနဲ့ သရဲမွေးသူ

## ကောန်မင်း

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ မဖဲဝါနဲ့သရဲမွေးသူ ၃

၂။ လမ်းလျှောက်လာသော
အလောင်းတစ်လောင်း ၂၃

၃။ အခေါင်းရှက်လာတဲ့မဖဲဝါ ၅၈

၄။ စွဲလမ်းဝိညာဉ် ၇၆

၅။ ဝိညာဉ်များနှင့်တစ်ညတာ ၁၁၄

၆။ ဝင့်ကြွေးခံရပြိတ္တာဘဝ ၁၄၈

၇။ အညှိုးကြီးတဲ့သရဲမ ၁၆၅


www.burmeseclassic.com

www.burmeseclassic.com

# မဖဲဝါနှင့်သရဲမွေးသူ

အောင်းကြီးရွာရဲ့အိမ်တစ်အိမ်၊ ခြံဝင်းအတွင်းမှာ လူတစ်စု ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။

ထိုအိမ်၏အိမ်ဦးခန်းမှာ ဆရာဦးကြည်စိုးတစ်ယောက် အခန့်သားထိုင်နေသည်။

နှုတ်ခမ်းမွေးစစ၊ကွမ်းသီးလုံးသာသာဆံထုံး၊ပန်းရောင်ပဝါ ပေါင်းထားသည်။

ဆရာဦးကြည်စိုးက ဤရွာအနီးပတ်ဝန်းကျင်ရှိ ပဒတ်ကုန်း၊ မန်ကျည်းတော၊ ပေါက်တစ်ပင်၊ အောင်းကြီး၊ နှင်းဝိ၊ စည်ပင် စသော ရွာစဉ်တစ်လျှောက် ဆေးကုသရာမှာ နာမည်



www.burmeseclassic.com

www.burmeseclassic.com



ကြီးလှသည်။

ထိုရွာစဉ်တစ်လျှောက်မှာ ပယောဂလည်းကုသည်။

ကျန်းမာရေးကိစ္စ၊ မြေကိုက်သောကိစ္စများလည်း ဆရာဦးကြည်စိုးကိုပင် အားကိုးတကြီးကုသစေသည်။

ယနေ့အထိ ဆရာဦးကြည်စိုးကုသခဲ့သမျှ အဖိတ်အစင်မရှိ၊ လူနာရှင်က ဆရာဦးကြည်စိုးအား လူနာအပ်ပြီး ကုသဖြိဆိုပါက ကုသစရိတ်ကိုတော့ နင့်နင့်ပိုးပိုး တောင်းလေ့ရှိသည်။

မည်သို့ပင်တောင်းပါစေ၊ လူနာ သက်သာပျောက်ကင်းသည်ကိုမြင်တွေ့သည်နှင့် ကြည်ကြည်ဖြူဖြူ ပေးကြသည်။

သို့ကြောင့် ထိုရွာများက အရေးအကြောင်းဆိုလျှင် ဆရာဦးကြည်စိုးကလွဲပြီး မည်သူ့ကိုမှအားမကိုး။

ယခုလည်း ဆရာဦးကြည်စိုးတစ်ယောက် တပည့်ကိုမျိုးဝင်းနှင့်အတူ အောင်းကြီးရွာသို့ ရောက်နေသည်။

ဆရာတပည့်နှစ်ယောက်က ဆင်ကူးရွာမှာနေသည်၊ ဆရာဦး ကြည်စိုးက အသက်ငါးဆယ့်ငါးနှစ်ရှိပြီ၊ တပည့်ကိုမျိုးဝင်းက အသက်သုံးဆယ်ကျော်ကျော်သာ ရှိကြသေးသည်။

ကိုမျိုးဝင်းက ဆရာဦးကြည်စိုး အားကိုးရသော ဘက်



www.burmeseclassic.com

www.burmeseclassic.com


စုံအသုံးဝင်သည့် လက်သပ်မွေးတပည့် တစ်ယောက်ဖြစ်သည်။

အမှုလိုက်၊ အမှုပွဲစားများကဲ့သို့ သူကလည်း ရောဂါဖြစ်နေသူများ ဆရာဦးကြည်စိုးထံ ရောက်ရန်၊ ဦးကြည်စိုးကို ပင့်ရန်၊ တတ်စွမ်းသမျှ တာဝန်ယူရသည်။

ဆင်ကူးရွာဝန်းကျင်ရှိ ရွာတစ်ရွာမှ မည်သည့်အိမ်၊ မည်သည့်ရောဂါဖြစ်နေသည်ကို ဆရာတပည့် နှစ်ယောက်လုံး သိကြသည်။

ရောဂါဖြစ်ရသည်ကလည်း ဆရာဦးကြည်စိုး လက်ချက်ကြောင့်ပင် ဖြစ်သည်။

ထိုအခါ နောက်ပိုင်းတာဝန်က ကိုမျိုးဝင်း၏တာဝန်ပင် ဖြစ်တော့သည်။

ယခု ကိုမျိုးဝင်းနှုတ်၏ စောင်မမှုကြောင့် ဆရာဦးကြည်စိုး အောင်းကြီးရွာသို့ ရောက်နေခြင်းဖြစ်သည်။

အိမ်ရှင်အမျိုးသမီးအား သရဲပူးကပ်နေသဖြင့် ဆရာဦးကြည်စိုးအား အားကိုးတကြီးပင့်ပြီး၊ ပူးကပ်နေသော သရဲအား နှင်ထုတ်နိုင်းခြင်းဖြစ်သည်။

ဆရာဦးကြည်စိုးက သူ့ရှေ့မှာထိုင်နေသော အမျိုးသမီးအား အသေအချာစိုက်ကြည့်ပြီး....၊


www.burmeseclassic.com

www.burmeseclassic.com


"ကဲ....၊ ဒီအမျိုးသမီးမှာ အချိန်ပြည့်ပူးကပ်နေတဲ့ နာနာဘာဝကောင်၊ ဘာ့ကြောင့် အခုလိုလုပ်ထားတာလဲ၊ ငါ့ဆရာ့ကို ပြောပြစမ်း...."

ဆရာဦးကြည်စိုးစကားကြောင့်အမျိုးသမီးတုန်တုန်ရီရီ ဖြစ်လာသည်။

လူနာအမျိုးသမီးမှာ သရဲက အချိန်ပြည့်ပူးကပ်နေကာ အသားဟင်းများ ချက်ကျွေးခိုင်းသည်။

မအိပ်ဘဲတစ်ညလုံးရယ်လိုက်၊ငိုလိုက်၊ခုန်ပေါက်လိုက်၊ အစတောင်းလိုက် ဖြစ်နေခြင်းကြောင့် အချိန်ပြည့်သရဲပူးနေကြောင်း သိကြသည်။

စုန်း၊ အောက်လမ်း၊ ရှာသူ ပြုစားထားသည်ဆိုပါက ဆရာကဝင်ပူးကပ်ခိုင်းမှ ဝင်လာလေ့ရှိသည်။

ယခု ဆရာဦးကြည်စိုးက လူနာမှာပူးကပ်နေသော သရဲအား အကျိုးအကြောင်း မေးလိုက်သည်နှင့် ခန္ဓာကိုယ်တစ်ခုလုံး တုန်ရီလာသည်။

"ကဲ..... ပြောစမ်း၊ ဘာ့ကြောင့် ပူးကပ်နေတာလဲ..."

"မကျေနပ်လို့ကွ"

"ဘာ့ကြောင့် မကျေနပ်တာလဲ...."


www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မ လွှန်ခဲ့တဲ့ငါးရက်လောက်က ငါနေတဲ့ သစ်ပင်ကို ခုတ်ပစ်တယ်၊ ဒါ့ကြောင့် ငါနေစရာမရှိတော့လို့ စိတ်ဆိုးပြီး သူ့ခန္ဓာကိုယ်မှာ စွဲကပ်နေတာ....."

"တကယ်လို့ နေရာသစ်တစ်ခု သတ်မှတ်ပေးရင် ပူးကပ်နေရာက ခွါပေးမှာလား"

"ခွါတော့ ခွါပေးမယ်"

"ဘာပြောချင်တာလဲ.....၊ ရှင်းအောင်ပြောပါ"

"ငါ့ကို အမဲသားဟင်းနဲ့ ထမင်းကျွေးရမယ်"

"အမဲသားငါးဆယ်သားနဲ့ ထမင်းကို မနက်ဖြန်ညချက်ကျွေးမယ်...."

"ငါးဆယ်သားမရဘူး၊ တစ်ပိဿာချက်ကျွေး..."

"ကောင်းပါပြီ...၊တစ်ကြိမ်ပဲကျွေးမယ်နော်တုတ်လား"

"ငါစားရရင် ကျေနပ်ပြီ၊ ငါဘယ်မှာနေရမှာလဲ...၊ အဲဒါပြောပါအုံး..."

အိမ်ရှင်ယောက်ျားက....

"သစ်ပင်ခုတ်တဲ့နေရာမှာ သစ်ပင်တစ်ပင်စိုက်ပေးရင်ရလား...."

"ရတယ်...၊ နှစ်ပေ၊ သုံးပေအမြင့်ရှိရင် နေလို့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဆရာဦးကြည်စိုးလည်း သရဲအားရှင်းထုတ်လိုက်သည်။

အိမ်သားများကို မှာစရာရှိတာမှာပြီး၊ ပြန်ရန်ပြင်တော့သည်။

အိမ်ရှင်မှ ကျေးဇူးတင်သဖြင့် ခြေကြွခ ငွေပေးပြီး ကန်တော့လိုက်သည်။

တကယ်ကော့ ထိုအမျိုးသမီးအား ပူးကပ်နေသည့် သရဲက ဆရာဦးကြည်စိုး လက်သပ်မွေးထားသော သရဲနှစ်ကောင်မှ တစ်ကောင်ဖြစ်သည်။

အမျိုးသမီးအား အချိန်ပြည့်ပူးကပ်ခိုင်းကာ မည်သို့လုပ်ရမည်၊ မည်သည့်စကားပြောရမည် သေချာစွာ သင်ပေးထားသည်။

ထိုသို့ သရဲများကို အလုပ်တစ်ခါဖြစ်တိုင်း တစ်ခါကျွေးမည်ဟု ကတိပေးထားသဖြင့် စားချင်၊ သောက်ချင်ကြသည့် ဝိညာဉ်၊ သရဲတို့လည်း ဆရာဦးကြည်စိုး ခိုင်းသည့်အတိုင်း လုပ်ဆောင်ပေးသည်။

ထိုသရဲနှစ်ကောင်ကို ဆရာဦးကြည်စိုးက ရွာအဝင် ကုက္ကိုပင်မှာ သွားထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတစ်ခု ဆောင်ရွက်ပြီးတိုင်း သရဲနှစ်ကောင်ကို အသားတစ်ပိဿာထမင်းနှင့် ရောချက်ပြီး မျှ၍ကျွေးခဲ့သည်။

အထူးခံစားခွင့်အနေနှင့် လူနာရှင်ကျွေးသောအစာကို တာဝန်ယူ လုပ်ဆောင်ပေးရသောသရဲက စားခွင့်ရှိသည်။

ထိုကဲ့သို့ ကတိများဖြင့် သရဲနှစ်ကောင်ကို နိုင်နင်းစွာ ကျွေးမွေးနိုင်းစေခဲ့သည်။

ထိုသရဲဝိညာဉ်များ၏ ကူညီစောင်မမှုနှင့် ဆရာကြည်စိုး တစ်ယောက် ဆင်ကူးရွာ၏ လေးဘက်လေးတန်၊ နီးစပ်ရာရွာ များမှာ တဟုန်ထိုးနာမည်ကြီးလာခဲ့သည်။

စေတနာဆရာမဟုတ်၊ အသပြာဆရာမှန်း အားလုံးသိ ကြသည်။

ကာယကံရှင်များက မိမိတို့မှာဖြစ်ပေါ်နေသော ပယော ဂနှင့် သက်ဆိုင်သောရောဂါများကို ပျောက်အောင်ကုသပေးနိုင် သဖြင့် ဆရာတောင်းသမျှ ကျေနပ်စွာပေးခဲ့သည်။

ယနေ့လည်း အစီအစဉ်တစ်ခုလုပ်နေသည်။

သရဲနှစ်ကောင်အား နေက်ကြီးနှင့် မွေးနီဆိုသော အ မည်များကို ပေးထားသည်။

နေက်ကြီးအမည်ကို ခေါ်လိုက်သည်နှင့် သွေ့အားခိုင်း



www.burmeseclassic.com

www.burmeseclassic.com



တော့မည်မှန်း သိသည်။

ယခု မွေးနီ၏တာဝန် ပြီးဆုံးပြီဖြစ်၍ နေက်ကြီးကို ခိုင်းရတော့မည်။

ဆရာဦးကြည်စိုး ရှာထိပ်ကုက္ကိုပင်ကြီးအောက်သို့ ရောက်နေသည်။

"ကဲ.. နေက်ကြီးရေ....၊ ဒီတစ်ခါမင်းအလှည့်ပဲ၊ မင်းအခု အချိန်ကစပြီးငါခိုင်းတာလုပ်ရမယ်၊ပေါက်တစ်ပင်ရွာကိုသွား..."

"ရွာလည်က လယ်ပိုင်ရှင် ဦးတုတ်၊ ဒေါ်အေးသာတို့ရဲ့ သမီးက ပေါက်တစ်ပင်ရွာအနီးမှာရှိတဲ့ သူတို့လယ်စပါးရိတ်နေတဲ့လူတွေကို အစာပြေသွားကျွေးလိမ့်မယ်...."

"မင်းက အဲဒီလယ်ကွင်းထဲရောက်အောင်သွား၊ မင်းသူ့ကို မြွေဟောက်အယောင်ဖန်ဆင်းပြီး ကိုက်ရမယ်...၊

မင်းက မြွေဟောက်ဖြစ်ပေမယ့် အဆိပ်မရှိတဲ့မြွေ....၊

ဟုတ်ပြီလား....၊ အဆိပ်မရှိတဲ့မြွေ အပေါက်ခံရပေမယ့် သူကြောက်လန့်ပြီး မြွေဆိပ်တက်သွားလိမ့်မယ်...."

"ကျန်တဲ့အပိုင်းကိုတော့ မျိုးဝင်းတာဝန်ဆက်ယူလိမ့်မယ်၊

ဒီပွဲအောင်မြင်ရင်.....၊ မင်းတို့ကို အစာကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွေးမယ်....”

“ကဲ....၊ မျိုးဝင်းက ပေါက်တစ်ပင်ရှာကို သွားနေပြီ၊ မင်းက သူ့ကို ရှာထိပ်မှာသွားစောင့်....၊

သူညွှန်ပြတဲ့ ဦးတုတ်ရဲ့သမီးကို မြွေဟောက်တစ်ကောင်လို ဖန်ဆင်းပြီးသွားပေါက်ပေတော့....”

“ကဲ.... သွား....”

ဆရာဦးကြည်စိုး စကားဆုံးသည်နှင့် ကုက္ကိုပင်အကိုင်းတစ်ကိုင်း လေမတိုက်ဘဲ လှုပ်ရှားသွားသည်။

နေက်ကြီးက ဦးကြည်စိုးခိုင်းသည့်အတိုင်း လုပ်ဆောင်ရန် သွားပြီဖြစ်ကြောင်း အချက်ပေးခြင်းဖြစ်သည်။

နေက်ကြီး သစ်ပင်ပေါ်မှ ဆင်းသွားပြီးသည်နှင့် ဆရာဦးကြည်စိုးလည်း ရွာထဲသို့ပြန်လာခဲ့သည်။

ဝိညာဉ်သရဲ နေက်ကြီးလည်း ဆရာမှာသည့်အတိုင်း မြွေတစ်ကောင်အဖြစ်ဖန်ဆင်းကာ ဦးတုတ်၊ ဒေါ်အေးသာတို့၏ သမီးအားသွား၍ကိုက်ပြီး မိမိနေထိုင်သည့်ကုက္ကိုပင်သို့ ပြန်လာခဲ့သည်။

မိန်းကလေးသည် မြွေဟောက်ကြီးတစ်ကောင် ကိုက်သွားသည့်အတွက် ကြောက်လန့်ပြီး လဲကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာသားတို့လည်း ပုခက်ဆင်ကာ ရွာသို့ပြန်သယ်လာခဲ့သည်။

ရွာအဝင်မှာ အခြေအနေကို စောင့်ကြည့်အကဲခတ်နေသော ကိုမျိုးဝင်းနှင့် တိုးတော့သည်။

"ဘာဖြစ်တာလဲဗျို့....."

"ပိုးထိလို့ ဆရာကြီး"

"အဲဒီပိုးကောင်ကို မိလိုက်လား.."

"မမိဘူး...၊ မြွေဟောက်ကြီးကို တကယ်မြင်လိုက်တယ်၊ လူကို ဂရုစိုက်နေလို့ မြွေကိုမဖမ်းလိုက်ရဘူး..."

"အိမ်ကို ပြန်သယ်မနေနဲ့....၊ ဆရာဦးကြည်စိုးဆီသွားပါလား၊ ဟိုရှေ့က ရွာမှာပဲ....."

"ဆင်ကူးရွာက ဆရာဦးကြည်စိုးလား.....၊ အဲဒီအထိသယ်သွားရင် အချိန်ကြာသွားမှာပေါ့"

"ဒါဆို ဒီပေါက်တစ်ပင်ရွာမှာ မြွေဆိပ်ပြေအောင် ကုနိုင်တဲ့ ဆရာရှိလား"

"မရှိဘူး..."

"မရှိရင် ဆရာဦးကြည်စိုးဆီသာသွား၊ မိန်းကလေးရဲ့ မိဘတွေကို အကြောင်းကြားခိုင်းပြီး လိုက်ခဲ့ပါစေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးဝင်း၏ ညွှန်ကြားမှုအောက်မှာ အားလုံးလိုက်လုပ်ဆောင်ကြတော့သည်။

မနက်ဆယ်နာရီခန့်မှာ မြွေကိုက်ခံလိုက်ရသော မိန်းကလေးသည် ဆရာဦးကြည်စိုး၏ မန်းမှုတ်ကုသမှုအောက်မှာ ရှင်းရှင်းပျောက်ပြီး ရွာသို့ ပြုံးရွှင်စွာပြန်လာနိုင်တော့သည်။

ဆရာဦးကြည်စိုးလည်း လယ်ပိုင်ရှင် ဦးတုတ်၊ ဒေါ်အေးသာတို့ထံမှ ကုသငွေ မြိုးမြိုးမြက်မြက်လေး ရရှိလိုက်တော့သည်။

ထိုကဲ့သို့ အခိုက်အတန့်များ အကွက်ဆင်ပြီး ရွာစဉ်တစ်လျှောက် ဆေးကုသစားလာခဲ့သည်။

❖ ❖ ❖

"ဆရာ....ဆရာ....ဆရာ....ရေ..."

"ဆရာဦးကြည်စိုး မရှိဘူးလား...."

တစ်ရက်၊ တပည့်ကိုမျိုးဝင်းတစ်ယောက် ရေးကြီးသုတ်ပျာနှင့် ဆရာဦးကြည်စိုးအိမ်သို့ ရောက်လာခဲ့သည်။

"ဟကောင်....၊ အိမ်ပေါ်မတက်ဘဲ အောက်ကသံကုန်ဟစ်နေတယ်....၊

ချွေးတွေသံတွေနဲ့....၊ ဘယ်ကလာခဲ့တာလဲ...."



www.burmeseclassic.com

www.burmeseclassic.com



"ပဒတ်ကုန်းရွာက ပြန်လာတာ"

"ဘယ်လိုလဲ၊ ကိစ္စထူးလား....."

"ဆရာစုံစမ်းခိုင်းထားတဲ့ ကိစ္စ၊ ကျွန်တော်နဲ့ တိုက်တိုက်ဆိုင်ဆိုင်သွားကြုံနေလို့ အခုအပြေးလာခဲ့တာ"

"ငါ မှာတာတွေကများတော့ ဘယ်ကိစ္စလည်းဆိုတာ ပြောပါအုံးကွာ..."

"အစိမ်းသေ-သေတဲ့ အသုဘနဲ့ကြုံရင် သေသေချာချာ မှတ်လာပြီး ငါ့ကိုသတိပေးလို့ ပြောထားတယ် မဟုတ်ဘူးလား....."

"အင်း...၊ ပြောထားတယ်လေ၊ ဘယ်လိုလဲ.....အခု၊ မင်းသတင်းရခဲ့ပြီလား"

"ဟုတ်တယ်၊ သတင်းရခဲ့တယ်....၊ ဒီနေ့ခင်းကပဲ အဲဒီမိန်းကလေးကို မြှုပ်လိုက်ပြီးပြီ"

"ဘယ်လိုဖြစ်ပြီး သေသွားတာလဲ...."

"မြွေကိုက်ခံရပြီး သေသွားတာတဲ့"

"ဟူး....၊ တော်ပါသေးရဲ့.....၊ ငါ့ဆီခေါ်လာရင် သောက်ရှက်ကွဲမှာ"

"ညဘက်ကြီးအကိုက်ခံလိုက်ရလို့ရောက်မလာတာ"



www.burmeseclassic.com

www.burmeseclassic.com



"အခု သုံးရက်ပြည့်လို့ သချိုင်းမှာမြေမြှုပ်လိုက်ပြီ...၊ သချိုင်းက မြေပုံကိုမှတ်ပြီး လာပြောတာ..."

"ကံသီလို့...ကံသီလို့....."

တိုက်မြွေမဟုတ်ဘဲ သဘာဝမြွေကိုက်ပါက လုံးဝမကု သနိုင်၊ ယခု သဘာဝမြွေအစစ်ကိုက်ပြီး သေသွားသောမိန်းက လေးသတင်းကို ကြားသဖြင့် ဆရာကြည်စိုး ဝမ်းသာသွားသည်။

သူက အစိမ်းသေ အမျိုးသမီးသရဲတစ်ကောင် မွေးထား ချင်နေသော်လည်း ယခုလက်ရှိကျွေးထား၊ မွေးထားသည်က သရဲ ထီးများ ဖြစ်သည်။

အမျိုးသမီးကိစ္စများတွင်သရဲမကိုဝင်ပူးကပ်စေပြီးလုပ် စားရန် အမြဲအကြံထုတ်နေခြင်း ဖြစ်သည်။

ယခု အမျိုးသမီးဝိညာဉ်အား အပိုင်ချုပ်ထိန်းရန်ကိစ္စ ပေါ်လာပြီဖြစ်သဖြင့် ဆရာနှင့်တပည့်တို့ ခေါင်းချင်းရိုက် စီစဉ်ကြ တော့သည်။

ပဒတ်ကုန်းရွာသို့ သွားလိုလျှင် ဆင်ကူးရွာက လှေနှင့် လည်း သွားလို့ရသလို တာလမ်းအတိုင်း ခြေလျင်ရော၊ လှည်း နှင့်ပါ သွား၍ရသည်။

ရွာထဲမဝင်ဘဲ ရွာပြင်သချိုင်းသို့ တန်း၍သွားမည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် လှေနှင့်သွားရန် ဆုံးဖြတ်ကြသည်။

ဆရာဦးကြည်စိုးလည်း ဆင်ကူးရွာမှ လှေပိုင်ရှင်သူ ဦးအေးထွန်းထံ ကိုမျိုးဝင်းအားလွှတ်၍ လှေကိုတစ်ညတာ အသုံးပြုရန် ငှားခိုင်းလိုက်သည်။

ညရှစ်နာရီခွဲသည်နှင့် ဆရာတပည့်နှစ်ယောက် ဓါတ်မီးတစ်လက်၊ ဆေးလွယ်အိတ်တစ်လုံး၊ လှေတစ်စင်းနှင့် ပဒတ်ကုန်းရွာဘက်သို့ လှော်ခတ်လာကြသည်။

ချောင်းကမ်းဘေးမှာပေါက်နေသောသစ်ပင်ကြီးများမှာ လေတိုက်လိုက်တိုင်း နာနာဘာဝကောင်များ ယိမ်းကနေသကဲ့သို့ လှုပ်ရှားနေသည်။

လှေလေးကတအိအိနှင့် ပဒတ်ကုန်းသင်္ချိုင်းဘက်သို့ ရွေ့လျားနေသည်၊ လှေနှင့် ပဒတ်ကုန်းသို့ တစ်နာရီနီးပါး လှော်ခတ်သွားရသည်။

ကိုးနာရီခန့်မှ ရောက်မည်ဟု မှန်းရသည်။

မကြာခင် ပဒတ်ကုန်းသင်္ချိုင်းကို လှမ်းမြင်နေရသည်။

မည်းမည်းတုတ်တုတ်ရှိနေသော သစ်ပင်များကို လှမ်းမြင်ရစဉ်မှာပဲ ပဒတ်ကုန်းရွာဘက်မှ ခွေးအူသံကြီးက ချောက်ချားဖွယ်ကောင်းအောင် ဆွဲဆွဲငင်ငင် အသံထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com


ဆရာတပည့်နှစ်ယောက် စကားတစ်ခွန်းမှမပြောဘဲ လှေကိုသာဂရုစိုက်ပြီး လှော်လာခဲ့သည်။

မကြာခင်မှာပင် သင်္ချိုင်းကို သဲသဲကွဲကွဲ မြင်လာရသည်၊ သစ်ပင်ကြီးများကြောင့် အောက်ခြေမှာ ပိုပြီးမှောင်နေပါသည်။

"မိန်းကလေးကို မြှုပ်ထားတဲ့မြေပုံက ချောင်းနဲ့တော်တော်ဝေးလား...."

"သိပ်မဝေးဘူး၊ ပဒတ်ကုန်းရွာကနေ သင်္ချိုင်းဘက်ထွက်တဲ့လမ်းရဲ့ ညာဘက်မှာ၊ သင်္ချိုင်းအဝင်နားဘက်မှာပဲ ဒီကနေသွားရင် သိပ်မဝေးပါဘူး....."

မျိုးဝင်းက မြေပုံရှိသည့်ဘက်သို့ လက်ညှိုးညွှန်ပြလိုက်သည်။

ခဏနေတော့ သင်္ချိုင်းဘေးသို့ ရောက်လာသည်။

ထို့နောက် လှေပေါ်မှဆင်းကာ ကြိုးချည်ပြီး၊ သင်္ချိုင်းဘက်သို့ ထွက်လာသည်။

မျိုးဝင်းက ဓါတ်မီးတစ်လက်နှင့် လမ်းပြသည့်အနေဖြင့် ရှေ့ကသွားသည်။

"ဝူး....ဝူး.....အူး....အူး....ဝူ....."

ခွေးအူသံကြီးကသင်္ချိုင်းမြေကိုခြေချမှဘယ်ကဘယ်လို


www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသည်မသိ၊

ချောက်ချားဖွယ်ကောင်းသည့် အသံကြီးပေါ်လာတော့သည်။

သချိုင်းအတွင်းရှိ သစ်ပင်များတွင် ကုက္ကိုပင်ကြီးများပေါများစွာ ပေါက်ရောက်နေခြင်းကြောင့် လရောင်ကင်းမဲ့သောညအခါ၊ အမှောင်ထုက ပိုပြီးကျဆင်းနေသည်။

သစ်ပင်ကြီးများ၏အရိပ်ကြောင့်လည်းအောက်ခြေမှာရှိသောမြေပုံများ၊ အုတ်ဂူများကို သဲသဲကွဲကွဲ မမြင်ရ၊

"ဘယ်နားမှာလဲ....၊ ဝေးသေးလား...."

"မဝေးတော့ဘူး ရှေ့နားတင်၊ သချိုင်းအတွင်းမရောက်ဘူး....၊ အစပ်မှာပဲ မြှုပ်ထားတယ်"

"ကဲ မြန်မြန်လေးသွားကြရအောင်..."

"မြေကြီးကို တူးဖို့လိုသေးလား"

"မလိုပါဘူး....၊ ခါတိုင်းလိုပဲ....၊ ဝိညာဉ်ကိုချုပ်ပြီးခေါ်သွားမှာ၊ ဒါ့ကြောင့် ပေါက်တူးမယူခဲ့တာ"

မျိုးဝင်းက မြေပုံတစ်ခုကို ဓါတ်မီးနှင့်လှမ်းထိုးပြလိုက်သည်။

"ဒီမြေပုံပဲ"



www.burmeseclassic.com

www.burmeseclassic.com


သစ်သားဆိုင်းဘုတ်မှာ "အေးအေးညွန့်၊ အသက် (၂၀)" ဟု ပြီးစလွယ်ရေးထားသည်။

"ကဲ...၊ လုပ်ငန်းစလိုက်ရအောင်"

မျိုးဝင်းကို နောက်သို့ဝါးတစ်ပြန် ဆုတ်ခိုင်းလိုက်ပြီး ဆရာဦးကြည်စိုးက မြေပုံတစ်ဝိုက် မန်းမှုတ်ရွတ်ဖတ်ပြီး စည်းချလိုက်သည်။

ပါးစပ်မှနေ၍ ဝိညာဉ်ချုပ်သည့်ဂါထာကို ရွတ်ရင်းအမိန့်ပြန်နေသည်။

"ဒီကလေးမရဲ့ဝိညာဉ်ကိုဟန့်တားခြင်း၊ ထိန်းချုပ်ထားခြင်း၊ လှည့်ဖြားနှောင့်ယှက်ခြင်း မရှိစေရ၊

ယခု သေသူ အေးအေးညွန့်ရဲ့ဝိညာဉ် ရောက်ရာအရပ်က ကျုပ်ထံအရောက်လာရမည်..."

ပါးစပ်ကနေပြီး အောက်လမ်းဂါထာအချို့ ရွတ်ဆိုပြီး ဝိညာဉ်ကို ထိန်းချုပ်ခေါ်ယူနေသည်။

"ကဲ....၊ အခုအချိန်ကစပြီး အေးအေးညွန့်ရဲ့ဝိညာဉ်က ငါနဲ့အတူ လိုက်ခဲ့ရမည်၊ ငါခိုင်းတဲ့အတိုင်း လုပ်ကိုင်ပေးရမည်၊

အလုပ်ပြီးရင် စားဖို့သောက်ဖို့ ငါတာဝန်ယူတယ်...၊ အခု...ဝိညာဉ်...အနီးရောက်တဲ့ အရိပ်အယောင်ပြစမ်း"


www.burmeseclassic.com

www.burmeseclassic.com


ဆရာဦးကြည်စိုး၏ စကားဆုံးသည်နှင့်......၊

အေးအေးညွန့်ကို မြှုပ်ထားသောမြေပုံက မြေစာစိုင်၊ မြေစာခဲများ တဖြည်းဖြည်းပွထလာသလို၊ မြေပုံထဲမှ အလောင်းကောင်ကြီး ရုတ်တရက်ထလာသည်။

လက်ကြီးနှစ်ဖက်ကလည်း ဆရာဦးကြည်စိုး၏ လည်ပင်းကို အမိအရဖမ်းဆုပ် ကိုင်ထားသည်။

"အား...အား...လွှတ်...လွှတ်...."

"ဟား.....ဟား....ဟား..."

မြေပုံထဲမှ အေးအေးညွန့် အလောင်းကောင်ကြီးက ဆရာဦးကြည်စိုး၏ လည်ပင်းကို အားပါးတရဖမ်းဆုပ်ရင်း တဖြည်းဖြည်း ထလာနေသည်။

"ဟား.....ဟား....ဟား..."

"ငါ့သင်္ချိုင်းထဲလာပြီး နင်လိုကောင်က ဝိညာဉ်တွေခေါ်ပြီး ခိုင်းစားမယ်ပေါ့ ဟုတ်လား....၊

နင့်ရဲ့ မကောင်းတဲ့စိတ်နဲ့ အနီးနားရွာကလူတွေ စိတ်ဆင်းရဲနေကြရပြီ၊

သူများဒုက္ခရောက်မှ နင်ကစားဝင်၊ အိပ်ပျော်တယ်ပေါ့....၊


www.burmeseclassic.com

www.burmeseclassic.com


နင်ခေါ်ထားတဲ့ နက်ကြီးနဲ့ မွေးနီကို ငါပြန်ခေါ်တော့မယ်၊ ကြာရင် နင့်ကိုပါသတ်ပြီး တစ်ရွာလုံးကို ဒုက္ခပေးတော့မယ်"

"လွှတ်.... လွှတ်ပေးပါ၊ နောက်ကို ဘယ်သရဲမှ မမွေးတော့ပါဘူး"

"ဟား...ဟား...ဟား...၊ မင်းကငါ့ကို ဘယ်သူလို့ထင်လဲ..."

"မ...မ...သိ...ပါဘူး..."

"ငါ... သချိုင်းအရှင်မ မဖဲဝါပဲ....၊ ငါ့အပိုင်၊ ငါ့နေရာကနေ လူဆိုးလူမိုက်ကို ပြန်လွှတ်လိုက်ရင် ရွာနာတော့မှာပေါ့...."

"ဒီတော့...."

လည်ပင်းကို ဆွဲကိုင်ထားသော လက်နှစ်ဖက်ကို ဆွဲလှည့်လိုက်သည်။

"ဂျွတ်"

ဆရာဦးကြည်စိုးလည်ပင်း ခေါက်ခနဲကျိုးကာ အသက်ထွက်သွားခဲ့ရသည်။

သူနိုင်းစေလိုသောဝိညာဉ်သရဲမကိုနိုင်းစားခွင့်မရတော့


www.burmeseclassic.com

www.burmeseclassic.com


ဘဲ သူကိုယ်တိုင် ဝိညာဉ်သရဲဘဝသို့ ကူးပြောင်း ရောက်ရှိသွား တော့သည်။

ခပ်လှမ်းလှမ်းမှ အခြေအနေကို စောင့်ကြည့်နေသော ကိုမျိုးဝင်းတစ်ယောက်လည်း သရဲမ မဖဲဝါကိုမမြင်ရဘဲ...၊

သူ့ဆရာ ဦးကြည်စိုး မြေပုံအထက်မှာ ကော့လန်ကာ ရုန်းကန်နေသည်ကို တွေ့လိုက်သဖြင့် အခြေအနေကို ရိပ်စားမိ၍ နောက်ကြောင်းသို့ ပြန်ပြေးထွက်ခဲ့တော့သည်။

သရဲမွေးပြီး ပဒတ်ကုန်း၊ မန်ကျည်းတော၊ ပေါက်တစ် ပင်၊ အောင်းကြီး၊ နှင်းဝိ၊ စည်ပင်ရွာများရှိ ရွာသူရွာသားတို့အား...၊

ခြောက်လန့်နှောင့်ယှက်ပြီး စီးပွားရှာခဲ့သော ဆရာ ကြည်စိုးတစ်ယောက် မဖဲဝါ၏လက်ချက်နှင့် အသက်ထွက်သွား ရတော့သည်။ ။

❖ ❖ ❖ ❖ ❖

စိုးဟာပေ

www.burmeseclassic.com

www.burmeseclassic.com

# လမ်းလျှောက်လာသော
# အဆောင်တစ်ဆောင်

ကွင်းပြင်တစ်လျှောက် တိုက်ခတ်လာသောလေက ထိန်တောရှာသချိုင်းအတွင်း ပေါက်ရောက်နေသော သစ်ပင်ကြီးများတို့ တရှဲရှဲ တဝေါဝေါနှင့် မြည်သံထွက်အောင်ပင် တိုက်ခတ်နေပါသည်။

သစ်ကိုင်းများတစ်ကိုင်းနှင့်တစ်ကိုင်းပွတ်တိုက်သံတွေကြောင့် မကောင်းဆိုးဝါးကောင်ကြီးများ ဟစ်အော် ညည်းညူနေသကဲ့သို့ အသံမျိုးစုံထွက်နေသည်။

သချိုင်းအတွင်း အပင်အိုကြီးများမှာ တွဲခိုကျနေသည့် နွယ်လက်တံကြီးများကလည်း လေနှင်ရာ ဝှေ့ရမ်း၊ လွဲခါနေသည်။

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com


သချိုင်းအတွင်းရှိ ဇရပ်အဟောင်းကြီးမှာ မိုးထားသည့် သွပ်ပြားများက ဟောင်းနွမ်းနေရုံမက သံချက်များကျွတ်ကာ လေတိုက်လိုက်တိုင်း သွပ်ပြားအချပ်ချင်း ရိုက်ခတ်သံက ဆူညံနေလေတော့သည်။

သချိုင်းနှင့် သိပ်မဝေးလှသော ရွာအတွင်းမှ ဆွဲဆွဲငင်ငင် အူလိုက်သည့် ခွေးအူသံကြီးများက ညဦးယံကို သက်ဝင်လှုပ်ရှားသည့်နှယ် ဆူညံနေပါတော့သည်။

"အူး...ဝူး...ဝူး...အူး...ဝူး...."

ထိန်တောရွာ သချိုင်းက အမှောင်ထုအောက်မှာ သစ်ပင်၊ သစ်ခက်တို့ လှုပ်ရှားသည်မှလွဲ၍ ငြိမ်သက်လျက်ရှိသည်။

လူနေရပ်ကွက်နှင့် ကိုက်သုံးရာခန့်မျှသာ ဝေးသော သချိုင်းအတွင်းမှ နားစွင့်ကြည့်ပါက ရွာစပ်မှလူသံသူသံတို့ကိုပင် လေအဝေ့မှာ ကြားနိုင်သည်။

ယခင်ကဆိုလျှင် ရွာနှင့်သချိုင်းက မိုင်ဝက်နီးပါးကွာဝေးသည်။

နောက်ပိုင်း (၁၀) နှစ်ခန့်အတွင်း ရွာပြင်အစပ်နှင့် သချိုင်းအကြား မြေကွက်လပ်ကို တိုးချဲ့ယူကာ အချို့ကလူနေအိမ်ဆောက်သည်၊ အချို့ကခြံခတ်ပြီး စိုက်ပျိုးစားသည်။


www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ယခုအခါ ရွာနှင့်သင်္ချိုင်းက နီးသထက်နီးလာပြီး ကိုက်သုံးရာခန့်မျှသာ ဝေးတော့သည်။

အချိန်ကတော့ ညဆယ့်နှစ်နာရီကျော် ရှိပြီ၊ လူရွယ်ငါးယောက်တို့ သင်္ချိုင်းအတွင်းမှာ မြေကျင်းနှစ်ကျင်းတူးနေကြသည်။

တစ်ကျင်းကတော့ မိန်းကလေးတစ်ယောက်အတွက်၊ ကျန်တစ်ကျင်းက ယောကျ်ားလေးတစ်ယောက်အတွက်။

ပေါက်တူးသုံးလက်နှင့်ခပ်သွက်သွက် တူးနေကြသည်။

❖ ❖ ❖

ထိန်တောရွာက အိမ်ခြေငါးရာနီးပါးရှိသော ရွာကြီးတစ်ရွာဖြစ်သည်။

ထိန်တောသင်္ချိုင်းကို ကျောပေးထားသော ရွာအစွန်ရပ်ကွက်က အိမ်တစ်အိမ်မှာ နာရေးကိစ္စဖြစ်နေသည်။

အိမ်ခေါင်းရင်းမှာ ပေါက်နေသောသစ်ပင်ကို တက်ခုတ်စဉ် သစ်ပင်ပေါ်မှပြုတ်ကျကာ ခုတ်ချထားသော သစ်ကိုင်းမှ အပေါ်ကို ထောင်နေသောအပိုင်းငုတ်တစ်ခုက ဗိုက်ကိုဖောက်ဝင်သွားသဖြင့် နေရာမှာပင် ပွဲချင်းပြီးသေဆုံးသွားခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အသုဘနှစ်ရက်မြောက်နေ့ ဖြစ်သည်။

အသုဘမှာ ဖဲဝိုင်းနှစ်ဝိုင်းက လူစည်ကားနေသည်၊ ရွာစဉ်လှည့်ပြီး ဖဲရိုက်စားနေသော နာမည်ကြီးဖဲသမားများ ရောက်လာသဖြင့် ဖဲဝိုင်းစည်ကားနေသည်။

အလောင်းအစားငွေကလည်း များလှသည်။

တင်မြင့်၊ အောင်ဝင်း၊ လှဖေတို့ သုံးယောက်က အသုဘအိမ်ခြေရင်းဘက်ရှိ ကွပ်ပျစ်ပေါ်မှာထိုင်ကာ တောအရက်နှင့် ဝိုင်းဖွဲ့လေကန်နေကြသည်။

သေသူအေးကျော်နှင့် ငယ်စဉ်ကတည်းက လည်ပင်းဖက်ပေါင်းသင်းခဲ့သော သူငယ်ချင်းများလည်း ဖြစ်သည်။

သူတို့အားလုံး အသက်နှစ်ဆယ်ဝန်းကျင်သာ ရှိကြသေးသည်၊ တစ်ယောက်မှ အိမ်ထောင်မရှိသေး။

"လှစိန် ရောက်မလာသေးဘူးလား"

"ဒိုကောင် သူ့ရည်းစားအိမ်ဘက် သွားနေတယ်၊ သိန်းအောင် အဖော်လိုက်သွားတာပဲ...."

"ဟာ...၊ ဒီကောင်လှစိန် အခုထက်ထိ စိတ်မကုန်၊ လက်မလျှော့နိုင်ဘူး ဖြစ်နေတယ်"

"ဟုတ်တယ်လေကွာ....၊ရွာမှာအေးစိန်မယက်ခဲ့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေ အများကြီးပါ၊ အေးစိန်မက လှစိန်ကို လုံးဝ ကြည့်လို့ရတာ မဟုတ်ဘူး”

“အခု အေးစိန်မက ရှာလယ်ကကျော်စိုးနဲ့ ကြိုက်နေ တယ်လို့ ပြောတယ်”

“ဒီကောင့်ရန်ကိုကြောက်ပြီး ကျော်စိုးကို အမြေပေး လိုက်တာလို့ ငါကြားတယ်....”

“ကျော်စိုးနဲ့ အေးစိန်မ ကြိုက်နေတာသိနေလို့ ငါက မလိုက်ဖို့ တားနေတာ၊ သိန်းအောင်ဆိုတဲ့ကောင်က ဒီကောင့်ကို မြှောက်ပေးတယ်”

“အေးစိန်မ လင်မရသေးသရွေ့ ဘယ်အချိန်ပဲဖြစ်ဖြစ် ကြိုက်ခွင့်ရှိတယ်၊ မင်းကိုစိတ်ပြန်လည်လာအောင် နည်းမျိုးစုံသုံး ပြီး ဇွဲကောင်းကောင်းနဲ့လိုက်လို့လည်း မြှောက်ပေးသေးတယ်”

“ဖူးစာပါရင်တော့ ဆုံရမှာပေါ့ကွာ”

“ဟော့ကောင်အောင်ဝင်း...၊ အရက်တွေအရမ်းငှဲ့မနေနဲ့၊ ထိန်းပြီးသောက်၊ တို့ဝယ်ထားတာ သုံးပုလင်းထဲ....၊

လှစိန်နဲ့ သိန်းအောင်တို့ကို စောင့်ပြီးသောက်ကြ”

“ဒီနှစ်ကောင်အတွက် အရက်တစ်ပုလင်း ချန်ထား လိုက်ကွာ၊ ငါတော့ သူတို့ကိုစောင့်ပြီး မသောက်နိုင်ဘူး၊ ဖွန်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်သွားတာ၊ ဘယ်အချိန်မှာမှ ပြန်လာမယ်မှန်းမသိဘူး"

"တို့ သုံးယောက်က တစ်ပုလင်းဖြတ်လိုက်ကြတာပေါ့။ အမြည်းကလည်း ပဲကြီးလှော်တစ်မျိုးတည်းလားကွ"

"ဟုတ်တယ်...၊ အာခြောက်တယ်ကွာ၊ မီးဖိုထဲမှာ ဟင်းကျန်လေး ဘာလေး မရနိုင်ဘူးလား တင်မြင့်"

"ငါ အကုန်လှန်လှောကြည့်ပြီးပြီ၊ ဘာမှ မကျန်တော့ဘူး"

"လှဖေ ဖလားထဲမှာသောက်ရေမရှိတော့ဘူး၊ သွားခပ်အုံးကွာ...."

"အရက်မသောက်ဘဲ၊ ရေတွေပဲသောက်နေလား မသိဘူး၊ အရက်တစ်ပုလင်းမကုန်သေးဘူး၊ ရေတစ်ဖလား ကုန်ပြီ....."

"သွားမှာ သွားတာမဟုတ်ဘူး၊ လေကြောရှည်နေပြန်ပြီ"

"ငါ အပေါ့သွားပြီးမှ သောက်ရေသွားခပ်ပေးမယ်"

"ဟေ့ကောင်.... ဖလားထဲတော့ ပေါက်မထည့်ခဲ့နဲ့...."

"ဖွီ....၊ သောက်ကောင် ညစ်ပတ်လိုက်တာ"

လှဖေက အပေါ့သွားရန် ခြံနောက်သို့ ထွက်သွားသည်၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့ထိုင်နေသောနေရာမှ ခြနောက်ဘက်သိပ်မဝေး၊ ပေသုံး ဆယ်ခန့်သာ ဝေးသည်။

လှဖေထိုင်ပြီး အပေါ့သွားနေသည်ကို လှမ်းမြင်နေရသည်။

လှဖေက အပေါ့ထိုင်သွားနေရင်း သူ့ရှေ့သို့ကြည့်လိုက်မိသည်။

ပုဆိုးကွက်စိတ်နှင့် စပို့ရှပ်အဝါရောင် ဝတ်ထားသော လူတစ်ယောက်ရပ်နေသည်ကို လှဖေ တွေ့လိုက်သည်။

တစ်ဖက်ခြံက လူတစ်ယောက် အေးကျော်တို့ခြံထဲသို့ ဝင်လာရန် ခြံစည်းရိုးနားသို့ကပ်လာသည်ဟု ထင်လိုက်၍ အသေအချာစိုက်ကြည့်လိုက်စဉ်....

"ဟင်...."

သူမြင်လိုက်သည်က အေးကျော်၊

သစ်ပင်ပေါ်ကကျစဉ် ဝတ်ထားသော အဝတ်ဒ စားများ ဖြစ်ကြောင်း လှဖေသိလိုက်သည့် နောက်မှာတော့.....၊

"အမလေးဗျ....သရဲ...."

အပေါ့ထိုင်သွားနေသော လှဖေ၊ ဖလားခွက်ပစ်ချကာ ထင်ကျော်တို့ထိုင်နေသော ကွပ်ပျစ်ပေါ်သို့ ခုန်ပေါက်သွားပြီးပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။

"ဘာဖြစ်တာလဲ လှဖေ"

"သရဲ...သရဲ...ဟို...အေးကျော်...၊ ငါအပေါ့သွားတဲ့ ရှေ့တည့်တည့်မှာ ရပ်နေတယ်"

"မဟုတ်က ဟုတ်က၊ အရက်မူးပြီး လျှောက်ပြောနေတယ်"

"သုံးယောက်သောက်လို့ တစ်ပုလင်းတောင်မှ မကုန်သေးတာ၊ မူးမလားကွ"

"ဒီကောင် ငါ့ရှေ့မှာရပ်နေတာ၊ သူသစ်ပင်ပေါ်က ကျစဉ်က ဝတ်ထားတဲ့စပို့ရှပ်အဝါ ဝတ်ထားတယ်၊ သေသေချာချာကြီး ကို မြင်လိုက်တာ...."

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ ငါတို့သူငယ်ချင်း အချင်း ချင်းပဲ.....၊

စားအတူ၊ လာအတူ၊ သွားအတူ မဟုတ်လား။ သူလည်း အရက်သောက်ချင်လို့ ဖြစ်မှာပေါ့...."

"သွားကွာ... မင်းကဆရာကြီး၊ မင်းပဲ ရေသွားခပ်လိုက် တော့...."

လှဖေက တင်မြင့်ကို ရေခပ်ရန် တာဝန်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဖလားကိုတော့ လမ်းမှာပစ်ချခဲ့ပြီး ငါ့ကို အလုပ်ရှုပ်အောင် လုပ်တယ်...."

"သွားပါကွာ....၊ ဟိုမှာ ဖလားကိုမြင်နေရတယ်"

အောင်ဝင်းက ထိုင်နေရာမှထပြီး

"ငါ သွားခပ်ပေးမယ်"

အေးကျော်၏အလောင်းကို အိမ်ရှေ့ထုတ်ပြီး အလောင်းစင် ပြင်ထားသည်။

လှဖေက သေသူအေးကျော်ကို မြင်လိုက်သည်ဆိုပြီး ကျောမလုံ၊ နောက်သို့ တကြည့်ကြည့်ဖြစ်နေသည်။

အချိန်က ည ဆယ့်တစ်နာရီ ကျော်ပြီ၊ အသုဘအိမ်မှာ ဖဲဝိုင်းနှစ်ဝိုင်းနှင့် ဘေးမှရပ်ကြည့်နေသည့် လူလေးငါးယောက်မျှသာ ရှိတော့သည်။

သူတို့ အုပ်စုက ဖဲဝိုင်းရှိရှိ၊ မရှိရှိ အသုဘအိမ်မှာ ရက်လည်သည်အထိ နေပေးရမည့်တာဝန်ရှိသည် မဟုတ်ပေါလား၊

ငယ်ငယ်ကတည်းက ဆိုးဖော် ဆိုးဖက်၊ ကစားဖော် ကစားဖက်၊ သူငယ်ချင်း အရင်းအချာများ ဖြစ်သည်။

အေးကျော် သစ်ပင်တကက်ခုတ်စဉ်က သစ်ပင်အောက်မှာ အောင်ဝင်း ရှိနေသူည်၊ ခုတ်ပြီး သစ်ကိုင်းများ ဆွဲထုတ်ပေးနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အေးကျော်က သစ်ပင်ကို လှဲခြင်းမဟုတ်၊ အိမ်ပေါ်နှင့် ပန်းပင်များပေါ် အုပ်မိုးနေသော အကိုင်းသုံးကိုင်းမျှ ခုတ်ရှင်းပစ် ခြင်းသာ ဖြစ်သည်။

တတိယမြောက်၊ နောက်ဆုံးအကိုင်းကိုခုတ်စဉ် ဖက် ကိုင်ထားသောလက် ချော်ပြီး ပြုတ်ကျခြင်းဖြစ်သည်။

အောင်ဝင်း၏လက်ထဲမှာပင် အေးကျော် အသက်ထွက် သွားခြင်း ဖြစ်သည်။

အားချင်း အခေါင်းစပ်ကာ၊ အခေါင်းသွင်းပြီး အိမ်ရှေ့မှာ ပြန်ဆင်ထားလိုက်သည်။

အစိမ်းသေဖြစ်သဖြင့် အားလုံးက ခြောက်လှန့်မည် ထင်ထားကြသော်လည်း ပထမတစ်ည ကျော်သွားသည်၊ ခြောက်လှန့်မှု မရှိခဲ့။

ယခု ဒုတိယမြောက်ညမှာ လှဖေ တစ်ယောက်ကို ကိုယ် ထင်ပြပြီး ခြောက်လှန့်သည်ဟု ဆိုသည်။

အောင်ဝင်းတို့ အရက်ဝိုင်းက တဖြည်းဖြည်းချင်း သောက်ကြသော်လည်း ညဆယ့်နှစ်နာရီခန့်ရှိတော့ အရက်နှစ် ပုလင်း ကုန်သွားပြီ၊



www.burmeseclassic.com

www.burmeseclassic.com



တင်မြင့်က တတိယမြောက်ပုလင်းကိုသောက်ရန် ပြင်နေသည်။

"လှစိန်တို့လည်း လာသင့်နေပြီ၊ ဒီကောင်တွေ ဘာဖြစ်နေလဲမသိဘူး၊ သူတို့အတွက် ချန်ထားတဲ့ပုလင်း ယူလိုက်ကွာ....."

"မင်း.... မဝသေးဘူးလား"

"အရှိန်မတက်သေးဘူး၊ လိုသေးတယ်... သောက်အုံးမယ်...."

ထိုစဉ်မှာပဲ သူတို့ထိုင်နေရာသို့ သိန်းအောင်နဲ့ လှစိန်တို့ ရေးကြီးသုတ်ပျာ ရောက်လာကြသည်။

နှစ်ယောက်လုံး မျက်နှာကောင်းပုံမရ၊

"ဟေ့ကောင်တွေ....၊ ဘာဖြစ်လာတာလဲ...."

"ငါ...ငါတို့...."

လှစိန်က စကားကို မဆက်သေးဘဲ၊ စကားထစ်နေကြသည်။

"ငါ... ငါတို့.... လက်လွန်သွားပြီကွာ...."

"ဟာ.... ဘာဖြစ်တာလဲ... သိန်းအောင်.... လှစိန် မင်းတို့ ဘာဖြစ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လာကွာ.. အပြင်ကိုသွားကြမယ်၊ အပြင်ရောက်မှ ပြောကြမယ်....."

"ဒီမှာပဲ ပြောပါကွာ"

"မဖြစ်ဘူး... လာကွာ"

တင်မြင့်တို့လည်း ဗိုက်ထဲ အရက်အနည်းငယ် ရောက်နေသဖြင့် စိတ်က တက်ကြွနေသည်။

"လာကွာ.....၊ ခြံပြင်ထွက်ကြမယ်"

သူတို့ငါးယောက် ခြံပြင်သို့ထွက်ခဲ့ကြသည်။

လှဖေက အရက်မူးနေပေမယ့် အေးကျော်၏အလောင်း ပြင်ထားရာအနီးမှာ ရပ်နေကြသဖြင့် နောက်ကျောမလုံဘဲ လှည့်ကြည့်လှည့်ကြည့် ဖြစ်နေသည်။

"မင်းတို့ စကားပြောတာကလည်း အလောင်းစင်ကြီး နားမှာ...."

"မင်းကြောက်ရင် ဒီဘက်လာ၊ ကဲ...လှစိန် ဘာဖြစ်လာလဲ ပြောစမ်းပါ...."

"ငါ...ငါနဲ့ သိန်းအောင်၊ အေးစိန်မနဲ့ သူ့ရည်းစားကို သတ်ခဲ့မိတယ်...."

"ဘာ....ဘာ...ပြောတယ်..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"အေးစိန်မကိုတွေ့ချင်လို့ သူခြံထဲဝင်ပြီး သွားချောင်းနေတာ၊ အဲဒီအချိန် တိုက်ဆိုင်စွာ အေးစိန်မက ခြံထဲဆင်းလာတယ်.....၊

ငါက ဝမ်းသာသွားတာပေါ့၊ ငါလာတာသိလို့ အေးစိန်မဆင်းလာတာပဲဆိုပြီး သူ့အနားသွားတာ၊

အေးစိန်မက ထအော်တယ်၊ သူက သူ့ရည်းစားနဲ့ချိန်းထားလို့ ဆင်းလာတာ၊

သူထအော်တဲ့အချိန် သူ့ရည်းစားကလည်း ဝင်လာတဲ့အချိန်သွားတိုးပြီး ထိုးကြိတ်ကြနဲ့ အခြေအနေက ဆိုးလာတယ်။

ဒါနဲ့ပဲ ငါ့ရဲ့နာကြည်းစိတ်ကြောင့် ဖွက်လာတဲ့ဓါးမြှောင်နဲ့ ကျော်စိုးကို ထိုးပစ်လိုက်တယ်၊ ကျော်စိုးလဲသွားတာ မြင်တာနဲ့ အေးစိန်မက ထအော်ပါရော....၊

ငါလည်း အသိမကပ်တော့ဘူး....၊

အေးစိန်မပါးစပ်ကို အတင်းဆွဲပိတ်ပြီး ရပ်နေရာက လဲကျသွားတဲ့အထိ တစ်ချက်ပြီးတစ်ချက် ထိုးနေမိတယ်...၊

အသိဝင်လာတဲ့အချိန်မှာ ငါလူနှစ်ယောက်ကို သတ်မိပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သိလိုက်တယ်"

"အဲဒီ အလောင်းနှစ်လောင်းက ဘယ်မှာလဲ"

"အေးစိန်မတို့ ခြံအနောက်ဘက်ထောင့်မှာ...."

"အဲဒီ အလောင်းနှစ်လောင်းကို သချိုင်းထဲသွားပြီး မြှုပ်လိုက်မှ ဖြစ်မယ်"

"သွားမြှုပ်တာတော့ ဟုတ်ပါပြီ၊ ဘယ်လို သယ်သွားကြမလဲ....."

"ငါအကြံရပြီ...၊ အလောင်းနှစ်လောင်းကို လှည်းနဲ့ သယ်လို့တော့ မဖြစ်ဘူး၊ အလောင်းတစ်လောင်းကို နှစ်ယောက်ဆီ တွဲခေါ်သွားကြမယ်"

"ဒဏ်ရာက သွေးတွေထွက်နေတာဆိုတော့ တစ်လမ်းလုံးသွေးတွေ ကျနေမှာ၊ လူတွေမြင်ပြီး သိကုန်မှာ..."

"လူတွေတောင် သေကုန်မှတော့ သွေးလည်းတိတ်လောက်ပါပြီ၊ လာကွာ အချိန်မနည်းတော့ဘူး၊ ဒီအချိန်ရှင်းနိုင်မှ...."

"မင်းကွာ...၊ မိန်းမတစ်ယောက်အတွက်နဲ့များ ဘဝအပျက်ခံလို့"

"ငါမှားသွားပါတယ်...၊ ငါ့ကို ပစ်မထားကြပါနဲ့..."



www.burmeseclassic.com

www.burmeseclassic.com



"ပစ်မထားပါဘူး....၊ ငါတို့သူငယ်ချင်းကိစ္စ၊ ငါတို့လည်း တာဝန်ရှိတယ်၊ ငါတို့ ဝိုင်းရှင်းပေးမယ်...."

အေးစိန်မတို့ခြံက ထောင့်ခြံဖြစ်သဖြင့် ခြံဘေးကပ်လျက်မှာ ရွာပြင်ထွက်သော လှည်းလမ်းရှိသည်။

ထိုလှည်းလမ်းအတိုင်းသွားပါက သချိုင်းသို့ တည့်တည့်မတ်မတ် ရောက်သည်။

သူတို့ငါးယောက် အေးစိန်မတို့ခြံနောက်သို့ ရောက်လာသည်။

လဆန်းငါးရက်ဖြစ်သဖြင့် လက စောစောကတည်းက ဝင်သွားပြီ၊ လရောင်မရှိတော့သဖြင့် အရာရာတိုင်း မှောင်နဲ့မည်းမည်း ဖြစ်နေသည်။

သူတို့အတွက် အခြေအနေကောင်းနေသည်။

မြေကျင်းတူးရန် ပေါက်တူးနှစ်ချောင်းလိုသည်။

"သိန်းအောင် မင်းတို့အိမ်က ပေါက်တူးနှစ်ချောင်း သွားယူခဲ့ကွာ"

"ပေါက်တူးတွေ ဘယ်နားထားမှန်း မသိဘူး"

"မင်းအိမ်နဲ့ အေးစိန်မတို့ အိမ်နီးလို့သွားခိုင်းတာ"

"နီးတာတော့ ဟုတ်တာပေါ့၊ ပေါက်တူးတွေ ဘယ်နား



www.burmeseclassic.com

www.burmeseclassic.com



ထားလဲဆိုတာ မသိတာ”

“ဒါဆိုလည်း ငါပဲသွားယူလိုက်မယ်၊ မင်းတို့ရှိတာ လူမသိစေနဲ့”

“ငါတို့ ပုန်းနေမယ်၊ မင်းလာတဲ့အထိ စောင့်မယ်...”

တင်မြင့်က ထိုနေရာမှ ထွက်သွားသည်၊ ဆယ်မိနစ်ခန့် ကြာတော့ ပေါက်တူးသုံးလက်ထမ်းပြီး တင်မြင့် ပြန်ရောက်လာသည်။

ပုန်းအောင်းနေကြသော လှစိန်တို့ တင်မြင့်ရှိရာ ထွက်လာကြသည်။

“စုပြုံပြီးသွားရင်ခွေးတစီစီဖြစ်နေမယ်၊နှစ်ယောက်ကို တစ်လောင်း တွဲခေါ်သွားကြ”

သို့ဖြင့် အလောင်းနှစ်လောင်းကိုတွဲပြီး လမ်းလျှောက် သည့်ပုံအတိုင်း သင်္ချိုင်းဘက်သို့ ထွက်လာခဲ့ကြသည်။

“ဝုတ်...ဝုတ်...ဝုတ်...”

ရွာပြင်မရောက်ခင် အိမ်တစ်အိမ်မှ ခွေးတစ်ကောင်က ထိုးဟောင်လိုက်သည်။

ခွေးဟောင်ပေမယ့် လူတွေကဂရုမစိုက်၊ အနီးအနားမှာ အသုဘအိမ်ရှိသဖြင့် ဖဲသမားများ အသွားအလာရှိသည်ကို လူ



www.burmeseclassic.com

www.burmeseclassic.com



တွေ့သိကြသည်။

သို့ကြောင့် အစိုးအရိမ်မရှိဘဲ သချိုင်းဘက်သို့ ဆက်ပြီး လျှောက်လာခဲ့သည်။

မကြာခင်မှာပဲ သချိုင်းသို့ရောက်လာခဲ့သည်။

ညောင်ကြပ်ပင်ကြီးများ၊ ညောင်ပင်များ၊ ကုက္ကိုပင်များ ဖြင့် ပြည့်နေသောသချိုင်းကြီးက တစ်ယောက်တည်း၊ နှစ်ယောက်တည်းဆိုလျှင် စိတ်ချောက်ချားဖွယ် ကောင်းလွန်း လှသည်။

လေတိုက်ခြင်းကြောင့် သစ်ရွက်သစ်ခက်များ တဝေါ ဝေါနှင့် အော်မြည်နေကြသည်၊ နွယ်ပင်နွယ်ကြိုးများကလည်း လှုပ်ရမ်းခါနေသည်။

"ဝူး....ဝူး....အူး.....ဝူး......

အူ.....ဝူး.....အူး...."

တိတ်ဆိတ်သောအချိန် ရွာတွင်းဆီမှ ခွေးအူသံကြီးက အသည်းယားဖွယ်ကောင်းအောင် ထွက်လာသည်။

တင်မြင့်တို့အုပ်စုက **သချိုင်းအစပ်မှ** အတွင်းသို့ ပေါ်း ဆယ်မျှဝင်ပြီး နေရာရွေးကာ မြေကျင်းနှစ်ကျင်းကို ပေါက်တူး သုံးလက်ဖြင့် တူးလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"တူး... အလောင်းမ–လာရတာ ပင်ပန်းရတဲ့အထဲ မြေကျင်းကတူးရသေးတယ်....၊ လှစိန်လုပ်တုန်းကတော့လုပ်ပြီး မင်းအခန့်သား ထိုင်နေတယ်....၊ လာတူး"

"အေးပါကွာ.... ငါတူးပါ့မယ်....၊ ငါ့လက်တွေ တုန်နေလို့ပါ လှဖေ၊ ငါ့အစား မင်းတူးပေးပါကွာ"

"နေအုံး၊ ငါတို့ညောင်းမှ မင်းတို့တူး...၊ လှဖေ ဆိုတဲ့ကောင်က အေးကျော်ခြောက်တာခံလိုက်ရလို့ သွေးကြောင်နေတာ"

ပေါက်တူးသုံးလက်နှင့် မြေကျင်းကို တူးနေကြရာ အနက်တစ်ပေခွဲခန့်ထိ နက်လာသည်။

လူငါးယောက်၊ အလောင်းနှစ်လောင်း သင်္ချိုင်းအတွင်း ရောက်နေပေမယ့် လှဖေ စောစောကလောက် မကြောက်တော့၊

သင်္ချိုင်းအလယ်မှ ဇရပ်အိုကြီးများ၏ အမိုးများက လေတိုက်ခြင်းကြောင့် တဝုန်းဝုန်း၊ တကျွိမ်းကျွိမ်းနှင့် စည်းချက်ညီညီ ပေါ်ထွက်နေသည်။

တောကောင်လေးများ၊ နံ့ကောင်၊ ပုရစ်များ၏ အော်မြည်သံက တစ်ချက်တစ်ချက် စီခနဲထွက်လာလိုက်၊ ငြိမ်သွားလိုက် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်က ထွက်ပေါ်နေသော အသံများကြောင့် သချိုင်းအတွင်း မြေကျင်းတူးနေကြသော သူတို့အုပ်စုထံမှ ထွက်လာသည့်ဆူညံသံက ပြောပလောက်ဖွယ်မရှိတော့။

မကြာခင်မှာပင် ကျင်းနှစ်ကျင်းကိုတူးပြီးသွားသည်။

"ကဲ... ကျင်းတော့ တူးပြီးသွားပြီ၊ တစ်လောင်းစီကျင်းထဲထည့်ပြီး မြှုပ်လိုက်ရအောင်"

"တင်..."

"ဘာလဲ တင်မြင့်"

"ဒီမှာ အလောင်းနှစ်လောင်းချထားဟာ ကျော်စိုးအလောင်း မရှိတော့ဘူး"

"ဟုတ်လို့လားကွာ"

"ဟုတ်တယ်....၊ အေးစိန်မ တစ်လောင်းပဲ ရှိတော့တယ်"

"ကျော်စိုးက ဓါးချက်တစ်ချက်တည်း ထိုးမိထားတာဆိုတော့ ဒီကောင်မသေသေးဘူးနဲ့တူတယ်"

"ရှာပါအုံး သိန်းအောင်၊ မင်းတို့ ကျော်စိုးကို အေးစိန်မအလောင်းနားမှာပဲ ချထားတာမဟုတ်လား...."

"ဟုတ်တယ်...၊ ငါနဲ့ သိန်းအောင် ဒီနားမှာချထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း မစဉ်းစားတတ်တော့ဘူး၊ တောကောင်လာဆွဲရအောင်လည်း တောကောင်မရှိပါဘူး၊
သရဲခြောက်တာလား...၊ ဖုတ်ဝင်သွားတာလား..."

"လာကွာ....ဒီရှိတဲ့အလောင်းကိုမြေချပြီးမြှုပ်လိုက်ကြရအောင်၊ ပြီးမှ ကျော်စိုးကို ရှာကြမယ်..."

သူတို့ငါးယောက် အေးစိန်မအလောင်းကို ခေါင်းနဲ့ခြေထောက်မှ မပြီး ကျင်းထဲသို့ချလိုက်သည်။

ပြီးနောက် ကျင်းထဲသို့ ပေါက်တူးနှင့်ယက်ပြီး မြေဖို့လိုက်ကြသည်။

ခဏအတွင်းမှာပင် အေးစိန်မ၏အလောင်း မြေမြှုပ်သည့်ကိစ္စ ပြီးဆုံးသွားသည်။

"ပေါက်တူးတွေ ခြုံထဲ ခဏထည့်ခဲ့ကြ..."

"ဘာလုပ်မလို့လဲ"

"ဟ... ကျော်စိုးအလောင်းကောင်ကြီး ပျောက်သွားတာ၊ ဒီအတိုင်းထားလို့ ဘယ်ဖြစ်မလဲ၊ တွေ့အောင်ရှာရမှာပေါ့...၊

ဒီကောင် မသေသေးဘူးဆိုရင်လည်း ဒီအတိုင်းလွှတ်ထားလို့ မဖြစ်ဘူးလေကွာ...."

"အေးစိန်မ သေသွားတာ ဒီကောင်သိတယ်၊ ဒို့အခွက်



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ရှိတယ်၊ မတွေ့တွေ့အောင် ရှာရမယ်…”

“အရင်ဆုံး သင်္ချိုင်းထဲဝင်ပြီး ရှာရမယ်”

“ဒီကောင် သင်္ချိုင်းထဲဝင်တာမှ ဟုတ်ရဲ့လားကွာ….”

“ဘာပဲဖြစ်ဖြစ် ဇရပ်နားလောက်ထိ လှည့်ပတ်ရှာကြည့်လိုက်မယ်၊ သင်္ချိုင်းထဲမတွေ့မှ ရှာထဲ လှည့်ပတ်ရှာကြမယ်….”

သို့ဖြင့် သူတို့ငါးယောက် သင်္ချိုင်းအတွင်းဝင်ခဲ့ကြသည်၊ ဇရပ်နားအထိ လူသွားလူလာရှိသဖြင့် အောက်ခြေရှင်းသည်။

မြွေဆိုးကင်းဆိုးရန်ကို သတိထားပြီး လူလား၊ သရဲလား၊ ဖုတ်ကောင်လား၊ မသိသော ကျော်စိုးအလောင်းကို ရှာနေကြသည်။

“ဝုန်း… ဝုန်း… ဂျိမ်း… ဂျိမ်း…….”

သင်္ချိုင်းဇရပ်နားသို့ ရောက်လာသည်။ ဇရပ်အိုကြီးမှ သံချက်လွတ်နေသော သွပ်ပြားများက လေတိုက်လိုက်တိုင်း တဝုန်းဝုန်း၊ တဂျိန်းဂျိန်း မြည်နေသည်မှာ စိတ်ချောက်ချားစရာကောင်းလှသည်။

ဇရပ်နားရောက်တော့ အနီးပတ်ပတ်လည်ကို လှည့်လည်ရှာသော်လည်းမတွေ့၊

www.burmeseclassic.com

www.burmeseclassic.com



"ကဲ...၊ ဒီထဲလည်း ဝင်လာပုံမရဘူး၊ ရှာထဲကိုဝင်ပြီး ရှာရတော့မှာပဲ"

အားလုံး သချိုင်းအတွင်းက ထွက်လာခဲ့ကြတယ်။

"ထူးဆန်းတယ်ကွာ၊ ပော့ကောင် လှစိန်၊ မင်းကောင်က တကယ်သေတာမှ ဟုတ်ရဲ့လားကွာ"

"ဒီကောင့်ကို သချိုင်းထဲတွဲခေါ်သွားတာ၊ သေနေတာ သေချာပါတယ်..."

လှဖေကထောက်ခံပြီး ပြောလိုက်သည်။

"ဟုတ်တယ်...၊ လုံးဝအသက်မရှူတော့ဘူး"

သိန်းအောင်ကလည်း လှဖေစကားကို ထောက်ခံလိုက်သည်။

"ဒါဆို ဒီအလောင်းကောင် ဘယ်ရောက်သွားလဲ"

ရှာထဲ တိုးဝင်သွားရင်လည်း ခွေးသံတစီစီကြားရမှာပဲ၊ ရှာထဲဝင်တာ မဖြစ်နိုင်ဘူး"

"ငါတို့အုပ်စု အလောင်းတွေ သယ်ထုတ်လာတုန်းက တောင် ခွေးမှသိပ်မဟောင်ပဲ၊ ရှာထဲကို အခြေအနေဘယ်လိုရှိလဲ၊ နားတော့ စွင့်ထားမှ...."

သူတို့ငါးယောက် ဗိုသီဖတ်သီနဲ့ အသုဘအိမ်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြသည်။

ဖဲဝိုင်းမှာရှိနေသူများက လှည့်ကြည့်ကြသည်။

သူတို့အုပ်စုမှန်းသိသဖြင့် စိတ်ဝင်စားမှုမရှိတော့ဘဲ ဖဲဝိုင်းကိုသာ အာရုံပြန်ရောက်သွားကြသည်။

သူတို့ငါးယောက်က အိမ်ခြေရင်းရှိကွပ်ပျစ်ပေါ် သွားထိုင်ကြသည်။

သိန်းအောင်က ကွပ်ပျစ်ပေါ် ပက်လက်လှဲချလိုက်သည်။

"မင်းတို့ အရက်သောက်အုံးမလား၊ တစ်ပုလင်းကျန်သေးတယ်"

"ယူလိုက်ကွာ၊ ငါတို့ငါးယောက် မျှသောက်ကြတာပေါ့"

တင်မြင့်ကကွပ်ပျစ်ခြေရင်းအောက်ခြေတွင်ထောင်ထားသော အရက်ပုလင်းကို ယူလိုက်သည်။

ထို့နောက် တစ်ယောက်စီလှည့်ပြီး မော့သောက်ကြသည်။

ထိုစဉ် သူတို့ရှိနေသော အသုဘအိမ်ဝင်းအတွင်းသို့ ခြေတရွတ်တိုက်ဆွဲနေသော လူတစ်ယောက်ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖဲဝိုင်းမှ လူအချို့ရော၊ ထင်ကျော်တို့အုပ်စုပါ လှမ်းမြင်လိုက်သည်။

မကြာခင်မှာပင် အမှောင်ရိပ်မှ ဖဲဝိုင်းမှာ ထွန်းထားသော **အောက်လင်းဓါတ်မီးရောင်အတွင်းသို့** ထိုလူရောက်လာသည်။

"ဟာ... လှစိန်...၊ ဟိုမှာ.. ဟိုမှာ.. ကျော်စိုး"

"ဒီကောင် မသေသေးဘူး"

"ဟုတ်ပါ့မလား...၊ ဒီကောင်သေနေတုန်း ဖုတ်ဝင်ပြီး ထလာတာလားမသိဘူး...."

ဖဲဝိုင်းမှ လူတစ်ချို့က

"ဟာ... ဒါ... ရွာတောင်ပိုင်းက ကျော်စိုးဆိုတဲ့ ကောင်လေးပါလား"

"ဟုတ်တယ် ကျော်စိုးပဲ....၊ ဒီကောင် ဘာဖြစ်လာတာလဲ၊ တစ်ကိုယ်လုံး သွေးတွေပေနေတယ်...."

ဖဲရိုက်နေသောလူများ ဝိုင်းခဏရပ်ပြီး ခြေတစ်ရှုတ်ဆွဲ၍ တစ်လှမ်းခြင်း လှမ်းဝင်လာသောကျော်စိုးကို စိတ်ဝင်စားပြီး ကြည့်နေကြသည်။

တင်မြင့်တို့ကလည်း အခြေအနေအကဲခတ်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သရဲကားထဲက ဇွန်ဘီတစ်ကောင် လမ်းလျှောက်နေသည့်နှယ် တစ်လှမ်းခြင်း ခြေတရွတ်ဆွဲပြီး ဖဲဝိုင်းနားအထိ ဝင်လာသည်။

ရင်ဝမှာလည်း သွေးများက မြင်မကောင်းစွာ အကွက်ကြီးဖြစ်လျက် အောက်သို့စီးကျနေသည်။

ထို့နောက် ကျော်စိုးက ဖဲဝိုင်းကိုကျော်ဖြတ်ပြီး ထင်ကျော် တို့ရှိရာဘက်သို့ လျှောက်လာနေသည်။

"ဟာ...၊ ကျော်စိုး ဒီဘက်ကိုလာနေပြီ၊ ဒီကောင် ဖွင့်ပြောလိုက်ရင် ပြဿနာပဲ"

"ဒီကောင် ပြောနိုင်လား....၊ မပြောနိုင်လား စောင့်ကြည့်ပါအုံး...."

"ဟား.....ဟား....ဟား...."

"ဟား....ဟား....ဟား....."

စကားသံမထွက်ဘဲ ဝမ်းခေါင်းထဲမှလာသော ရယ်သံကြီး ထွက်လာသည်။

"ဟား.....ဟား....ဟား...."

ရယ်ခြင်းကို မရပ်၊ အသက်မပါသော ရယ်မောခြင်းက



www.burmeseclassic.com

www.burmeseclassic.com



သူတို့ငါးယောက်စိတ်ကို ချောက်ချားလာရသည်။

"ဟာ ကျော်စိုး... ကျော်စိုး ဘာဖြစ်လာတာလဲ"

"ဟား....ဟား....ဟား...."

ဘာမှမပြောဘဲ မရပ်မနား ရယ်နေသည်။

ထို့နောက် လက်ကိုဆန့်တန်းပြီး လက်ညှိုးနှင့် သူတို့ငါးယောက်ကို လိုက်ထိုးနေသည်။

ပါးစပ်ကဘာမှမပြောဘဲ လှစိန်ကို လက်ညှိုးထိုးထားသည်၊ ထိုအခါ လှစိန်က မျက်စိပျက်၊ မျက်နှာပျက်ပြီး....

"ဟာ... ဒီကောင် ဘာလာရှုပ်တာလဲ...၊ ထွက်သွား"

ကျော်စိုးက လက်ညှိုးကိုမဖယ်ဘဲ ထိုးထားသည်၊ ရင်ဘတ်ကသွေးများ စီးကျလာနေသည်။

"ဟာ... ဒီကောင်မသေသေးဘူး..."

"မသေလို့ ဒီအထိရောက်လာတာပေါ့"

"မင်းပါးစပ်ပိတ်ထား....၊ ဖဲဝိုင်းကလူတွေ ဒီဘက်လာနေပြီ ဟန်မပျက်နေကြ"

ဖဲဝိုင်းသိမ်းပြီး အားလုံး ကျော်စိုးအနား ရောက်လာကြသည်။

"ကျော်စိုး မင်းဘာဖြစ်လာတာလဲ...၊ ဒီကောင်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်း ရန်ဖြစ်လို့လား"

ကျော်စိုးအနီးမှ ရှာသားတစ်ယောက်က မေးလိုက်သည်။

"ကျော်စိုး ငါမေးနေတယ်လေကွာ"

ကျော်စိုးက ဘာမှပြန်မပြော၊ နောက်ကြောင်းပြန်လှည့်ပြီး မြို့ပြင်သို့ခြေတရှုတ်ဆွဲလျှက် ထွက်သွားသည်။

မြို့စပ်ရောက်သည်နှင့် အေးကျော်အလောင်း မြှင်ဆင်ထားရာ အနီးသို့အရောက် အရပ်ကြိုးပြတ်သကဲ့သို့ ခွေခနဲလဲကျသွားတော့သည်။

ကျော်စိုးမြို့ပြင်ထွက်သည်နှင့် ဖဲဝိုင်းမှလူတစ်ချို့နှင့် တင်မြင့်တို့ငါးယောက် နောက်ကလိုက်လာခဲ့သည်။

အေးကျော်၏ဦးလေးက ကျော်စိုးလဲကျရာအနီး ဒူးထောက်ထိုင်လိုက်သည်။

ခန္ဓာကိုယ်အား ကိုင်ကြည့်လိုက်သည်။

"အေးစက်နေတာပါလား၊ သူသေသွားပြီ"

"ဘယ်လိုဖြစ်တာလဲ၊ ဓါးဒဏ်ရာကြီးနဲ့ အပြင်မှာဓါးထိုးခံလိုက်ရတာ ဖြစ်မယ်"

တင်မြင့်တို့အုပ်စုက အခြေအနေ အကဲခတ်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သချိုင်းထဲက အလောင်းကောင်ကြီးက ဘာ့ကြောင့် ဒီအထိ လမ်းလျှောက်လာတာလဲ၊ မစဉ်းစားတတ်တော့။

သူတို့ကို မကျေနပ်သဖြင့် အလောင်းကောင်မှာ ဝိညာဉ် ဝင်ပူးကပ်ပြီး လိုက်လာသည်လားမသိ။

ထိုအချိန်မှာ မမျှော်လင့်သောအဖြစ်အပျက်က ဖြစ်လာပြန်သည်။

သူတို့ငါးယောက်အကြည့်က ကျော်စိုးအလောင်းကို ဝိုင်းကြည့်နေကြသော ဖဲသမားအုပ်စုအတွင်း အေးစိန်မကို မြင်လိုက်၍ဖြစ်သည်။

သူတို့ငါးယောက်အပြင် အခြားသူများလည်း အေးစိန်မကို မြင်ပုံရသည်၊ သရဲမှန်းမသိကြ။

သို့ကြောင့် ကျော်စိုးကိုသာ ဂရုစိုက်နေကြသည်။

တင်မြင့်တို့အုပ်စုကတော့အေးစိန်မကိုမြင်ပြီးထိတ်လန့်နေကြသည်။

အေးစိန်မကို သူတို့မြေမှာ အသေအချာမြှုပ်ခဲ့ပြီးပြီ၊ အခု သူတို့ရှေ့ ရောက်နေသည်၊ ကျော်စိုးကိုသာ ရပ်ပြီးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ် အေးစိန်မ ခန္ဓာကိုယ်နှင့်ပါးစပ်တို့မှ သွေးများမြင် မကောင်းအောင် ထွက်ကျလာသည်။

ဖဲဝိုင်းမှ ထလာသူများလည်းမြင်သည်။

"ဟာ... ဒါ...ဒါ.. အေးစိန်မ မဟုတ်လား၊ ကျော်စိုးရည်းစား အေးစိန်မ ဘယ်လိုဖြစ်တာလဲ"

အေးစိန်မနှင့် ကျော်စိုးတို့အကြောင်း သိထားသူတစ်ယောက်က ထအော်လိုက်စဉ်.....

အေးစိန်မလည်း အားလုံး၏ မျက်စေ့အောက်တွင် ပျောက်သွားတော့သည်။

အားလုံး မျက်လုံးပြူးကုန်တော့သည်။

"ဟာ... ခုနတွေ့လိုက်တဲ့ ကောင်မလေးက သရဲ...သရဲ လာခြောက်သွားတာလား.....၊ ပျောက်သွားပြီ...သူ့တစ်ကိုယ်လုံး မှာလည်း သွေးတွေနဲ့"

ကျော်စိုးဦးလေးက ရုတ်တရက်

"ကျော်စိုးနဲ့အေးစိန်မ နှစ်ယောက်လုံးသေကုန်ပြီလား မသိဘူး...၊ စဉ်းစားလို့လည်း မရဘူး"

ထိုစဉ် ဖဲဝိုင်းမှ ထလာသူတစ်ယောက်က

"ဟိုကောင် လှစိန်က အေးစိန်မကို အသည်းအသန်


www.burmeseclassic.com

www.burmeseclassic.com



ကြိုက်နေတာ၊ အခု အေးစိန်မနဲ့ ကျော်စိုး ဓါးထိုးခံလိုက်ရတာ ဖြစ်မယ်၊ အေးစိန်မက သေလား၊ ရှင်လား မသိဘူး.....၊

လှစိန် မင်းနဲ့ စကားများကြသေးလား...."

"ဟော့ကောင် ....၊ အခုဟာက လူသတ်မှုနော်၊ မသိဘဲ လျှောက်မပြောနဲ့"

အေးကျော် ဦးလေးက လှမ်းဟောက်လိုက်သည်။

"ရည်းစားလုရင်း ဖြစ်သွားတာလားလို့ပါ"

"ကဲ.....၊ ဒီ အလောင်းကြီးကို ဘယ်လိုလုပ်မလဲ"

"ရဲတိုင်မှ ဖြစ်မှာပေါ့"

"ရဲစခန်းနဲ့ဝေးတယ်၊ ဒီအချိန်ကြီးတိုင်လို့ မဖြစ်ဘူး၊ ရပ်ကွက်လူကြီးကို သွားအသိပေးကြ၊ သူတို့ စီစဉ်လိမ့်မယ်"

"ကျော်စိုးတို့ အိမ်ကိုလည်း ဝင်ပြောသွားကြအုံး"

လူတွေ ရုတ်ရုတ်ဖြစ်နေစဉ် တင်မြင့်တို့လူစု လက်ကုတ်ပြီး အပြင်သို့ထွက်ခဲ့ကြသည်။

"ဘယ်လိုလုပ်ကြမလဲ....၊ အခု အခြေအနေအရဆို လှစိန်လုပ်တာ ပေါ်တော့မယ်၊ ငါတို့လည်း လွတ်မှာမဟုတ်တော့ဘူး...."

"အခု ဘယ်လိုလုပ်မလဲ၊ ရှောင်နေကြမလား"



www.burmeseclassic.com

www.burmeseclassic.com


"ဒုက္ခပဲကွာ သူငယ်ချင်းကို ကူညီမိတာ၊ တရားခံ ဖြစ်တော့မယ်"

"အခုမှ ကြောက်မနေနဲ့ တင်မြင့်၊ မလုပ်ခင်က စဉ်းစား၊ ထစ်ခနဲဆို ဟိုစပ်စပ်...ဒီစပ်စပ် ပါချင်တဲ့ကောင်....၊

အခု လှစိန် လူသတ်တဲ့ကိစ္စ အနေမတတ်... အထိုင်မတတ် ဝင်ကူညီလို့ ဒုက္ခရောက်ကြတော့မယ်...."

"ခွေးသူခိုး လှဖေ၊ ဒီမှာ စိတ်ညစ်ရတဲ့အထဲ၊ အခု ဘယ်လိုလုပ်ကြမလဲ၊ မနက်ဆို အဖမ်းခံရတော့မယ်၊ ငါတော့ လူမသတ်ဘဲ အဖမ်းမခံနိုင်ဘူး... ပြေးမယ်...."

လှစိန် သွားရာ မြောက်ထိုးပင့်ကော်လုပ်ခဲ့သော သိန်းအောင် ခေါင်းရှောင်စကား ပြောလာသည်။

"ဒို့ သချိုင်းကို ပြန်သွားကြမယ်၊ ဟိုမှာ တူးထားတဲ့ ကျင်းကို ပြန်ဖို့ပြီး ပေါက်တူးတွေယူပြီး လယ်ကွင်းထဲ သွားကြမယ်...."

"လယ်ကွင်းထဲရောက်မှ ဘယ်လိုလုပ်မလဲ စဉ်းစားကြတာပေါ့"

သူတို့အုပ်စု သချိုင်းသို့ ပြန်လာခဲ့ကြသည်။

ထိုအချိန်မှာပဲ အေးစိန်မတို့အိမ်မှာ အေးစိန်မ ပျောက်


www.burmeseclassic.com

www.burmeseclassic.com



သွား၍ ပွက်လောရိုက်နေကြသည်။

အသုဘအိမ်သို့ အေးစိန်မ၏ဝိညာဉ် သရဲရောက်လာခြင်းအကြောင်းကို အေးစိန်မမိသားစု မသိကြသေး၊

မကြာခင် သချိုင်းအတွင်းသို့ ရောက်လာခဲ့သည်၊ ပေါက်တူးသုံးလက်ကိုယူပြီး တူးထားသောကျင်းကို အမြန်ဖို့နေသည်။

"ဟား...ဟား...ဟား....."

"ဟင်..."

"ဘာသံလဲ"

အနီးနားမှကပ်ပြီး ရယ်သံကြီးကြားလိုက်ရသဖြင့် အားလုံးလှည့်၍ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်ကြသည်။

ဘာကောင်၊ ဘာဝိညာဉ် သရဲမှ မတွေ့၊

ရယ်သံကြီးကတော့ ပီပီသသ ကြားရသည်။

သူတို့ ငါးယောက်လည်း ဘေးဘီလှည့်ပတ်ပြီးကြည့်ရာ ဘာကောင်မှ မတွေ့သဖြင့်

မြေဖို့သောအလုပ်ကို ဆက်လုပ်ရန် ခေါင်းပြန်လှည့်လိုက်စဉ် ကျင်းထဲမှ အလောင်းတစ်လောင်းကို တွေ့လိုက်ကြသည်။

"ဟာ ကျင်းထဲမှာ အေးစိန်မအလောင်း ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com


တယ်”

“ဟီး...ဟီး...ဟီး...”

ထိုစဉ် လက်ကြီးနှစ်ဖက် အပေါ်သို့မြောက်တက်လာပြီး အပေါ်ကလှစိန်အား ကျင်းအတွင်းဆွဲချသွားသည်။

“အား...အား... ဝါ့ကို ဆွဲကြပါအုံး...”

တင်မြင့်တို့ အုပ်စုက လှစိန်ကို ကျင်းထဲမှ အတင်းဆွဲတင်ကြသည်။

သရဲလက်အတွင်းက အတင်းဆွဲယူရသည်မှာ အတော်ပင်မလွယ်လှ ၊

“အား.... အား...လွှတ်....လွှတ်.....”

“ဟား....ဟား...ဟား...ဟီး..ဟီး...ဟင်း........”

လူလေးယောက် အတင်းဆွဲတင်သဖြင့် ကျင်းပေါ်သို့ လှစိန်ပြန်ပါလာသည်။

လှစိန် အကြောက်လွန်ပြီး သတိမေ့နေသည်။

ကျင်းထဲမှ အေးစိန်မ၏ အလောင်းကို မမြင်ရတော့။

“ဘယ်လိုဖြစ်တာလဲကွ၊ ငါတို့ကို အေးစိန်မနဲ့ ကျော်စိုးက သရဲအဖြစ်နဲ့ခြောက်ပြီး နှောင့်ယှက်နေတယ်....၊ ငါတို့ကို အလွှတ်မပေးဖို့ ဆုံးဖြတ်ထားးလား မသိဘူး”


www.burmeseclassic.com

www.burmeseclassic.com


သေသေချာချာ မမြင်လိုက်သော လှဖေက

"ဒီကောင်ချော်ကျလို့ ဆွဲတင်တာမဟုတ်လား"

"မဟုတ်ဘူး၊ အေးစိန်မသရဲ ကျင်းထဲကိုဆွဲချတာ"

"ငါတို့လည်း မြင်လိုက်တယ်"

"ငါမမြင်လိုက်ဘူး၊ ငါဒီတစ်ခါ ထပ်မြင်ရရင် လှစိန်လိုပဲ ဖြစ်နိုင်တယ်...."

"မင်း ကြောက်တတ်မှန်းသိလို့ မခြောက်တာ ဖြစ်နိုင်တယ်"

တင်မြင့်တို့အုပ်စုလည်း ကျင်းကို အမြန်ဖို့လိုက်သည်။

ထိုစဉ်မှာပင် အသုဘအိမ်မှ မီးတုတ်များ၊ ဓါတ်မီးများ ကိုင်ထားသော လူတစ်စု သင်္ချိုင်းဆီသို့ လာနေကြသည်။

တင်မြင့်တို့ လူတစ်စုလည်း ထွက်မပြေးသာတော့။

အဓိကကျသော လူသတ်ကောင်လှစိန်က မြေပုံဘေးမှာ သတိမေ့နေသည် မဟုတ်ပါလား၊

နောက်ဆုံးတော့ လူသတ်ခဲ့သောလှစိန် အဖမ်းခံလိုက် ရသလို အကူအညီပေးသော သူငယ်ချင်း လေးယောက်လည်း အဖမ်းခံလိုက်ရသည်။

ကျော်စိုး၏ အသက်မဲ့ခန္ဓာကိုယ်မှာ သင်္ချိုင်းထဲက သရဲ


www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်ကဝင်ကပ်ပြီး လှုစိန်တို့ရှိသော အသုဘအိမ်သို့ ဝင်ရောက်ခဲ့သည်လား၊

ကျော်စိုး၏ ဝိညာဉ်ကပဲ ဝင်ရောက်ပူးကပ်ပြီး အသုဘအိမ်ရှိ လှုစိန်တို့ဆီ ရောက်လာလေသည်လား မသိတော့၊

အေးစိန်မ၏ ဝိညာဉ်သရဲကလည်း ကျော်စိုးဝိညာဉ် သရဲနှင့်အတူ ရောက်လာခဲ့သေးသည်။

ဝိညာဉ်သရဲများ၏ နှောင့်ယှက်တားဆီးမှုကြောင့် လှုသတ်သူနှင့် အလောင်းဖျောက်ဖျက်ရန် စီစဉ်သူ သူငယ်ချင်းငါးယောက်တို့ကို ညတွင်းချင်း ဖမ်းမိလိုက်ပါတော့သည်။ ။

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခေါင်းရှက်လာတဲ့ မဖဲဝါ

"ဟော့ ကျော်နိုင်...၊ ဆိုက်ကားအားလား"

"အားလို့ထိုင်နေတာ မတွေ့ဘူးလားဗျ"

"မင်းအလှည့်လိုသေးလား..."

"အခု ကျွန်တော့အလှည့် ရောက်နေပြီ၊ ဘယ်သွားမလို့လဲ"

"၄ ရပ်ကွက်ထဲ ခဏသွားမယ်"

ကျော်နိုင်က ဆိုက်ကားကို ရှေ့သို့ဆွဲထုတ်လိုက်ပြီး နေရာပြင်ပေးလိုက်သည်။

"ကိုဇော်မင်း အခု ဘယ်ကလာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"၅ ရပ်ကွက်က ပြန်လာတာ၊ ကိစ္စမပြီးပြတ်သေးလို့ ၄ ရပ်ကွက်ကို ခရီးဆက်ရအုံးမှာ...."

ကျော်နိုင်က ဆိုက်ကားကို ရတနာလမ်းအတိုင်း နင်းလာသည်။

"မင်းအခု ညဦးပိုင်းနဲ့ မနက်ပိုင်း မုန့်ဟင်းခါးပို့သေးလား...."

"မပို့တော့ဘူး ကိုဇော်မင်း"

"ဟာ... ကောင်ရ... မနက်ပိုင်းနဲ့ညပိုင်း မုန့်ဟင်းခါးပင်တိုင်ပို့နေတာ မင်းအတွက် ပုံမှန်ဝင်ငွေရနေတာပဲ၊ ဒီလောက်လဲ ပင်ပန်းတာမဟုတ်ဘူး"

"ကိုဇော်မင်း ပြောသလို ပုံမှန်လပြတ်နဲ့လုပ်ရတာ ပုံမှန်ဝင်ငွေရနေတာ မှန်ပါတယ်...၊

ဒါပေမယ့် ကျွန်တော်အဲဒီအလုပ်ကို စွန့်လွှတ်လိုက်ပြီ၊

အခု မနက်ပိုင်းမုန့်ဟင်းခါး မပို့တော့၊ ပို့တုန်းကလို ဝင်ငွေမီအောင် တစ်နေ့လုံး ဆိုက်ကားနင်းရတော့တာပေါ့"

မမှာရုံလမ်းဆုံးသို့ရောက်လာသဖြင့် ကျော်နိုင်က ဆိုက်ကားကို ရပ်လိုက်ပြီး

"ဘယ်လမ်းက နင်းပေးရမှာလဲ "



www.burmeseclassic.com

www.burmeseclassic.com



"ယောမင်းကြီးလမ်းက သွားတာ ကောင်းတယ်၊ ဈေးလေးက ထွက်လိုက်တာနဲ့ ရွှေကောင်းကြွယ် လက်ဖက်ရည်ဆိုင် ရောက်ရော...."

"ဘာလဲ...၊ လက်ဖက်ရည်သောက်အုံး မလို့လား"

"မဟုတ်ဘူး...၊ ၄ ရပ်ကွက်က ကိုတင်ပေါ်ကို ရွှေကောင်းကြွယ်မှာ လာစောင့်နေဖို့ မှာထားတယ်၊

ကိုထင်ပေါ် ရောက်နေရင် ၄ ရပ်ကွက်ကို မသွားတော့ဘူး၊ သူမရောက်သေးရင် ၄ ရပ်ကွက်ထဲက သူ့အိမ်အထိသွားမယ်..."

ကိုဇော်မင်းက ၆ ရပ်ကွက်မှာ နေထိုင်သူဖြစ်သည်။

ဓမ္မာရုံကနေကွေ့ ပြီး ယောမင်းကြီးလမ်းသို့ ကွေ့လာခဲ့သည်။

"ဒါနဲ့ ကျော်နိုင်...၊ ဒီလောက် ဝင်ငွေလေးချာတဲ့ မုန့်ဟင်းခါးပို့တဲ့အလုပ်ကို ဘာ့ကြောင့်မလုပ်တော့တာလဲ"

"ဟာ...ကိုဇော်မင်းကလည်းပြောတော့မယ်၊ ကျွန်တော်က အဲ့ဒီရက်ပိုင်းကဆို စိတ်အတော်ချောက်ချားသွားလို့ ဆိုက်ကားတောင် တစ်ပတ်လောက် မနင်းချင်အောင်ဖြစ်သွားတယ်...၊

တကယ်ပြောတာ၊ တစ်ပတ်လောက် ဘယ်မှမသွားဝံ့



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ စိတ်ချောက်ချားပြီး အိမ်ထဲမှာပဲ ငြိမ်ကုပ်နေတာ....၊

"ဘယ်အချိန် ငါ့အိမ်ရှေ့မှာ ရောက်နေမလဲဆိုတဲ့ စိတ်ကို တော်တော်နဲ့ ဖျောက်မရဘူး၊

နောက်ပိုင်းကျမှ ငါမနက်စောစော မုန့်မပို့တော့ဘူး၊ နေ့ခင်းပိုင်းပဲ နင်းတော့မယ်လို့ ဆုံးဖြတ်ပြီးမှ ဆိုက်ကားပြန်နင်းဖြစ်မှာ"

"ဟာ... မင်းဟာက ထူးခြားလှချည်လား၊ ငါတောင် စိတ်ဝင်စားနေပြီ..."

"ဟုတ်တယ်....၊ ပြောပြရရင် ယုံနိုင်စရာတောင်မရှိဘူး၊ မဖဲဝါကို ကိုဇော်မင်း မြင်ဘူးလား"

"မမြင်ဖူးဘူး..."

"ကြားတောကြားဖူးလား"

"သင်္ချိုင်းမှာ မဖဲဝါရှိတယ်၊ သင်္ချိုင်းတွေကိုစောင့်တဲ့ မဖဲဝါဆိုတာတော့ ကြားဖူးတယ်၊

မြင်တော့ ဘယ်မြင်ဖူးပါ့မလဲ၊ မင်းက မြင်ဖူးလို့လား"

"မြင်ဖူးတာပေါ့ ကိုဇော်မင်း"

"မင်းဟာက ဟုတ်လို့လားကွ၊

ဗွီဒီယိုတွေကြည့်၊ စာအုပ်တွေ ဖတ်ပြီး ပြောပြမလို့



www.burmeseclassic.com

www.burmeseclassic.com



လား.....”

“ဟာ... ခက်ပါဘိတော့၊ တကယ်ကိုမြင်လိုက်တာ”

“တကယ့်ကို အကောင်အထည်လိုက်ကြီး မြင်တာလား...”

“ခင်ဗျားကလည်း မယုံချင်ဘူး ဖြစ်နေတယ်၊ မဖဲဝါကို မြင်လိုက်လို့ ကျွန်တော် မုန့်ဟင်းခါးပို့နေတဲ့အလုပ်ကို မလုပ်ဖြစ်တော့ဘဲ ရပ်လိုက်တာ”

“ဟာ.... ငါတော့ စိတ်ဝင်စားသွားပြီ၊
ငါ့ကို မင်း မဖဲဝါနဲ့တွေ့တဲ့အကြောင်း ပြောပြစမ်းကွာ”

“ဆိုက်ကားကို ဖြည်းဖြည်းနင်းသွားရင်း ပြောပြမယ်”

❖ ❖ ❖

မနက်စောစောသုံးနာရီခန့် ကျော်နိုင် ဆိုက်ကားတစ်စီးနှင့် မုန့်ဟင်းခါးဖိုသို့ ရောက်နေပြီဖြစ်သည်။

သူနှင့်အတူ အခြားဆိုက်ကားတစ်စီးနှင့်ပို့သည့် ကိုအေးဝင်းဆိုသူကလည်း အချိန်မခွာဘဲ မုန့်ဖိုသို့ ရောက်လာသည်။

မုန့်မှာသူများကို ဆိုက်ကားနှစ်စီးနှင့် အချိန်မီအောင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ပေးသည်။

အချိန်များများမှာလျှင် မုန့်ဖိုမှကားစီစဉ်ပြီး ပို့ပေးသည်။

ဝေးသောနေရာများမှ မှာသည်ဆိုလျှင် စောစောသွား ပို့ပေးသည်။

အချိန်မှန်ခြင်း၊ မုန့်သားကောင်းခြင်း၊ ဆက်ဆံရေး ပြေပြစ်ခြင်းတို့ကြောင့် မုန့်မှာသူ ပေါ်များလှသည်။

မနက်ဆိုလျှင် လေးနာရီခွဲအရောက် မှာသူက များသည်။

ငါးနာရီမှစ၍ အရဏ်ဆွမ်းကပ်လေ့ရှိကြသည့်အတွက် မှာသူ စိတ်ကျေနပ်အောင်၊ စိတ်မပြင့်ရအောင် သူတို့တစ်အိမ်ပြီးတစ်အိမ် အားခွန်စိုက်ပြီး အမြန်နှင်းပို့ရသည်။

တစ်ခါမုန့်ဖိုမှထွက်လျှင် နှစ်အိမ်၊ သုံးအိမ်စာတင်သွားရလျှင် တင်သွားသည်၊ လမ်းသင့်သော အိမ်များကို တစ်ဆက်တည်းလိုက်ပို့သည်။

အလှူဆိုလျှင် အုန်းနို့ခေါက်ဆွဲကျွေးတတ်ကြသည်။

ရက်လည်၊ သပိတ်သွတ်၊ လလည်ဆွမ်းဆိုလျှင် မုန့်ဟင်းခါးအမှာများသည်။

မနက်ပိုင်းတစ်ရက်ကို မုန့်ဖိုမှ နှစ်ခေါက်၊ သုံးခေါက်



www.burmeseclassic.com

www.burmeseclassic.com



ခေါက်တုံ့ခေါက်ပြန် ပို့ပေးရသည်။

ထိုနေ့က မနက်သုံးနာရီခွဲပြီးသည်နှင့် နှစ်အိမ်စာခေါက်ဆွဲနှစ်တောင်းကို ဆိုက်ကားပေါ်တင်ပြီး ထွက်လာခဲ့သည်။

ကျော်နိုင်လည်း လမ်းမတစ်လျှောက် ဆိုက်ကားနင်းလာခဲ့သည်။

လမ်းဘေးမီးတိုင်များမှာ မီးလုံးများက ရှိသည့်နေရာရှိသည်၊ မရှိသည့်မီးတိုင်ကလည်း မရှိ၊ လမ်းပေါ်မှာသွားလာနေသည့် လူလည်းမရှိ။

ဆိုက်ကားကို သွက်သွက်လေးနင်းပြီး သွားနေသည်။

ထိုစဉ် လမ်းချိုးတစ်ခုသို့အရောက် ကျော်နိုင်ဆိုက်ကားကို ကွေ့ဝင်လိုက်သည်။

လမ်းကို ချိုးကွေ့လိုက်စဉ်မှာပဲ တွေ့လိုက်ရသည်ကမသာအခေါင်းကြီးရွက်ပြီး လျှောက်နေသော ထမီအနက်၊ အင်္ကျီအနီ၊ ဆံပင်ဖားလျားချထားသော မိန်းမကြီးတစ်ယောက်ကို တွေ့လိုက်သည်။

ထိုအမျိုးသမီးကို စမြင်လိုက်ချိန်က ကျော်နိုင်နှင့် ပေသုံးဆယ်ခန့်သာ ကွာသည်။

နောက်သို့ပြန်လှည့်ရန်လည်း မဖြစ်တော့၊



www.burmeseclassic.com

www.burmeseclassic.com

သို့ကြောင့် ထိုမသာခေါင်းကြီးရှက်ပြီး လျှောက်နေသော ထိုအမျိုးသမီးကြီးကို အမြန်ဆုံးကျော်ဖြတ်နိုင်ရန် အားကုန်နှင်းလိုက်သည်။

ထိုအမျိုးသမီးကြီး ဘေးနားသို့အရောက် မကြည့်မိစေရန် မျက်လုံးကို အတင်းမှိတ်ထားလိုက်သည်။

အတော်လှမ်းလှမ်းရောက်တော့ နောက်သို့ခေါင်းလှည့်ပြီး ကြည့်လိုက်သည်။

လမ်းမပေါ်မှာလျှောက်နေသော အရိပ်အယောင်ကိုမျှ မတွေ့တော့၊

မည်သည့်အိမ်သို့ ဝင်သွားပြီလဲ....၊

လမ်းပေါ်မှာ ပျောက်သွားသည်လား....၊

သူ့ကိုပဲ ခြောက်လှန့်သည်လား....၊

အတွေးပေါင်းများစွာ တွေးရင်းမှ အလျှအိမ်သို့ရောက်လာခဲ့သည်။

ပထမအိမ်သို့ မှာထားသည့် ခေါက်ဆွဲတစ်တောင်းကို ပေးလိုက်သည်။

လမ်းသင့်သော နောက်တစ်အိမ်သို့ပို့ပေးရန် ဆိုက်ကားပေါ်မှာ ခေါက်ဆွဲတစ်တောင်း ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုရောက်နေသောလမ်းက တစ်ဖက်ပိတ်လမ်း ဖြစ်သဖြင့် ရှေ့ဆက်သွားမရဘဲ နောက်ကြောင်းသို့ ပြန်လှည့်ခဲ့ရသည်။

သို့ကြောင့် ဆိုက်ကားပေါ်မှ ရှေ့နောက်၊ ဝဲယာ မကြည့်ဘဲ မြန်မြန်လေးနင်းလာခဲ့သည်။

မကြည့်ဘူးဆိုကာမှ စောစောကတွေ့ခဲ့သော နေရာနားသို့မရောက်ခင် အိမ်တစ်အိမ်၏ခြံရှေ့မှာ အခေါင်းကြီးချပြီးထိုင်နေသော အမျိုးသမီးကြီးကို မြင်ရသည်။

မျက်နှာကိုတော့ မတွေ့ရ၊ သူ့ကို ကျောပေးသော အနေအထားနှင့် ထိုင်နေသည်။

ဒီအချိန် ဘာ့ကြောင့် အရေးတကြီး အခေါင်းကြီးမှာ၍ မိန်းမတစ်ယောက်က လာပို့ရသနည်း....၊

ဒါမှမဟုတ် သူ့ကို သရဲကခြောက်နေသည်များလား...၊ မစဉ်းစားတတ်တော့။

ကျော်နိုင်လည်း ဆိုက်ကားကို အားကုန်နင်းလာခဲ့သည်။

လမ်းဆုံသို့ ပြန်ရောက်မှ မုန့်ပို့ရမည့်လမ်းသို့ ချိုးကွေ့ပြီးနင်းခဲ့သည်။

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာပင် ဆွမ်းကျွေးမည့်အိမ်သို့ အချိန်မီ မုန့်အချိန်သုံးဆယ် ပို့ပေးလိုက်သည်။

မနက်ပိုင်း ဆိုက်ကားနှင့် အသွားအပြန်နှစ်ခေါက်၊ အိမ်လေးအိမ်သို့ ပို့လိုက်သည်။

အလှူဆွမ်းကျွေးသို့ ပို့ပေးရသည့်ကိစ္စ ပြီးသွားသည်။

ထိုအခေါင်းရှက်သော အမျိုးသမီးကြီးအကြောင်း မည်သူ့အားမှ မပြောဖြစ်သေး။

စိတ်အတွင်းမှာတော့ ပြောပြချင်သည့်စိတ်၊ မေးကြည့်ချင်သည့်စိတ်များ ဖြစ်ပေါ်နေသည်။

ကျော်နိုင်၏ မုန့်ပို့ခြင်းကိစ္စက မပြီးသေး၊ မနက်စောစောပိုင်းထွက်သည့် မုန့်ဟင်းခါးဆိုင်များသို့ မုန့်ဖတ် တစ်ပိဿာထုပ်၊ သုံးပိဿာထုပ်၊ နှစ်ပိဿာထုပ်....၊ အထုပ်မျိုးစုံကို ပို့ပေးရသေးသည်။

မုန့်ဟင်းခါးဆိုင်များကို ပို့ပြီးမှ မုန့်ပို့သည့်တစ်နေ့တာကိစ္စ ပြီးသွားသည်။

ထိုအချိန်ဆိုလျှင် ၇ နာရီဝန်းကျင်သို့ ရောက်ပြီ၊ လက်ဖက်ရည်ဆိုင် ဝင်ထိုင်ပြီး လက်ဖက်ရည်တစ်ခွက် မှာသည်၊ အကြော်နှင့် မုန့်ဟင်းခါးတစ်ပွဲမှာကာ ဗိုက်အရင်ဖြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဆိုင်က ဆိုက်ကားဂိတ်နှင့်နီးသဖြင့် ဆိုက်ကားနင်း ဖော်များ ဆိုက်ကားနားလျှင် ဆိုင်မှာဝင်ထိုင်လေ့ရှိသည်။

ယခုအချိန်အထိတော့ ဆိုင်အတွင်းမှာ အသိမိတ်ဆွေ တစ်ယောက်မှ မရှိသေး။

မုန့်ဟင်းခါးပန်းကန်ထဲမှာ အားလုံးကုန်သွားတော့ မုန့် ဟင်းရည်မှာပြီးသောက်နေစဉ် ဆိုင်အတွင်းသို့ ဆိုက်ကားဂိတ်မှ ဦးတင်နှင့် စိုးညွန့်တို့ ဝင်လာကြသည်။

"ကျော်နိုင်...၊ စောလှချည်လား"

"ဦးတင်တို့က နောက်ကျတာ၊ ကျွန်တော်က ဒီအချိန် ဆို အားလုံးပြီးပြီ၊ ဗိုက်တောင်ဖြည့်ပြီးပြီ...."

"မင်းက ဗိုက်ဖြည့်ပြီးကာစပဲ ရှိသေးတယ်၊ ငါတို့က ဒုတိယအကြိမ်မြောက် ဝင်သောက်တာ...."

"ဟာ.... ဒါဆို အခေါက်ကြီးတွေ မိလိုက်တယ်နဲ့တူ တယ်......"

"အခေါက်ကြီးနှစ်ခေါက်နဲ့ အခေါက်သေးတစ်ခေါက်ပဲ နင်းရပါသေးတယ်"

"ဘယ်ဆိုးလို့လဲ.....၊ ဒီမနက် အေးအေးဆေးဆေး ဖြစ်သွားပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com


ဦးတင်က လက်ဖက်ရည်တစ်ခွက် မှာလိုက်သည်၊ စိုးညွန့်က လက်ဖက်ရည်မမှာတော့ဘဲ ဆေးလိပ်တစ်ဘူး ချခိုင်းလိုက်သည်။

"ဦးတင်ကို ကျွန်တော် ပြောပြစရာရှိသေးတယ်"

"ပြောလေ....မင်းမိန်းမအကြောင်းဆိုရင်ငါစိတ်ဝင်စားတယ်...ပြော...ပြော"

"ဦးလေးတင်ကလည်း.... အသက်ကြီးပါပြီဗျာ၊ ဒီကိစ္စတွေ စိတ်မဝင်စားသင့်တော့ဘူး၊ ကျွန်တော်ပြောမှာက ထူးထူးဆန်းဆန်းကိစ္စ...."

"ဟေ....၊ ဒါလည်း စိတ်ဝင်စားတာပဲကွ... ပြောစမ်းပါအုံး..."

ကျော်နိုင်က မသိဘ်အခေါင်းရှက်လာသော အမျိုးသမီးအကြောင်း အစအဆုံး ပြောပြလိုက်သည်။

"ဟာ...၊ မင်းအခုတွေ့ခဲ့တာ မဖဲဝါပဲ..."

"ဘာပြောတယ် ဦးတင်၊ မဖဲဝါ... ဟုတ်လား"

"ဟုတ်တယ်...၊မဖဲဝါက ထမီအဝါဝမ်းဆက် ဝတ်တတ်သလို ထမီအနက်၊ အင်္ကျီအနီလည်း ဝတ်တယ်...၊

မင်း မဖဲဝါကို တွေ့ခဲ့တဲ့အိမ်ကို မှတ်မိလား"


www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိတာပေါ့"

"အေး..... မှတ်မိတယ်ဆိုရင် မင်းအားတဲ့အချိန် အဲဒီ ဘက်ကိုဆိုက်ကားနဲ့ သွားကြည့်လိုက်၊ ထူးခြားတာ တွေ့လိမ့်မယ်"

"ဟုတ်ပါ့မလားဗျ...."

"ဟုတ်တယ်....၊ ကျိန်းသေတွေ့မှာ"

"အဲဒီအိမ်က ဘစ်ယောက်ယောက်သေတော့မှာမို့လို့ မဖဲဝါ အခေါင်းလာပို့တာ"

"တကယ့်အခေါင်းကို ထည့်ဖို့လာပို့တာလား"

"တကယ်တော့ ဘယ်ဟုတ်မလဲ၊ သေတော့မယ်ဆိုတဲ့ အတိတ်နိမိတ် ပြတာပေါ့။ ဒါကလည်း လူတိုင်းမြင်နိုင်တာ မဟုတ်ဘူး၊ မင်းတွေ့ထိုက်လို့...၊ မင်းကို ပြချင်လို့....၊ တွေ့ ခွင့်ရတာ"

စိုးညွန့်က ကျော်စိုးအား

"မင်းကို ပြတာဆိုရင် မင်းကိုသတိပေးတာပဲ"

"ဘာဆိုင်လို့လည်း..."

"နင်သေတော့မယ်ဆို ငါလာခဲ့မယ်ဆိုတဲ့ သဘောပေါ့"

"မင်းကွာ ကြောက်ရတဲ့အထဲ ခြောက်နေပြန်ပြီ"

"ဒါနဲ့ မင်း မဖဲဝါနဲ့စတွေ့တော့ ဘယ်လိုခံစားရလဲ"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်...၊ ပြောစမ်းပါအုံး"

"မင်းတို့က သတင်းထောက်ကျနေတာပဲ"

"ကဲပါ၊ သိချင်လို့ ပြောပြစမ်းပါ"

"ဟာ ကောင်ဒီလောက်တောင် မှောင်မည်းနေတာ လမ်းပေါ်မှာ မီးလည်းမရှိ၊ လူလည်းမရှိ၊ အခေါင်းကြီးကို ရှက်ပြီး လျှောက်နေတာ၊ မဖဲဝါမှန်း မသိဘူး၊ သရဲခြောက်ခံရပြီ ဆိုတာ တော့ သိတယ်....."

"မဖဲဝါမှန်းသိလို့ကတော့ နေရာမှာပဲ... အကြောက်လွန်ပြီး အသက်ထွက်သွားမလား မသိဘူး"

"ငါ အသက်အောင့်၊ မျက်လုံးမှိတ်ပြီး သူ့အနားက ဖြတ်နင်းလိုက်တာပေါ့၊ ငါက ရှေ့ရောက်သွားလို့ ရင်ထဲပေါ့သွားပြီးမှ အပြန်မှာထပ်တွေ့လိုက်ရသေးတယ်"

"ကံကောင်းသွားတာက သူကလမ်းပေါ်မှာ **မရှိတော့**ဘူး၊ ငါခြေကုန်သုတ်နင်းလာခဲ့တာ...၊ ငါ့အဖြစ်က ဒါပါပဲကွာ"

"အင်း...၊ ငါပြောသလို အားတဲ့အချိန် မင်းတွေ့ခဲ့တဲ့အိမ်ရှေ့ကိုတော့ သွားကြည့်ဖြစ်အောင် ကြည့်လိုက်"

ကျော်နိုင်လည်း လက်ဖက်ရည်နဲ့ မုန့်ဖိုးရှင်းပြီး ဆိုက်ကားဂိတ်သို့ ထွက်လာခဲ့တော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ပဲ... မဖဲဝါ...တွေ့ရှိနဲ့ မုန့်ဟင်းခါးပို့တဲ့အလုပ်ကို စွန့်လွှတ်လိုက်ရောလား"

"ဟာ... တကယ့်ကိုပဲ စိတ်ကုန်သွားတာ၊ ကိုဇော်မင်းရာ....၊

ဒါနဲ့ ကိုဇော်မင်း ခင်ဗျားလည်းအရက်ကို အတိုင်းအဆနဲ့သောက် ဟုတ်လား၊ သက်တမ်းမစေ့ဘဲ မာလကာ ရှောင်းသွားအုံးမယ်"

"ဘာဆိုင်လို့လည်း ကျော်နိုင်ရ"

"ခင်ဗျားအရက်ကြောင့် ဆေးရုံရောက်တာ သုံးလေးကြိမ်ရှိပြီဆို...."

"ဟုတ်တယ်လေကွာ သေမင်းက လက်မခံသေးသရွေ့ သွားလိုက်လာလိုက်ပေါ့ကွာ"

"ကဲ.... ပြောပါအုံး၊ မင်း မဖဲဝါနဲ့တွေ့တဲ့နေရာကို သွားကြည့်သေးလား"

"စိုးညွန့်က... မင်းတွေ့တဲ့အိမ်က နေ့မကူးခင် နာရေးကိစ္စပေါ်နေလိမ့်မယ်....၊ မင်းမယုံရင် သွားကြည့်တဲ့...၊

အဲဒီလို ပြောတာနဲ့ နေ့ခင်းဘက် ဆိုက်ကားနားတော့ ဆယ်နာရီလောက် မဖဲဝါအခေါ်င်းလာချတဲ့ အိမ်ရှေ့ဘက်ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့တယ်"

"လား...လား.... မနက်ပိုင်းထဲက လူသေသွားတယ်နဲ့ တူပါတယ်၊ လူတွေရှုတ်ရှုတ် ရှုတ်ရှုတ်နဲ့၊ ကနားဖျင်းထိုးနေတာနဲ့ သွားတိုးတယ်၊

လမ်းပေါ်မှာကစားနေတဲ့ ကောင်လေးကို ဘယ်တုန်းက ဆုံးသွားတာလဲလို့ မေးလိုက်တော့ မနက် '၆' နာရီက သေသွားတာတဲ့...၊

ကောင်လေးက ပြောသေးတယ်၊ အဲဒီလူက အရက်က လည်း အချိန်ပြည့်သောက်ပြီး၊ သူ့အမေကြီးကို အမြဲအနိုင် ကျင့်တယ်တဲ့...၊

မသေခင် ညဦးပိုင်းက ရပ်ကွက်ထဲမှာ ရန်ဖြစ်တာ၊ ဘယ်သူရိုက်လိုက်တာလဲ မသိဘူး...၊ ဒီမနက် သေသွားတာပဲ တဲ့...၊

အဲဒီလူကြီးက ရပ်ကွက်ချဉ်ဖတ်တဲ့......"

"ဆန်ကုန်မြေလေးတစ်ယောက်ကို လူ့လောကမှာ မ ထားချင်လို့ သေမင်းက အမိန့်ချလိုက်တာနဲ့ မဖဲဝါကိုယ်တိုင် အ ခေါင်းလာပို့တာလားမှ မသိဘဲ"

"ကျွန်တော်ကြားဖူးတယ်၊ သေတော့မယ့်လူ ရှိတဲ့အိမ်

www.burmeseclassic.com

www.burmeseclassic.com



ကို သေမင်းကလာခေါ်တယ်ဆိုတာ ကြားဖူးတယ်...''

''အခုလို မဖဲဝါကိုယ်တိုင် အခေါင်းကြီးရှက်ပြီး လာပို့တာမြင်လိုက်ပြီးကတည်းက မနက်ပိုင်းမုန့်မပို့တော့ဘူးလို့ ဆုံးဖြတ်လိုက်တာ''

''ဘာဖြစ်လဲကွာ...၊ ဒီကိစ္စမျိုးက အမြဲတမ်းရှိနိုင်တာမှ မဟုတ်တာ''

''မဟုတ်ဘူး ကိုဇော်မင်း၊ ကျွန်တော့မျက်စေ့ထဲကကို မထွက်တော့တာ၊ မနက်စောစော ဆိုက်ကားနင်းနေရင်း ဘယ်ကများပေါ်လာမလဲဆိုတဲ့ အစွဲက စိတ်ထဲပျောက်မရတော့ဘူးဗျာ....''

''ကျွန်တော်လည်း အဲဒီလို မသာအခေါင်းအပို့ခံရတဲ့လူ မဖြစ်ချင်ဘူး၊ နောက်ဆိုရင် စိတ်ကောင်းမွေးပြီး သမ္မာအာဇီဝကျတဲ့အလုပ်နဲ့ပဲ စွဲစွဲမြဲမြဲအသက်မွေးဝမ်းကြောင်းပြုတော့မယ်''

''ကောင်းတာပေါ့ ကျော်နိုင်ရာ...၊ မင်းအခု ဆိုက်ကားနင်းနေတာလည်း သမ္မာအာဇီဝကျတဲ့ အလုပ်ပဲပေါ့...''

မကြာမီမှာပင် ဆိုက်ကားက ရွှေကောင်းကွယ် လက်ဖက်ရည်ဆိုင်ဘေးလမ်းသို့ ရောက်လာသည်။

''ကဲ ကျော်နိုင်ရေ....၊ ၄ ရပ်ကွက်မသွားသေးဘူး၊ ကို



www.burmeseclassic.com

www.burmeseclassic.com



ထင်ပေါ် လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတယ်”

“ဘယ်လောက်ကျလဲ”

“ထိုးစံအတိုင်း ငါးရာပဲပေါ့”

ကျော်နိုင်လည်း ကိုဇော်မင်းဆိုင်ထဲ ဝင်သွားသည်နှင့် နောက်ကြောင်းသို့ပြန်လှည့် နှင်းလာခဲ့တော့သည်။

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# စွဲလမ်းဝိညာဉ်

ပစ္စည်းဥစ္စာ စွဲလမ်းတပ်မက်ခြင်း၊ ဆွေမျိုးသားချင်းကို စွဲလမ်းတပ်မက်ခြင်း.....၊

ဇနီးမယား၊ သမီးသားကို စွဲလမ်းတပ်မက်ခြင်း၊ မိမိကျောင်း၊ မိမိအိမ်တို့ကို စွဲလမ်းတပ်မက်ခြင်းတို့သည်....၊

နောင် သံသရာအတွက်မကောင်း.....၊

ကောင်းတဲ့စိတ်နဲ့သေရင် နတ်ပြည်ရောက်မည်။

မကောင်းတဲ့စိတ်နဲ့သေရင် အပါယ်ဘုံရောက်မည်။

သက်ရှိ၊ သက်မဲ့၊ အရာဝတ္ထုတစ်ခုခုကို စွဲလမ်းငြိတွယ်မိတဲ့အခါ ထိုအရာဝတ္ထုကို ရယူပိုင်ဆိုင်လိုမှု၊ စိတ်ဆန္ဒကြီးစိုးနေရင်း သေသွားတဲ့အခါမှာ ပြိတ္တာဘဝ ရောက်နိုင်သည်။

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



မိမိပိုင်ဆိုင်သော ပစ္စည်းအပေါ် တွယ်တာနှမြောပြီး စွဲလမ်းနေရင်လည်း မကျွတ်မလွတ်ဘဲ ရှိနိုင်ပါသည်။

သားစွဲ၊ သမီးစွဲ၊ လင်စွဲ၊ မယားစွဲ၊ ဥစ္စာစွဲ၊ ကျောင်းစွဲ၊ အိမ်စွဲပြီးသေရင်လည်း မကျွတ်မလွတ်ဘဲ ပြိတ္တာတစ်မျိုးမျိုး ဖြစ်ရမယ်လို့ ဘုရားရှင်က ဟောကြားထားပြီးသားပါ။

ယခု ကျွန်တော်ရေးပြချင်သော အကြောင်းအရာက သရဲဇာတ်လမ်းထက်ခရီးသွားမှတ်တမ်းဆိုလည်းဟုတ်ပါသည်။

ထိုခရီးသွားပြီး ဒုလ္လဘ သုံးကြိမ်ဝတ်၊ နှစ်ကြိမ်အလွတ် ဘုရားဖူးသည့် ငါးနှစ်တာ၊ ငါးခေါက်အတွင်း ဆက်ဆံကြုံခဲ့ရသော ဦးဇင်းကြီး ဦးသုမနအကြောင်းကို ရေးပြချင်၍ ဖြစ်သည်။

နောက်ဆုံးနှစ်ကျတော့ ရဟန်းအဖြစ်နှင့် ဆုံတွေ့ခြင်း မဟုတ်တော့ဘဲ.....၊

မမြင်ရသော၊ မကျွတ်မလွတ်သေးသော ပရလောက နယ်အတွင်းက တစ်ဦးအဖြစ်နှင့် ဆုံတွေ့ ခဲ့ရတော့ သည်။

အကြောင်းရင်းကတော့ မိမိအနီးမှာရှိသော ပစ္စည်း ပစ္စယအချို့နှင့်မိမိမပိုင်ပါဘဲနေထိုင်ခွင့်ရခဲ့သောကျောင်းကိုတွယ် နေခြင်းဟု အထင်ရရှိပါသည်။

ဘာပဲဖြစ်ဖြစ် ပျံလွန်တော်မူပြီးပေမယ့် ကျောင်းစွန်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်က မရွှာနိုင်သော ဦးဇင်းသုမနကြီး စွဲလမ်းမှုမှ ကင်းဝေးနိုင်ပါစေ....။

❖ ❖ ❖

"ဝေါ... ဝေါ... ဝေါ... ဝူး....."

"ဟေး..... ဟေး... ဝေး...."

"ဘုရား....ဘုရား.....အမလေး...."

"ကြောက်ရင် မျက်လုံးမှိတ်ထား ဘေးဘီမကြည့်နဲ့"

ကင်ပွန်းစခန်းမှနေ၍ တောင်တက်ကားများက မြွေလိမ် မြွေကောက်၊ တောင်ဆင်း တောင်တက်လမ်းအတိုင်း ကျွမ်းကျင်စွာ မောင်းနေသည်။

လမ်းက တစ်လမ်းမောင်းဖြစ်သဖြင့် အဆင်းနှင့်အတက်တို့ကို ဆယ်မိနစ်စခန်း၊ ရသေ့တောင်စခန်းတို့မှာ အတက်ကားကို ဦးစားပေးစောင့်ပြီး မောင်းနေကြသည်။

အတက်ကားများ ဆယ်မိနစ်စခန်းကျော်သွားမှ ရပ်စောင့်နေသော အဆင်းကားများ ကင်ပွန်းစခန်းသို့ ဆင်းကြသည်။

ကျွန်တော်တို့အဖွဲ့က ပန်းချီဆရာ၊ ရုပ်ပြဆရာ၊ ဇာတ်



www.burmeseclassic.com

www.burmeseclassic.com



ညွန်းရေးဆရာများ စုပေါင်းဒုလ္လဘရဟန်းခံရန် ရသေ့တောင်သို့ ထွက်လာကြခြင်း ဖြစ်သည်။

ပထမနှစ်အနေနှင့် ရဟန်းကိုးပါး ဒုလ္လဘဝတ်ရန် ရည်ရွယ်၍လာကြခြင်း ဖြစ်သည်။

အချို့က အိမ်သူသက်ထားများ ပါကြသလို၊ အချို့က တစ်ဦးတည်း လာကြသည်။

ကျွန်တော်အပါအဝင် ကိုဝင်းဖေ (အပျောက်)၊ ကိုမွေးအောင် (သက်မင်းဂျူလိုင်)၊ ကိုစိုးနှင်းထူး (ခဲ)တို့က တစ်ဦးတည်းသမားများ ဖြစ်သည်။

ကိုစိုးနှင်းဦး (ကာတွန်း စိုးနှင်းဦး)၊ ကိုမျိုးဝင်း (ပန်းချီလှမော်)၊ ကိုသုခ (စိတြအဂ္ဂ)၊ ကိုဇော်မိုး (ထက်အောင်သျှိုင်း)၊ ကိုကြည်စိုး (စာလုံး) တို့က အိမ်သူသက်ထား ဇနီးမယားများနှင့် အတူ ဘုရားဖူးမည့်ဆွေမျိုးများလည်း ပါကြသေးသည်။

ရဟန်းခံ၊ သိမ်ဆင်းလောင်းရန်နှင့် ကျိုက်ထီးရိုးဘုရားဖူးရန် လိုက်လာကြခြင်းလည်း ဖြစ်သည်။

မကြာခင်မှာပင် ကျွန်တော်တို့အဖွဲ့သားများ စီးလာသောကားက ရသေ့တောင်ခြေကားရပ်စခန်းမှာ ရပ်လိုက်သည်။

ရသေ့တောင်ပေါ်သို့ စားစရာထည့်ထားသည့် အိတ်



www.burmeseclassic.com

www.burmeseclassic.com



များ၊ ဆန်အိတ်များ၊ လက်ဆွဲအိတ်များကြောင့် ခြေလျင်မတက်နိုင်သဖြင့်ကားစီးလုံးတစ်သောင်းနှင့်ငှားကာရသေ့တောင်ပေါ်သို့ တက်ခဲ့ကြသည်။

တောင်ပေါ်သို့ ငါးနာရီခွဲမှာ ရောက်ခဲ့သည်။

ရသေ့တောင် ဓမ္မသုခကျောင်းအုပ် ကိုယ်တော်ဦးကောဝိဒက ရန်ကုန်မှလာမည့် ဒကာ၊ ဒကာမများစားရန် သီးစုံပဲကုလားဟင်းကို ဦးဇင်း၏မွေးစားသမီး မိစန်းအေးအား ချက်ခိုင်းထားစေသည်။

ရောက်ရောက်ခြင်း ဧည့်သည်များက ထမင်းတစ်အိုးကို အမြန်ချက်ကြသည်။

ည ၇ နာရီမှာ ညစာကို မြိန်ယှက်စွာ စားသုံးဖြစ်တော့သည်၊ ဘုရားပူးအဖွဲ့များပါလာသော ငံပြာရည်ချက်၊ ငါးခြောက်ကြော်တို့နှင့် သီးစုံပဲကုလားဟင်း အလွန်လိုက်ဖက်လှသည်။

ကျွန်တော်တို့လည်း ဆာဆာနှင့် ခေါင်းမဖော်တမ်း စားလိုက်ကြတော့သည်။

ဦးကောဝိဒအား တပည့်တကာအားလုံးက ဦးကောဟုသာ ခေါ်ကြသည်။

ထိုညက ဦးကော၏ ဓမ္မသုခကျောင်းမှာ အားလုံးစု



www.burmeseclassic.com

www.burmeseclassic.com


ပေါင်းအိပ်ကြသည်။

ယောကျ်ားလေးများက ခေါင်းရင်းဘက်မှအိပ်၍ အမျိုးသမီးများက ခြေရင်းဘက်မှအိပ်ကြရသည်။

နောက်နေ့စောစောထပြီး ဦးကောအား အရုဏ်ဆွမ်းကပ်ပြီး ဧည့်သည်များအားလုံး ထမင်းကြော်စားကြသည်။

အားလုံးသိမ်းဆည်းပြီးတော့ ဧည့်သည်များအားလုံး ကျိုက်ထီးရိုးဘောင်သို့ ဘုရားဖူးရန် မနက် ၇ နာရီ ရသေ့တောင်အောက်သို့ ဆင်းကြသည်။

အမျိုးသမီးများ၊ ကလေးများ၊ အသက်ကြီးသူများ၊ ဒုက္ခဘဝတ်မည့်သူများ လှေကားထစ်ခုနစ်ရာနီးပါးမျှရှိသော ရသေ့တောင်ပေါ်မှ တောင်အောက်သို့ ဆင်းနေကြပြီ။

အားလုံးထဲမှ ကိုဝင်းဖေက ရသေ့တောင်၏ မတ်စောက်လှသော လှေကားထစ်ဘေးမှ ချောက်များကို မကြည့်ရဲဟုဆိုသဖြင့် ကျွန်တော်က သူ့ကိုတွဲပြီး တောင်အောက်သို့ ဆင်းခဲ့ရသည်။

တောင်ခြေရောက်တော့အလှည့်စောင့်နေသည့်အာထမ်းသမားများကို တွေ့ရသည်။

အသက်ကြီးသူများ၊ နိုင်ငံခြားသားများက အထမ်းနှင့်



www.burmeseclassic.com

www.burmeseclassic.com


တက်ကြသည်၊ ဂူးသည်ဆိုက အသွားအပြန်ခံပါက တပေါင်း တည်း ရှင်းရသည်၊ ပြန်မည့်အချိန် အသင့်လာစောင့်ပေးသည်။

ကျွန်တော်တို့အဖွဲ့ကတော့ တပျော်တပါး ခြေလျင်တက် ကြသည်။

အတက်နှင့်အဆင်း လူများဖြင့် လမ်းများပြည့်နေသည်။

အထမ်းသမားများကို သတိထားပြီး ရှောင်ပေးရသည်၊ သူတို့က စည်းချက်ညီညီ လူလေးယောက် အမြန်ဆင်း၊ အမြန် တက် ထမ်းပို့နေကြသည်။

လမ်းဘေးဆိုင်များကလည်း မုန့်လက်ဆောင်၊ မုန့်ဟင်း ခါး၊ အကြော်စုံ၊ ဝါးတောင်ဝှေးများကို ဘုရားဖူးလာသူများအား အော်ဟစ်ရောင်းချနေသည်။

တစ်နာရီနီးပါးမျှနားလိုက်၊တက်လိုက်နှင့်ရသေ့တောင် စခန်းမှ တောင်မကြီးလမ်းဆုံသို့ ရောက်ကြသည်။

ထိုနှစ်က ရသေ့တောင်စခန်းမှ တောင်မကြီးပေါ်သို့ ကားလမ်းဖောက်တုန်း ဖြစ်သည်။

ဘုရားပေါ်ရောက်တော့ အေးအေးဆေးဆေး ဘုရားဖူး ကြသည်။

ဖုန်းကင်မရာများနှင့် အေးအေးဆေးဆေး ဓါတ်ပုံရိုက်


www.burmeseclassic.com

www.burmeseclassic.com



ကြသည်၊ ဖုန်းပါသူများ ရန်ကုန်သို့ လုံးဝဆက်၍မရ၊ ကျိုက်ထီး ရိုး တာဝါတိုင်အောက်ရောက်နေသော်လည်း ဖုန်းလိုင်းမမိ၊

ကျွန်တော်တို့အထဲမှ ကိုဇော်မိုး၏ ဖုန်းတစ်လုံးသာ ရန်ကုန်သို့ဆက်၍ရသည်။

သို့ကြောင့် တစ်ဖွဲ့လုံး ကိုဇော်မိုး၏ ဖုန်းတစ်လုံးထဲကိုသာ အားကိုးနေရသည်။

အလိုက်မသိသော ကိုကြည်စိုးက ရန်ကုန်မှာကျန်နေခဲ့သော မြေးနှင့်သမီးမိသားစုကို ဖုန်းမကြာခဏဆက်သလို ရန်ကုန်ကလည်း မကြာခဏဆက်နိုင်းသည်။

"ဖိုးဖိုးဆီကို ဖုန်းဆက်မယ်ဆို၊ ဖိုးဖိုး ည ၁၁ နာရီအထိ မအိပ်သေးဘူး၊ မြေးလေးဖုန်းဆက်နော်"

"ဒီလူလုပ်တာနဲ့ ဒီညအိပ်ရမယ့်ကိန်း မမြင်ဘူး"ဟု ပြောရသည် အထိပင်၊

တောင်ပေါ်မှနေ၍ ကျိုးကန်းပါးစပ်ဘက်သို့ ဆင်းခဲ့ကြသည်။

ထိုမှ ပြန်တက်လာသည်၊ မုဆိုးတောင်လမ်းမှ ထမင်းဆိုင်များရှိရာဘက် ထွက်ခဲ့ကြသည်။

မနက်စာထမင်းကို လူထုမေတ္တာထမင်းဆိုင်မှာ အား



www.burmeseclassic.com

www.burmeseclassic.com



စား ၁၅၀၀ နှင့် စားကြသည်။

နေ့တစ်နာရီခန့် တောင်ပေါ်မှ ပြန်ဆင်းလာကြသည်၊ ရသေ့တောင်ပေါ်သို့ သုံးနာရီခန့် ပြန်ရောက်ကြသည်။

ညနေပိုင်း ရသေ့တောင် ကျောင်းထိုင်ဆရာတော် ဦး စန္ဒိမာအား ဒုလ္လဘရဟန်း ဝတ်ခွင့်ပြုပါမည့်အကြောင်း ကိုစိုး နှင်းဦး ကသွား၍ ခွင့်ပန်လျှောက်ထားလိုက်သည်။

ဆရာတော်၏ ခွင့်ပြုချက်နှင့် ထိုညနေလေးနာရီအ ရောက်မှာ ကိုရင်ဝတ်ဖြစ်ကြသည်။

ငါးနာရီမှာ သိမ်တက်ကြသည်။

သိမ်ဆင်းရဟန်း ၁၅ ပါးအား ဆရာတော်ဦးစန္ဒိမာ ဦး ဆောင်ပြီး သိမ်မှအထွက် ရသေ့တောင်ပေါ် ဈေးဆိုင်များမှလည်း ရန်ကုန်မှ ဒကာများနှင့်အတူ သိမ်ဆင်းလောင်းလှူကြသည်။

နောက်ရက်တွင် ဆရာတော်ဦးစန္ဒိမာ အပါအဝင် ရသေ့ တောင်ပေါ်ရှိ ရဟန်းသံဃာများအား နေ့ဆွမ်းဆက်ကပ် လှူဒါန်း ကြသည်။

နေ့နှစ်နာရီခန့် ဒုလ္လဘရဟန်းများနှင့် လိုက်ပါလာကြ သော ရန်ကုန်မှ ဒကာ၊ ဒကာမများ စွန်တောင်၊ စကြံန်တောင်၊ မြစိမ်းတောင်သို့ ဘုရားဖူးထွက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com


စွန်တောင် ဖြစ်လာပုံကို ဦးကောက ပြောပြသည်။

ရသေ့တောင်သာသနာပြုကြွစဉ်ဘသယရသေ့ကြီးရသေ့တောင်မှ စကြံ့နံ်လျှောက်ရင်း စွန်များနေသောတောင်သို့ ရောက်သည်။

ထိုမှအပြန် နေပူလွန်းသဖြင့် ရသေ့ကြီးအပြန် လမ်းတစ်လျှောက်စွန်ကြီးများက ရသေ့ကြီးနေပူဒဏ် မခံရအောင် လိုက်၍ မိုးပေးခြင်းကြောင့် စွန်တောင်ဟု အမည်တွင်ကြောင်း ပြောပြသည်။

မြစိမ်းတောင်က အတွင်းမြစိမ်း၊ အပြင်မြစိမ်းဟူ၍ ရှိသည်။

ကျော်အောင်စံထား ဆရာတော်ကြီး ရေးသားခဲ့သောကျိုက်ထီးရိုး အမိဌာန်အကြောင်းစာအုပ်၌ မြစိမ်းဘုရားသိုက်အကြောင်း ရေးပြထားပါသည်။

ရွှေနန်းကျင်သိုက်စောင့် (ဘူမိရ) ဖြစ်စဉ်ဘဝက မြစိမ်းဘုရားသိုက်မှာ ဥစ္စာစောင့်ခဲ့ရသည်ဟု ဆိုပါသည်။

သိုက်အကြီးအကဲက မြသန္တာ၊ သိုက်စီး၊ သိုက်စောင့်ရံရွှေတော် ၂၀၀၀ ခန့်ရှိကြောင်း....၊

ရွှေနန်းကျင်က နာဂစန္ဒာဒေဝီ၊ အစ်မတော်က နာဂသူ


www.burmeseclassic.com

www.burmeseclassic.com



ဇာဒေဝီ အမည်နှင့် ဥစ္စာစောင့်ခဲ့ရကြောင်း သိလိုက်ရသည်။

ထို့နောက် ကျော်အောင်စံထား ဆရာတော်ကြီး၏ တရားများ နာကြားရသဖြင့် ဥစ္စာစောင့်ဘဝမှ ဘုမ္မာဒေဝါနတ်များအဖြစ် အဆင့်တက်ကာ ယနေ့ထက်တိုင် ကျိုက်ထီးရိုးသာသနာ အဓွန့်ရှည်အောင် စောင့်ရှောက်နေကြောင်း သိခဲ့ရသည်။

အပြန် မြစိမ်းတောင်မှဆင်းခဲ့ပြီး ဘီလူးကျောင်းဝင်၍ ဆရာတော်ကိုဖူးကာ ဝတ္ထုငွေဆက်ကပ် လှူဒါန်းကြသည်။

ထိုနေ့ညနေ လေးနာရီခွဲ ကျောင်းသို့ပြန်ရောက်ပြီး ခဏနားကာ ရေချိုးကြသည်။

ညခုနစ်နာရီကျော်တော့ ဦးဇင်း ၇ ပါးက ဦးဇင်းသုမနကျောင်းမှာ ပြောင်းအိပ်ကြရန်တိုင်ပင်၍ စောင်များ၊ ခေါင်းအုံးများကို ယူကြသည်။

ဦးဇင်းကြည်စိုး၊ ဦးဇင်းမျိုးဝင်း တို့၏ ဒကာမများက ဦးဇင်းသုမနကျောင်းမှာ လိုက်၍မအိပ်နိုင်း၊ ဦးဇင်းနှစ်ပါးကလည်း ဒကာမများစကား နားထောင်သည်။

ဦးဇင်းကြည်စိုးက ပိန်ပိန်ပါးပါး၊ ရဟန်းမဝတ်ခင်က အရက်နှင့် ဆေးလိပ်မပြတ်သဖြင့် တော်ရုံတန်ရုံ တောင်ဆင်းတောင်တက်များပင် ကြိုးစားအားစိုက်တက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com


တစ်နေ့ရောရောက်၍ နားလျှင် အမောဟိုက်နေတတ်သည်၊ သို့ကြောင့် ဇနီးဖြစ်သူက သူ့ဘေးနားကမခွာ၊ အမြဲဂရုစိုက်နေရသည်၊ အမြဲတွဲခေါ်နေရသည်။

ဇနီးဖြစ်သူက ထိုကဲ့သို့ဂရုစိုက်လေ သူကပိုပြီးနွဲ့ ပြသည်။

ရဟန်းဝတ်တော့ တောင်ဝေးအားကိုးရတော့သည်။

ရဟန်းမဝတ်ခင်က သူငယ်ချင်းများက သူတို့အတွဲကို ဦးလေးကြီးနှင့် တူမလေးအတွဲဟု အမည်ပေးကြသည်။

ကိုမျိုးဝင်းတို့စုံတွဲကတော့ ထိုသို့မဟုတ်၊ တောင်ဆင်း တောင်တက် အများနည်းတူ သွားနိုင်သည်၊ လျှောက်နိုင်သည်၊

ဒါပေမဲ့ သူတို့လင်မယားမဆိုလိုက်နှင့်၊ ဆိုလိုက်သည်နှင့် တကျက်ကျက်....၊

ဖြစ်ပုံက ကိုမျိုးဝင်းက ပါးစပ်အငြိမ်မနေ၊ ဇနီးဖြစ်သူ အစအနောက်မခံချင်မှန်းသိ၍ မထိတထိပြောသည်။

ထိုအခါ အော်ကြ၊ ဟစ်ကြ၊ စကားများကြသည်။

ခဏနေ ပြန်တည့်ကြသည်။

ကိုဇော်မိုးက သူတို့အတွဲကို မောင်လေး၊ မမ အတွဲဟု နာမည်ပေးသည်။


www.burmeseclassic.com

www.burmeseclassic.com



ကွယ်ရာမှာရော၊ ရှေ့မှာပါ စကြ၊ ပြောင်ကြသည်။

ကိုမျိုးဝင်းက ပုံမှန်ခန္ဓာကိုယ် အချိုးအစားရှိသည်၊ ဇနီးက ခပ်ဝဝ ခန္ဓာကိုယ်အချိုးအစားကြောင့် မောင်လေးနှင့် မမဟု အမည်ပေးခြင်းဖြစ်သည်။

ဦးဇင်းအဖြစ်ရောက်တော့လည်းမမွသုခကျောင်းမှာပင် အိပ်စက်ကြသလို ဦးကောအား အနီးကပ်ခြေဆုပ်လက်နယ် ပြုပေးသည်။

ခြေထောက်များကို ဆေးလိမ်းပြီးနှိပ်နယ်ပေးသည်၊ ထိုအချိန် ဦးကောက ပါးတစ်ဖက်လေဖြတ်ချင်သလို ဖြစ်နေ၍ ညစဉ် ဆေးထိုး၊ ဆေးစားနေရသည်။

ရသေ့တောင်ခြေရှိ ကျန်းမာရေးဆေးခန်းမှ တာဝန်မှူး ဆရာမလေးက ညစဉ်ကိုးနာရီထိုးလျှင် ရောက်လာပြီး ဆေးကုသပေးသည်။

ဆရာမလေး၏ ဂရုတစိုက် ကုသပေးမှုကြောင့် ဖြစ်၍ စကထက် အတော်လေး သက်သာလာသည်ဟု သိရသည်။

ဦးဇင်းကြီးသုမနဟာ အသက်ခုနစ်ဆယ်ရှိနေပြီ ဖြစ်သည်။

ကျောင်းပေါ်က နှစ်ဆယ့်လေးလက်မ တီဗွီနှင့် အောက်



www.burmeseclassic.com

www.burmeseclassic.com



စက်တစ်လုံးရှိနေသဖြင့် ဦးဇင်းများ ဝမ်းသာသွားသည်။

ဒုလ္လဘရဟန်းဝတ်များ ဖြစ်နေပေမယ့် စိတ်က လူ့စိတ်မျိုး မပျောက်ချင်။

တီဗွီတွေ့သည်နှင့်ပရီးမီးယားဘောလုံးပွဲ ကြည့်ရတော့မည်ဟု အတွေးနှင့် အားလုံးဝမ်းသာနေကြသည်။

ကျွန်တော်တို့အုပ်စု ဆွမ်းစားကျောင်းပေါ်မှာ လာအိပ်မှန်း ဦးဇင်းကြီးသိသွားသည်နှင့် မကြာခင်မှာပဲ ဇာတ်ပြပါတော့သည်။

တီဗွီအင်တနာခေါင်း လာဖြုတ်သွားသလို အောက်စက်နှင့် တီဗွီဂျိုင်းသောကြိုးကို ဖြုတ်ယူသွားသည်။

ဘောလုံးပွဲကြည့်မည့် အကြံလည်း ပျက်သွားရသည်။

ဆွမ်းစားစားပွဲအနီးမှာရှိသော ဓါတ်ဗူးနှစ်လုံးကိုလည်း ပြန်သိမ်းယူသွားသည်။

ထိုအပြုအမူများကို မြင်ပြီး အားလုံးက ဦးဇင်းကြီး သုမန သူ့ပစ္စည်းများကိုင်သည်ကို မကြိုက်ကြောင်း သိလိုက်သည်။

နောက်နေ့ နေ့ဆွမ်းစားပြီးနောက် ဒုလ္လဘရဟန်းများနှင့် ဒကာ၊ ဒကာမများ ဝိဇ္ဇာတောင်၊ စမဟောင်သို့ ဘုရားဖူးထွက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းတောင်လွန်သည်နှင့် တောင်ပြိုတောင်သို့ ရောက်ခဲ့သည်၊ မိုးရွာသွန်းမှုများကြောင့် တောင်နံရံပြိုကျကာ တောင်ခြေရှိ ကရင်ရွာအချို့ ကျောက်တုံးများပိ၍ အသက်ဆုံးရှုံးခဲ့ရသည်၊ ထိုနောက်မှစ၍ တောင်ပြိုတောင်ဟု အမည်တွင်ခဲ့သည်။

ထိုတောင်ပြိုမှစ၍ ခက်ခက်ခဲခဲဆင်းကြရတော့သည်၊ နာရီဝက်နီးပါးဆင်းခဲ့ရပြီး စမတောင်သို့ တက်ကြရတော့သည်။

တောင်ကြီးက ရသေ့တောင်ကဲ့သို့ပင် မတ်စောက်လှသည်၊ ရသေ့တောင်ကဲ့သို့ ကျောက်လှေကားထစ်မရှိ။

လမ်းကြမ်းဖြစ်သည်၊ ကျောက်တုံးကျောက်ခဲများကို ခြေကန်အားယူ၍ တက်ရသည်။

နားလိုက် တက်လိုက်နှင့် လေးဆယ့်ငါးမိနစ်ခန့် အမောဆို့မတတ် တက်မှ စမတောင်မုခ်ဝသို့ ရောက်သည်။

မုခ်ဝလှေကားထစ်များကိုမြင်လိုက်ရတော့အမောထပ်ဆို့သွားရပြန်သည်။

သို့သော်လည်း တောင်ပေါ်မှ ရွှေရောင်ဝင်းဝင်း စေတီတော်များအား ဖူးမြင်လိုသော သဒ္ဓါစိတ်ကြောင့် လှေကားထစ်များကို အံတုပြီး ကုန်းတော်ပေါ်သို့ တက်လိုက်ကြသည်။

စမတောင်မှ ဘုရားရိပ်၊ သစ်ပင်ရိပ်မှာ နာရီဝက်ခန့်



www.burmeseclassic.com

www.burmeseclassic.com



နားနားနေနေ ဘုရားများဖူးကြသည်။

စမတောင်မှနေ၍ ဝိဇ္ဇာတောင်သို့ ဆက်ပြီးသွားကြသည်၊ ခပ်ပြေပြေ၊ ဆယ့်ငါးမိနစ်ခန့် လျှောက်လိုက်သည်နှင့် ဝိဇ္ဇာတောင်သို့ရောက်ကြသည်။

ဘုရားစေတီများစွာ လှည့်ပတ်ဖူးပြီး ဝိဇ္ဇာတောင်ဆရာတော် ကျောင်းပေါ်တက်၍ ဆရာတော်ကိုဖူးကြသည်၊ ဆရာတော်က ကရင်လူမျိုးဖြစ်သည်၊ မြွေဆိပ်ကုရာ အလွန်ဆေးစွမ်းကြောင်း နာမည်ကြီးလှသည်။

ထိုဆရာတော်ကို ဖူးပြီး ဝတ္ထုငွေဆက်ကပ်လှူဒါန်းကာ တောင်ပေါ်မှပြန်ဆင်းလာကြသည်။

ထိုဘုရားဖူးခရီးစဉ်မှာ ဦးဇင်းကြီးငွေအောင်က ချေးထွက်လွန်းလှ၍ ကေသီသက်န်းပတ်သိုင်းပြီး တောင်ဝှေးတစ်ချောင်းနှင့် ဗိုက်ကြီးရှေ့ပစ်၍လျှောက်နေရာ တက္ကတွန်းကိုယ်တော်ကြီးဟု အမည်ပေးလိုက်သဖြင့် ထိုအချိန်မှစ၍ တက္ကတွန်းဟု အမည်တွင်ခဲ့သည်။

ထိုဘုရားခရီးစဉ်မှာ ဦးဇင်းဝင်းဖေက မလိုက်၊ ဝေးလား ဝါးလား ကိုယ်တော်တွေနဲ့ လျှောက်သွားနေရင် အာပတ်သင့်နိုင်တယ်ဆိုပြီး ကျောင်းမှာနေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့်ကျိုက်ထီးရိုးတောင်တစ်ခွင်ဘုရားများလှည့်ပတ်ဖူးရင်း ငါးရက်ပြည့်ခဲ့သည်။

ခြောက်ရက်မြောက်နေ့ မနက်အရုဏ်ဆွမ်းစားပြီးသည်နှင့် ဦးဇင်းများကို သက်နန်းရုံကျောင့်ခိုင်းသည်။

နံနက် ၇ နာရီမှာ ကျိုက်ထီးရိုးတောင်နှင့် ရသေ့တောင် လမ်းခွဲထိပ်အထိ ဆွမ်းခံထွက်ရမည်ဟု ဆိုပါသည်။

ဦးကောက ဦးဇင်းကြီးသုမနအား ရှေ့ပြေးအနေနှင့် ဒုလ္လဘရဟန်းများအား ဦးဆောင်ဆွမ်းခံစေပါသည်။

ရဟန်းကိုးပါးလည်း ရသေ့တောင်ခြေမှနေ၍ ဦးဇင်းကြီးသုမနအား ရှေ့မှထား၍စီတန်း ဆွမ်းခံထွက်ခဲ့သည်။

ဘုရားဖူးများလှူသော ဝတ္ထုအချို့နှင့်ဆွမ်းကို သပိတ်အပြည့်ရကြသည်။

ဆွမ်းဟင်းကတော့ တစ်ပါးနှစ်ပါးသာ ရကြသည်။

ဘုရားဈေးတန်းများက ဈေးရောင်းရ၊ မရောင်းရ၊ သံဃာတော်များကြွလာလျှင် ဆွမ်းကိုတော့ နိုင်သရွေ့ ကပ်လှူကြသည်။

ရသေ့တောင်ပေါ်တက်တော့ ဆွမ်းများက သပိတ်အပြည့်၊ ရသေ့တောင်တက် လှေကားထစ်များအပေါ် သက်နန်းနိုင်၊



www.burmeseclassic.com

www.burmeseclassic.com



သပိတ်မနိုင် ဖိုသိဖတ်သီ ကြည့်မကောင်း၊ မြင်မကောင်းစွာ ပြန်တက်လာကြသည်။

ဆွမ်းခံရန် ဒုတိယနေ့၊ ရဟန်းအဖြစ် ခုနစ်ရက်မြောက်နေ့ ဦးဇင်းကြီးသုမနပင် ရှေ့ကဦးဆောင်ပြီး ဆွမ်းခံထွက်ကြပြန်သည်။

ကျောင်းပြန်ရောက်တော့ ညနေပိုင်း သိက္ခာချကြသည်။

ညဘက်မှာ လှူဒါန်းသမျှ ဆရာတော်ကို လှူခြင်း၊ ဦးကောကို လှူခြင်း၊ ဆွမ်းအလှူ လှူခြင်း၊ ဘုရားစေတီပုထိုးများမှာ ဝတ္တုငွေ လှူခြင်း၊ ရွှေသင်္ကန်း ကပ်လှူခြင်း အလှူဒါနအစုစုတို့ကို ဦးဇင်းကြီးဦးကော ရှေ့မှောက်တွင် ရေစက်ချ အမျှဝေလိုက်ပါသည်။

နောက်နေ့ ဦးကောအား အရုဏ်ဆွမ်းကပ်ပြီး ကျောင်းပေါ်မှတောင်ခြေသို့ ဆင်းခဲ့ကြပါသည်။

နေ့ဆယ့်နှစ်နာရီ 'ဝင်း' မှန်လုံယာဉ်ဖြင့် ရန်ကုန်သို့ပြန်ခဲ့ကြသည်။

❖ ❖ ❖

ဒုတိယနှစ် မတ်လသို့ရောက်ခဲ့ပြီ၊ ထိုနှစ်မှာ သံဃာဆယ့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပါး ဒုလ္လဘ ဝတ်ဖြစ်သည်။

ကိုဝင်းဖေက ထိုနှစ်ကစ၍ မပါဖြစ်တော့၊ စိမ်းကိန်း ရပ်ကွက်မှ သံ ကိုမွှေးအောင်၊ တပ်ကြပ်ကြီး သိန်းအောင်၊ ကျောက်ပန်းတောင်း သိန်းဆောင်တို့ လိုက်ဖြစ်ကြသည်။

ထိုနှစ်မှာ ထူးခြားမှုက ရသေ့တောင်စခန်းမှနေ၍ ကျိုက်ထီးရိုးတောင်ပေါ်အထိ ကားလမ်းပေါက်သွားခဲ့ပြီ ဖြစ်သည်။

ကင်ပွန်းစခန်းမှ တောင်ပေါ်အထိ တိုက်ရိုက်တက်သူများလာသည်။

အထမ်းသမားများ ထက်ဝက်ခန့်လျော့သွားသလို ဈေးဆိုင်များလည်း ထက်ဝက်ခန့်ပိတ်သွားပြီ။

ဒုလ္လဘရဟန်းများ ဖြစ်သွားသည်နှင့် ဦးဇင်းကြီးသုမန၏ ဆွမ်းစားကျောင်းမှာ ညအိပ်ရန် စီစဉ်ကြသည်။

ဒီတစ်ကြိမ်တော့ ဦးဇင်းတွေက ပါးသွားပြီ၊ ဦးကောကျောင်းမှ ဦးဇင်းသုမနကျောင်းသို့မကူးခင် တစ်ပါးကို ငါးရာကျပ် ကောက်လိုက်သည်။

ဦးဇင်းကြည်စိုးနှင့် ဦးဇင်းမျိုးဝင်းတို့နှစ်ပါးက ထုံးစံအတိုင်း လိုက်မအိပ်ပေမယ့် ထုံးစံအတိုင်း ကောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းစားကျောင်းပေါ်တက်သည်နှင့် ဦးဇင်းကြီး ဦးသုမနအား ဦးဇင်းစိုးနှင်းဦးနှင့် ဦးဇင်းဇော်မိုးတို့က ဝတ္ထုငွေ ၅၅၀၀ ကျပ် ဆက်ကပ်လိုက်သည်။

သိမ်ဆင်းမှလောင်းလှူသော ဆပ်ပြာနှင့် မုန့်မျိုးစုံတို့ကိုပါ ဆက်ကပ်လိုက်ကြသေးသည်။

"ဦးဇင်းကြီးတို့ သတင်းကြည့်ချင် ဖွင့်ကြည့်ကြ၊ ဗွီဒီယိုကြည့်ချင်လည်း ကြည့်၊ ကော်ဖီမစ်သောက်ချင်ရင် ဓါတ်ဗူးကြီးတွေထဲမှာ ရေနွေးပူပူတွေရှိတယ်..."

"တင်ပ့ါဘုရား"

"ကျောင်းပေါ်မှာလွတ်လွတ်လပ်လပ်နေ၊နေ့ခင်းလည်း တိုးလိုးလာလှဲကြ...."

"တင်ပ့ါဘုရား....၊ တပည့်တော်တို့ကို ခွင့်ပြုပါအုံး ဘုရား"

"အေး.... အေး သွားကြ၊ သွားကြ....၊ ဒီတစ်ခေါက် ဘယ်နှစ်ရက် ဝတ်ကြမှာလဲ....."

"ခုနစ်ရက်ပါပဲ ဘုရား၊ တပည့်တော်တို့ ဆွမ်းနှစ်ရက် ထွက်ခံဖို့ ရည်ရွယ်ထားပါတယ်၊ အရှင်ဘုရား ဦးဆောင်ပြီးထွက်ပေးပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"အေး....အေး....ဦးဇင်းကတော့နေ့တိုင်းဆွမ်းခံထွက်နေတာ အကြောင်းမဟုတ်ပါဘူး၊ အခုနောက်ပိုင်းဆွမ်းက သပိတ်တစ်ဝက်တောင် မရချင်တော့ဘူးကွဲ့....၊

ဘုရားဖူးတွေက ကားနဲ့ပဲတက်နေကြတော့ ဈေးဆိုင်တွေမရှိတော့ ဆွမ်းနည်းသွားတာပေါ့"

"တင်ပါ့ဘုရား"

ဦးဇင်းနှစ်ပါးလည်း ဦးသုမနကြီးအနီးက ထလာခဲ့ကြသည်၊ ပြီးခဲ့သောနှစ်က ဦးဇင်းကြီးသုမနကို အဝင်မတတ်၍ အစဧအရာရာ လမ်းကြောင်းပိတ်သွားသည်။

ယခု ဝတ္ထုငွေကြိုတင်ကပ်လိုက်ခြင်းကြောင့် လမ်းကြောင်းများ အကုန်ပွင့်သွားခဲ့သည်။

❖ ❖ ❖

တတိယနှစ်မှာလည်း ဒုလ္လဘရဟန်း ဆယ့်တစ်ပါး ရဟန်းခံရန် ဆွမ်းကပ်မည့် ဒကာ၊ ဒကာမများ၊ ဘုရားဖူးလိုက်မည့်သူများနှင့်.....၊

ကျိုက်ထီးရိုးသို့ အချိန်မှန်ပြေးဆွဲနေသည့် သိန်းဒွန်းကျော်ကားကြီးနှင့် လိုက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ဒီနှစ် ကိုရာဇာ (ခဲ) ရဟန်းခံရန် လိုက်ခဲ့သည်။

ရသေ့တောင်သို့ ညနေ၀ါးနာရီ ရောက်ခဲ့သည်၊ နောက်နေ့စောစော ကျိုက်ထီးရိုးတောင်သို့ ဘုရားတက်ဖူးကြသည်။

နေ့ခင်း တောင်ပေါ်မှပြန်မဆင်းခင် နေ့လည်စာကို 'လူထုမေတ္တာ' ထမင်းဆိုင်မှာ ဝင်စားဖြစ်ကြသည်၊ ထမင်းဆိုင်က အဝစား ၁၈၀၀ိ ဖြစ်သွားပြီ။

တောင်ပေါ်မှ ပြန်ဆင်းခဲ့ကြသည်။

နောက်နေ့ ရဟန်းမခံခင်မနက်ပိုင်း ရသေ့တောင်ခြေသို့ ဆင်းပြီး ရေတံခွန်သို့သွားကြသည်၊ လမ်းက ဝိဇ္ဇာတောင်၊ စမတောင်သို့ သွားရာလမ်းလောက် မခက်ခဲ၊ မကြမ်းတမ်းကြသော်လည်း ရေတံခွန်သို့ဆင်းရာလမ်းက ကြမ်းတမ်းမတ်စောက်လှသည်။

သံပိုက်လုံးများဆွဲပြီး ဆင်းရ၊ တက်ရသည်။

နွေရာသီဖြစ်၍ ရေတံခွန်က ရေနည်းနည်းသာ ကျတော့သည်။

ရေတံခွန်မှာ ခဏနားပြီး ဓါတ်ပုံရိုက်ကြသည်၊ ပြီးတော့ ပြန်လာကြသည်၊ ညနေပိုင်း ကိုရင်ဝတ်၊ သိမ်တက်၊ ရဟန်းခံကြသည်။


www.burmeseclassic.com

www.burmeseclassic.com



ဦးဇင်းကြီး ဦးသုမနအား တစ်ပါးငါးရာစီစုပြီး လမ်းကြောင်းဖွင့်ရသည်၊ ဝတ္ထုငွေလှူပြီးသည်နှင့် အားလုံးလုပ်ခွင့် ရရှိတော့သည်။

ဒါပေမဲ့ ဦးဇင်းကြီးမကြိုက်မှန်းသိ၍ တိဗွီနှင့် အောက်စက်ကို မည်သူမျှမကိုင်ကြပါ။

ရဟန်းခံပြီး တတိယမြောက်နေ့မှာ အားလုံးစုပေါင်း ထည့်ဝင်ငွေနှင့် မုန့်ဟင်းခါး ဆက်ကပ်ကြပါသည်။

ကျောင်းရှိ သံဃာများအပြင် ကျောင်းသို့ ရောက်လာကြသူများပါ ကျွေးသည်။

ညနေ ဒကာများစားပြီးသော်လည်း မုန့်ဟင်းခါး မုန့်ဖတ်များ ကျန်နေသေးသည်။

ညရှစ်နာရီ၊ ကိုးနာရီခန့် မနက်အရုဏ်ဆွမ်းကပ်ရန် ချက်ပြုတ်နေစဉ် ဦးဇင်းဇော်မိုးက ဆွမ်းချက်ဆောင်တံခါးကို မပိတ်ထားဖို့ ကြိုတင်မှာထားသည်။

"ဘာလုပ်မလို့လဲ ဦးဇင်း၊ တံခါးမပိတ်ဘဲထားရင် ခွေးဝင်စားကုန်မှာပေါ့…"

"ဖွင့်ထားဖို့ မဟုတ်ဘူး၊ စေ့ထားဖို့…၊ ညဆယ့်နှစ်နာရီထိုးပြီးရင် မုန့်ဖတ်လာယူပြီး သုပ်စားမလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဦးဇင်းတို့က နေ့လွဲညစာ မဘုဉ်းရဘူးမဟုတ်လား၊ ၁၂ နာရီမထိုးခင်ကတည်းက ပြင်ဆင်နေတာရယ်၊ နာရီတကြည့်ကြည့်လုပ်နေတာကြတော့ အာပတ်သင့်မှာပေါ့...."

"ဒကာမကြီးကလည်း နောက်နေ့ကူးသွားဖို့ပဲ အရေးကြီးတာ မဟုတ်လား"

ထို့နောက် သန်းခေါင်ကျော်သည်နှင့် ဦးဇင်းလေးပါး မုန့်ဖတ်များယူပြီး သုပ်စားကြပါတော့သည်။

ကျောင်းပေါ်မှာ ခြေသံတဝုန်းဝုန်း၊ စကားက တိုးတိုးမပြော၊ အသက်ကြီးသော ဦးဇင်းကြီးသုမနထံ လမ်းကြောင်းသာမဝင်ထားပါက သူ၏တောင်ဖွေးနှင့်လိုက်ရိုက်မည်မှာ ကြိမ်းသေဖြစ်သည်။

အိပ်မရတော့သဖြင့်ကုလားထိုင်ပေါ်တက်ထိုင်နေသော ဦးဇင်းကြီးသုမန ဦးဇင်းလေးပါးကို ကြည့်ပြီးသဘောကျစွာ ရယ်မောနေသည်ကို တွေ့ရသည်။

ထိုနှစ်မှာ ခြောက်ကပ်နေပြီဖြစ်သော ရသေ့တောင်ခြေမှ ကျိုက်ထီးရိုးတောင်အထိ အတက်လမ်းတစ်လျှောက် ဆွမ်းခံမထွက်ဖြစ်တော့၊

အထမ်းသမားများလည်း မရှိတော့၊ ဆိုင်ခန်းများလည်း



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့၊ အထမ်းသမားများက တောင်ပေါ်ကားဂိတ်မှ ကျိုက်ထီးရိုးရင်ပြင်အတက် [illegible]၀ အထိသာ ပို့ကြရတော့သည်။

❖ ❖ ❖

စတုတ္ထနှစ်မှာတော့ တိုးတက်မှုများရှိသလို ဆုတ်ယုတ်မှုတွေက အများကြီးတွေ့ရသည်။

တိုးတက်မှုက ရေတံခွန်သို့ ကားလမ်းဖောက်လိုက်သည်၊ တောင်တက်ကားလမ်းများက တစ်လမ်းမောင်းထက် နှစ်လမ်းမောင်းဖြစ်အောင် ချဲ့လိုက်သည်ကို တွေ့ရသည်။

တောင်ဆင်း တောင်တက်၊ အကွေ့ အကောက်များမှာ လမ်းအနည်းငယ် ကျဉ်းပေမဲ့ အဖြောင့်လမ်းများက နှစ်လမ်းသွားများ ဖြစ်ကုန်ပြီ။

ဒီနှစ် ဦးကောက လေးနှစ်မြောက်ဖြစ်၍ ရဟန်းမခံစေချင်ကြောင်း ပြောလာသည်၊ စတုတ္ထနှစ်မှာ ရဟန်းမခံဖြစ်တော့သဖြင့် ငါးည၊ ခြောက်ရက်သာ နေဖြစ်ခဲ့တော့သည်။

ရဟန်းခံခဲ့သော သုံးနှစ်တာကာလ၊ ညနေခြောက်နာရီထိုးသည်နှင့်အောင်မင်္ဂလာဗုဒ္ဓသဃဘုရားကြီးရှေ့မှောက်မှာ သံဃာများအား အဓိဋ္ဌာန်ပုတီးစိပ်ခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ်မှာ ကံဘုန်းပွင့်၊ ရွှေဘုန်းပွင့်၊ မြဘုန်းပွင့် ဘုရားများမှာ အဓိဋ္ဌာန်ပုတီးများ စိပ်နိုင်းပါသည်။

တတိယနှစ်မှာလည်း ဘုရားပေါင်းစုံမှာ အဓိဋ္ဌာန်ပုတီးများ စိပ်နိုင်းခဲ့ပါသည်၊ ကုသိုလ်ယူတတ်လျှင် ကုသိုလ်အများကြီး ရနိုင်ပါသည်။

❖ ❖ ❖

ပဉ္စမနှစ်သို့ ရောက်ခဲ့ပါပြီ၊ မတ်လ ဆယ့်ရှစ်ရက်နေ့မှာ လူစုပြီး ကျိုက်ထီးရိုးဘုရားဖူး ထွက်ခဲ့သည်။

ထိုနှစ်မှာ ကိုစိုးနှင်းဦးမိသားစုက မြေးထိန်းရမယ်ဆိုပြီး နေခဲ့သည်။

တက္ကတွန်း ကိုငွေအောင်က ဗနီးနေမကောင်း၍ မလိုက်နိုင်သလို ကားပွဲစားလုပ်နေသော ကိုဇော်မိုးမိသားစုလည်း မလိုက်နိုင်၊

တပ်ကြပ်ကြီး သိန်းအောင်က ဝတ္တရားမပျက် လိုက်ခဲ့သည်။

ဤအခေါက်မှာ ရဟန်းမဝတ်ဖြစ်ပေမယ့် ဘုရားလည်းဖူးရင်း ပါလာသော အလုပ်လေးများလုပ်ရန် ရည်ရွယ်ချက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာကြခြင်းဖြစ်သည်။

ကိုမျိုးဝင်း (ပန်းချီလူမော်)က ဘော်ဒီလိုင်းကွပ်ရန် အလုပ်များပါလာသလို ကိုကြည်စိုးက စာလုံးသွင်းရန် အလုပ်ပါလာသည်။

ဇာတ်လမ်းရေးသော ကိုသုခက ကျိုက်ထီးရိုးဇာတ်လမ်း ပြန်ပြင်ဆင်ရန် ဇာတ်ညွှန်းပါလာသည်။

ပန်းချီလူမော်ရေးဆွဲသော ရွှေနန်းကျင်စာအုပ်က ဆိုင်များပေါ်မှာ တွေ့ရသည်၊ ဘုရားဖူးများလည်း အားပေးဝယ်ယူဖတ်ရှုနေသည်ကိုလည်း တွေ့ရသည်။

ပဋ္ဌမနှစ်မှာ မြစိမ်းတောင်အတက်၊ ဘီလူးကျောင်းတောင်ခြေမှစ၍ တောင်ပြို စမတောင်၊ ဝိဇ္ဇာတောင်အထိ ကားလမ်းဖောက်ထားပြီးပြီ၊

မြစိမ်းတောင်လမ်းခွဲမှ တောင်ပြိုအထိ ကွန်ကရစ်များခင်းထားပြီးပြီ၊

ရသေ့တောင်ကျောင်းမှာလည်း ပြန်လည်ပြင်ဆင်ထားပါသည်။

သိမ်မှာ သီတင်းသုံးနေသော ဦးဇင်းကြီးက ခါတိုင်းနှစ်တွေရောက်စဉ်က သန်သန်မာမာ၊ ဝဝဖိုင့်ဖိုင့်ကြီး၊



www.burmeseclassic.com

www.burmeseclassic.com



ယခုရောက်တော့ ပိန်ပိန်ပါးပါး၊ လေမိသွားသဖြင့် တောင်ဝှေးနှင့် လမ်းလျှောက်နေရသလို သိမ်ပေါ်မှာ သတင်း မသုံးတော့ဘဲ ဓမ္မသုခအနောက်ဘက်၊ မြေစိုက်ကျောင်းလေး မှာ သီတင်းသုံးနေသည်။

ထို့ပြင် ကျွန်တော်တို့လေးနစ်လုံး ညအိပ်ခဲ့သော ဆွမ်း စားကျောင်းမှာ သီတင်းသုံးနေသည့် ဦးဇင်းကြီးသုမနလည်း ပျံလွန်တော်မူသွားပြီဟု သိရသည်။

ထိုကျောင်းမှာ မည်သည့်သံဃာမှ လာရောက်သီတင်း သုံးခြင်း မရှိ၊

ရောက်စညက ဆွမ်းစားကျောင်းမှာ ပြောင်းအိပ်ရန် စီစဉ်ကြသည်။

စောင်များ၊ ခေါင်းအုံးများကို ယူပြီး ဆွမ်းစားကျောင်းသို့ သယ်သွားကြသည်။

ညဘက် လွတ်လွတ်လပ်လပ် အိပ်ရတော့မည်၊ ထို ကျောင်းသို့ ကိုကြည်စိုးနှင့် ကိုမျိုးဝင်းတို့ ထုံးစံအတိုင်း မပါ လာခဲ့။

ကျွန်တော်တို့အုပ်စု ဓမ္မသုခကျောင်းမှာ စကားဝိုင်းဖွဲ့ ပြောနေကြပြီး ညရှစ်နာရီ ဆွမ်းစားကျောင်းသို့ ကူးလာခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း အိပ်ကာစ၊ အိပ်ပျော်သွားသေးသည်၊ ဆယ်နာရီကျော်၊ ဆယ့်တစ်နာရီခန့်မှာ တဒေါက်ဒေါက် အသံကြောင့် နိုးသွားရသည်။

"ဟင်....၊ ဘာသံပါလိမ့်"

စောင်ကိုဖယ်ပြီး မျက်လုံးအသာ ဖွင့်ကြည့်လိုက်သည်၊ အသံရှင်ကို မတွေ့ရ။

ကျွန်တော်တို့ခြေရင်းမှာ တဒေါက်ဒေါက်နှင့် လမ်းလျှောက်နေသည့်အသံ ကြားရသည်။

"ရှပ်... ရှပ်.... ရှပ်"

"ဒေါက်.... ဒေါက်.... ဒေါက်"

ခြေသံနှင့် တောင်ဝှေးထောက်သံ ပီပီသသ၊ အသွားအပြန် လျှောက်နေသည်။

ကျွန်တော့်အနီးက အိပ်နေသော ကိုသုခကို ကြည့်လိုက်သည်၊ ပြီးတစ်ဖက်က ကိုသိန်းအောင်ကိုကြည့်လိုက်သည်။ အားလုံးတခေါခေါနှင့် အိပ်မောကျနေကြပြီ။

ငါးပင်လေးခန်းမျှကျယ်သော ကျောင်းကြီးပေါ်မှာ မအိပ်ချင်သေး၍ အညောင်းပြေ လမ်းလျှောက်နေသည့်နှယ် အသွားအပြန် လမ်းလျှောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ခေါင်းမြီးခြုံပြီး စောင်ထဲမှာ ရင်တဒိတ်ဒိတ် ခုန်နေသည်။

စိတ်ချောက်ချားပြီး ဇောချွေးများ ပြန်နေသည်။

ထို့နောက်မှာတော့ ဦးဇင်းကြီး အမြဲတန်းအိပ်သောအိပ်ရာမှ ဖျာဆွဲခင်းသံလိုလိုကြားပြီး အရာအားလုံး ငြိမ်သက်သွားသည်။

ကျွန်တော့်မှာတော့ တောင်ပေါ်လေ တဝုန်းဝုန်း၊ တဖျန်းဖျန်းမြည်အောင် တိုက်ခတ်နေ၍ အအေးလွန်ကဲနေသော်လည်း စောင်အောက်မှာ ဇောချွေးပြန်ပြီး အိပ်လို့မရဖြစ်နေသည်။

မည်သည့်အချိန်မှာ ပြန်လည် အိပ်ပျော်သွားသည်မသိ၊ မနက်သုံးနာရီခန့် ရုတ်တရက်နိုးလာခဲ့သည်၊ ဆီးသွားချင်၍ နိုးခြင်းဖြစ်နိုင်သည်၊ ဆီးအိမ်တင်းနေသည်။

တစ်ဖက်တစ်ချက်မှာ အိပ်နေသူများက တုတ်တုတ်မျှ လှုပ်ရှားသံမကြားရ၊ ဆီးသွားချင်၍ အနေရခက်နေသည်၊ တစ်ယောက်တည်းလည်း မထရဲ။

ကံအားလျော်စွာ သုံးနာရီခွဲခန့် ကိုသုခနိုးလာသည်၊ အပေါ့သွားရန် တံခါးဖွင့်ပြီးထွက်သွားသည်နှင့် ကျွန်တော်လည်း အိပ်ရာမှထပြီး နောက်မှ အမြန်လိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညကြီးအချိန်မတော် ဦးဇင်းကြီး တောင်ဝှေးတစ်ချောင်းနှင့် လမ်းလျှောက်သည့်အကြောင်း မပြောခဲ့။

ကိုသုခအပေါ့သွားပြီး လှေကားထစ်မှ ပြန်တက်နေပြီ၊ ကျွန်တော်လည်း အပေါ့သွားခြင်းကို အမြန်လက်စသိမ်းပြီး နောက်မှ အမြန်လိုက်ခဲ့သည်။

ကျွန်တော် ကျောင်းထဲဝင်တော့ ကိုသုခ စောင်ခြုံပြီး ကွေးနေပြီ။

ကျွန်တော် ခေါင်းရင်းဘက် ဦးသုမနအိပ်ခဲ့သော အိပ်ရာကို မရဲတရဲလှမ်းကြည့်လိုက်သည်။

ဘယ်သူမှ ရှိမနေသဖြင့် ကြောက်လန့်ခြင်းအနည်းငယ် လျော့သွားပြီး စောင် ခေါင်းအထိရောက်အောင် ဆွဲခြုံအိပ်လိုက်သည်။

ညက ဦးဇင်းသုမနအကြောင်း စဉ်းစားလိုက်၊ ခြေရင်းဘက်များ ရောက်နေမလား၊ ခေါင်းရင်းဘက်များ ရောက်နေလား၊ ကြောက်စိတ်နှင့် ပြန်၍အိပ်မပျော်တော့။

သို့ဖြင့် လေးနာရီခွဲခန့် ရှိလာပြီ၊ ဦးဇင်းကြီး၏ အိပ်ရာဆီမှ တောင်ဝှေးနှင့် လမ်းလျှောက်သံ ကြားလာရသည်။

"ဒေါက်... ရှပ်.... ဒေါက်.... ရှပ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စောင်ကို မျက်လုံးပေါ်အောင် အနည်းငယ် ဆွဲချပြီး ကြည့်လိုက်သည်။

"ဒေါက်... ရှပ်.... ဒေါက်.... ရှပ်"

ဘယ်သူမှ မတွေ့၊ အသံသာ ကြားနေရသည်။

"ကျွီ"

တံခါးဖွင့်ပြီး ထွက်သွားသော အသံဖြစ်သည်။

အပြင် သမိတလင်းပေါ်သို့ တောင်ဝှေးထိသံ၊ ခြေလှမ်း လျှောက်သံတို့ ထိုနိုက်ထွက်ပေါ်လာသည့်အသံ မကြားရတော့။

ကျောင်းပေါ်မှာ ရှိသူများကို အသံပေးခြောက်လှန့် သည်လား မသိ။

"ကိုသုခ"

ကိုသိန်းအောင်က တိုးတိုးခေါ်လိုက်သည်။

"ဗျာ"

"ခင်ဗျားကြားလိုက်လား"

"ကြားတယ်"

"ကျောင်းပြင်ကို ထွက်သွားတာပဲ၊ ကျွန်တော်နိုးနေလို့ မျက်လုံးဖွင့်ကြည့်တော့၊ ခြေသံနဲ့ တောင်ဝှေးထောက်သံပဲ ကြား ရတယ်၊ ဦးဇင်းကြီးကို မတွေ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျွန်တော်က တောင်ဝှေးသံကြောင့် နိုးသွားတာ၊ မျက်လုံးဖွင့်ကြည့်လိုက်တော့ ဘာမှမတွေ့ရဘူး"

သူတို့ပြောနေစဉ် ကျွန်တော်ကလာထိုင်လိုက်ပြီး....၊

"ဆယ့်တစ်နာရီလောက်က ကျောင်းပေါ်မှာ ခေါက်တို့ ခေါက်ပြန် လမ်းလျှောက်နေတာ၊ မျက်လုံးဖွင့်ကြည့်တော့ ဘာမှမတွေ့ရဘူး၊ အသံကတော့ ကြားနေရတယ်...."

"ခင်ဗျားတို့လည်း နိုးနေလားဆိုပြီး ဘေးဘီကြည့်တော့ အားလုံးအိပ်ပျော်နေကုန်ပြီ၊

ကျွန်တော်လည်း စောင် ခေါင်းလုံအောင် ဆွဲခြုံပြီး ကြောက်နေတာ ချွေးကိုပြန်ရော......၊ ခင်ဗျားတို့ ရှိနေလို့၊ တစ်ယောက်တည်းဆို လိပ်ပြာလွင့်မလားပဲ"

"သုံးလေးခေါက် လှည့်ပတ်လျှောက်ပြီးမှ ခေါင်းရင်းဘက်မှာအသံပျောက်သွားတယ်၊သူ့အိပ်ရာထဲသွားအိပ်တဲ့ပုံပဲ"

"သူမသေခင်က လုပ်နေကျအတိုင်း လျှောက်လုပ်နေတာ ဖြစ်မယ်..."

"ဦးဇင်းကြီးလည်း တမလွန်ဘဝပြောင်းသွားတာတောင် သူ့ပစ္စည်းတွေစွဲလမ်းတဲ့စိတ်နဲ့ ကျောင်းမှာပဲ ရှိနေပုံရတယ်......."



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်တယ်၊ပြီးခဲ့တဲ့နှစ်တွေကျွန်တော်တို့သူ့ရဲ့ဂါဗိုနဲ့ အောက်စက် ခဏဖွင့်ကြည့်ရင် သူ့မှာ ထလာလိုက်၊ သွားပြန် ထိုင်လိုက်နဲ့ စိတ်မချဖြစ်နေတာ..."

"အခု သူလည်းမရှိတော့ရော သူ့ပစ္စည်းအားလုံး သူ့ သားသမီးတွေ ခွဲခြမ်းယူသွားတဲ့နောက်ကို ဘာဖြစ်လို့လိုက် မသွားတာလဲ....၊

ပျံလွန်တော်မူကာနီးမှာ ဒီကျောင်းနဲ့ ဒီနေရာကို စွဲ လမ်းတဲ့စိတ်ကြောင့် မကျွတ်မလွတ်သေးတာလည်း ဖြစ်နိုင် တာပဲ"

ဦးဇင်းကြီးမိသားစုက တောင်ခြေမှာ အထမ်းသမား အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုသူများဖြစ်သည်။

ချောင်လည်ခြင်းမရှိကြ၊ ဦးဇင်းကြီးအတွက် ဆွမ်းတစ် ချိုင့်ပင် မပို့နိုင်ကြ၊

သို့ကြောင့် အသက်(၇၀)ကျော် ပျံလွန်တော်မူကာနီး အထိ ရသေ့တောင်မှ အတက်အဆင်းကို အံတုပြီးဆွမ်းခံစား ခဲ့ရသည်။

ဦးကောနှင့် ကျောင်းရှိသံဃာများအား အရဏ်ဆွမ်း ကပ်နေစဉ် ကျွန်တော်တို့အုပ်စု စောင်၊ ခေါင်းအုံးများ ပြန်သယ်



www.burmeseclassic.com

www.burmeseclassic.com



လာကြသည်။

ထိုအခါမှ ရေလိုက်ထည့်ပေးနေသော ကိုယ်တော်က ကျွန်တော်တို့အဖြစ်ကိုမြင်ပြီး.....

"ဒကာတို့ ညက ကောင်းကောင်းအိပ်ရရဲ့လား၊ စောင်တွေလိုက်ဆွဲတာ မခံရဘူးလား..."

"စောင်တော့ မဆွဲဘူးဘုရား၊ ညဦးပိုင်းရော၊ မိုးလင်းပိုင်းမှာပါ တောင်ဝှေးနဲ့ လမ်းလျှောက်နေသလို အသံပဲကြားနေရတယ် ဘုရား...."

"မြီးခဲ့တဲ့ လက ဘုရားဖူးတွေလာရင်း နှစ်ညလောက်တည်းခိုခွင့်တောင်းလို့ ခွင့်ပေးလိုက်တယ်၊ တစ်ညတည်းနဲ့ ပြန်သွားကြတယ်..."

"ဦးဇင်းတို့ကျောင်းက သရဲခြောက်တယ်လို့ပဲ ပြောသွားတယ်၊ ဒကာတစ်ယောက်ကတော့ တစ်ညလုံးစောင်တွေလာဆွဲနေတာပဲတဲ့၊ သူ့ကျောင်းမှာ လာတည်းခိုတာ မကြိုက်တဲ့ပုံပဲ"

ကျွန်တော်တို့ကိုတော့ ထိုကဲ့သို့မလုပ်၊ ဦးဇင်းကြီးအသက်ရှင်စဉ်က ကျောင်းကိုရောက်သည်နှင့် ဝတ္တုငွေ အလှူဆက်ကပ်ပြီး ပေါင်းသင်းထားသည် မဟုတ်ပါလား၊ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်း ဦးကောကျောင်းမှာ ညပြန်အိပ်ဖြစ်ကြတော့သည်။

နောက်နေ့မနက်ပိုင်း အမျိုးသမီးအုပ်စု အရုဏ်ဆွမ်းကပ်ရန် ချက်ပြုတ်ကြော်လှော်နေကြသည်။

ကျွန်တော်ကတံမြက်စည်းဆွဲပြီးကျောင်းပတ်ဝန်းကျင်အနှံ့ ကံမြက်စည်းလှည်းကျင်းနေသည်။

ဆွမ်းစားကျောင်းအနောက်ဘက် ဘုရားဖူးခရီးသွားများသောက်သုံးရန်ထားသော သောက်ရေတိုင်ကီကြီးအနီးမှာ တံမြက်စည်းလှည်းနေသည်။

ကျွန်တော့်နောက်က ကိုယ်တော်တစ်ပါး သပိတ်ပိုက်ပြီး ဆွမ်းခံထွက်သွားသည်ကို သိလိုက်သည်။

ဘုန်းကြီးကျောင်းမှာ တောင်ခြေဆွမ်းခံထွက်တာမဆန်းဆိုပြီး တံမြက်စည်းကို လှည်းမြဲလှည်းနေသည်၊

ထိုကိုယ်တော်က တဖြည်းဖြည်းလျှောက်သွားနေရာရသေ့ကြီးဦးခန္တီရုပ်တုရှေ့နားရောက်လောက်မှကျွန်တော်ရုတ်တရက် သတိဝင်ပြီးလှည့်ကြည့်လိုက်စဉ်၊ မျက်စေ့အောက်မှာပင်အရိပ်လိုဝေဝါးပျောက်ကွယ်သွားသည်။

"ဟာ....ဦးဇင်းသုမနကြီးပါလား"

အံချိန်က ငါးနာရီခွဲခန့်ရှိသေးသည်၊ အရုဏ်ဆွမ်းပင်



www.burmeseclassic.com

www.burmeseclassic.com



မကာပ်ရသေး၊ နေ့ဆွမ်းအတွက် တောင်ပေါ်မှ (၇)နာရီကျော်မှသာ ဆင်းကြသည်ကို တွေးမိလိုက်၍ လှည့်ကြည့်မိခြင်းဖြစ်သည်။

"ဦးဇင်းကြီးက နေ့စဉ်လုပ်နေကျအတိုင်းလျှောက်လုပ်နေတာပါလား"

ကျွန်တော်တို့ဘုရားဖူးများလည်းရသေ့တောင်မမှသုခကျောင်းမှာ ငါးည၊ ခြောက်ရက်။

တပေါင်းလပြည့်နေ့မှာဦးကောအားရှိုးဦးချပြီးတောင်ခြေသို့ပြန်ဆင်းလာခဲ့ကြသည်။

ကျွန်တော်လည်း လာမည့်နှစ်မှာ ဆရာတော်ဦးစန္ဒိမာ၊ ဦးကောဝိဒနှင့် အခြားသံဃာတော်များ......၊

ကျန်းကျန်းမာမာ ချမ်းသာစွာ သီတင်းသုံးနေသည်ကို မြင်ရပါလို၏။

ကျိုက်ထီးရိုးသာသနာ ဤကမ္ဘာတည်သ၍ တည်တံ့ပါစေ.....၊

တောင်စဉ် တောင်တန်းတစ်လျှောက် စောင့်ရှောက်ကြကုန်သော ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်ဝေနေယျအပေါင်းတို့ကို မေတ္တာများပို့ပြီး တောင်ဆင်းကားပေါ်မှာ လိုက်ပါလာခဲ့တော့သည်။

ဦးဇင်းသုမနကြီး စွဲလမ်းမှုတွေကင်းပပြီး တောင်ဖုရာဘုံ



www.burmeseclassic.com

www.burmeseclassic.com


သို့ ရောက်ပါစေဟု ဆုတောင်းလိုက်မိသေးသည်။

ထို့နောက် ကင်ပွန်းစခန်းမှနှစ်နာရီတွင် 'ဝင်း' ခရီးသည်ပို့ဆောင်ရေး မှန်လုံကားကြီးနှင့် ရန်ကုန်သို့ ပြန်လာခဲ့ကြပါတော့သည်။ ။

❖ ❖ ❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်များနှင့် တစ်ညတာ

အောင်မြင့်တစ်ယောက် ရန်ကုန်တက္ကသိုလ်၊ တတိယနှစ် တက်နေသူဖြစ်သည်။

ကျောင်းပိတ်သဖြင့် ဇာတိမြေအောင်းကြီးရွာသို့ပြန်ရန် ကုန်းလမ်းပို့ဆောင်ရေးပိုင်း ရိုးမအာရှကားရှိရာ ပါရမီကားဝင်း အတွင်းသို့ လာခဲ့သည်။

ရိုးမအာရှကားက ရန်ကုန်မှညောင်လေးပင်သို့ နေ့စဉ်နှစ်နာရီ တစ်စီးနှုန်းဖြင့် ပုံမှန်ထွက်နေသည်။

ပါရမီကားဝင်းဂိတ်သို့ ကားစီးရန်ရောက်ရှိစဉ် ရိုးမကားမောင်းသော ဦးခင်ညိုကို တွေ့လိုက်သည်။

သူလေးနာရီခွဲ ကားကိုမောင်းရမည်ဟု ဆိုသည်၊

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com


ထိုကားက ရန်ကုန်မှ ညောင်လေးပင်သို့ထွက်သော နောက်ဆုံးကား ဖြစ်သည်။

ဦးခင်ညိုက တောင်ဥက္ကလာ (၁၀)ရပ်ကွက်၊ ၁၅–လမ်းမှာနေသူဖြစ်သည်၊ အောင်မြင့်က ဦးခင်ညိုတို့ ခြံဝင်းခြေရင်းမှာ ဆောက်ထားသော အပိုအိမ်မှာ ငှါးနေခဲ့ဖူး၍ ရင်းနှီးနေခဲ့ခြင်းလည်းဖြစ်သည်။

သို့ဖြင့် ညနေလေးနာရီခွဲသည်နှင့် ရိုးမအရှေ့ကားဂိတ် အတွင်းကစ၍ ထွက်ခဲ့ပါတော့သည်။

ရိုးမအရှေ့အပြင် ရိုးမအနောက်ကားလည်း ရှိသေးသည်၊ ပြည်မြို့အထိထွက်သည်။

ရိုးမအရှေ့ကားကြီးက ပဲခူးသို့နှစ်နာရီ၊ ပြွန်တန်ဆာမြို့သို့ လေးနာရီမောင်းသည်။

သို့ကြောင့် ပြွန်တန်ဆာမြို့ရောက်တော့ ညရှစ်နာရီခွဲရှိပြီဖြစ်သည်။

ပြွန်တန်ဆာမြို့မှနေ၍ အောင်းကြီးရွာသို့ပြန်ရန် အတော်ညည့်နက်မှ ရောက်တော့မည်၊

နွေကာလဖြစ်၍ ခြေခင်း၊ လက်ခင်းသာသော်လည်း သွားစရာ လှည်းကြုံလည်းမရှိတော့၊ ခြေလျင်လျှောက်လျှင် ည


www.burmeseclassic.com

www.burmeseclassic.com



ဆယ့်နှစ်နာရီခန့်မှ ရောက်ပေမည်။

ညည့်နက်ပါက ချောင်းရင်းရွာမှာ သူငယ်ချင်းမျိုးလွင်တို့အိမ်မှာ ဝင်အိပ်ရန်စိတ်ကူးပြီး ညည့်နက်မှရောက်လည်း စိုးရိမ်စရာမရှိဟုမှတ်ယူကာ နောက်ဆုံးကားနှင့် လိုက်လာခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပြွန်တန်ဆာမြို့ရှေ့ဈေးမှဆင်းပြီး ကန်ပတ်လမ်းအတိုင်း ရွှေဘုံသာမုနိဘုရားရှေ့၊ ရန်ကုန် ဘုန်းတော်ကြီးကျောင်းနှင့် နင်းကျွန်း ကျောင်းနှစ်ကျောင်းအကြားရှိ လမ်းမှရွာသို့လာခဲ့သည်။

မြို့အစွန်အဖျားရပ်ကွက်ဖြစ်သဖြင့် လမ်းမီးတိုင်တစ်တိုင်ခြား မီးလုံးလေးများသာရှိသည်။

အုတ်ဖိုကျောင်းရှေ့အဝင်လမ်းမှ အောက်လမ်းဘက်သို့ထွက်ခဲ့သည်၊ လမ်းမီးများမရှိတော့။

အမှောင်ထုက ပိုကဲလာသည်၊ အောက်လမ်းတစ်လျှောက်လုံးသစ်ပင်ကြီးများ အုပ်မိုးထားသည်။

လမ်းက ချောင်းရိုးလေးတစ်ဖက်၊ ခြံနှင့်ကပ်ပြီး မြေဖို့ထားသည်၊ မျက်နှာဝ လေးပေခန့်ကျယ်သော လမ်းဖြစ်သည်။

ထိုလမ်းကျဉ်းပေါ်မှာ ဆယ်မိနစ်ခန့်လျှောက်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com


ကျောင်းကြီးကွက်သစ်ဘက်သို့ ထွက်သောလမ်းဆုံသို့ ရောက်သည်။

ကိုးနာရီကျော်ခန့်သာရှိသေးသဖြင့် အချို့အိမ်များ မအိပ်ကြသေး၊ အိမ်အတွင်းမှ ထွက်လာသော မီးရောင်ကလေးများကို အဖော်ပြုပြီး မျိုးလွင်တို့အိမ်သို့ ဦးတည်ပြီး လျှောက်လာခဲ့သည်။

မကြာခင်မှာပင် ကျောင်းကြီးကွက်သစ်၊ ရပ်ကွက်ထိပ်သို့ ရောက်လာသည်။

ရပ်ကွက်ထိပ်မှသုံးအိမ်ခန့်ကျော်လျှင်မျိုးလွင်တို့အိမ်သို့ ရောက်ပြီဖြစ်သည်။

မျိုးလွင်တို့အိမ်မှာအိပ်ပြီး မနက်စောစောမှ ရွာသို့ပြန်မည်ဟု စိတ်ကူးလိုက်သည်။

ရောက်ပါပြီ၊ မျိုးလွင်တို့အိမ်ကို မှောင်နှင့်မည်းမည်းမှာ မြင်လိုက်သည်၊ မီးရောင်မတွေ့ရသဖြင့် အိပ်ပြီတုစိတ်ကထင်လိုက်သည်။

"မျိုးလွင်ရေ.... မျိုးလွင်....၊

မျိုးလွင်.... အိပ်ပြီလား"

"ဝုတ်.... ဝုတ်... ဝုတ်"


www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ခွေး... ဟဲ့ခွေး... သွားစမ်း"

အောင်မြင့်အသံကြား၍မျိုးလွင်တို့ခြေရင်းအိမ်မှ ခွေးက ထဟောင်သည်၊ အိမ်ရှင်အဒေါ်ကြီးက ခွေးကိုလှမ်းဟောက်လိုက်သဖြင့် ခွေးဟောင်သံရပ်သွားသည်။

"အဒေါ် မျိုးလွင်တို့ အိပ်ကုန်ပြီနဲ့တူတယ်"

"ဟဲ့ မျိုးလွင်တို့ ကိုင်းပစိုက်ကတည်းက လယ်ထဲကို ပြောင်းသွားကြတယ်၊ ရေလကုန်လောက်မှ ရွာကိုပြန်ပြောင်း လာကြမှာကွဲ့"

"အော်... ဟုတ်ကဲ့၊ သူများအိမ်မှာ ရှိလားလို့"

"မင်းက ဘယ်သူလဲ..."

"သူ့ သူငယ်ချင်းပါ...."

အဒေါ်ကြီး အသံတိတ်သွားသည်။

အောင်မြင့်လည်း မျိုးလွင်မရှိဘူးဆို၍ စိတ်ထဲအတော် ညစ်သွားသည်။

ချောင်းရင်းရွာမှထွက်လျှင် ရွာတောင်ဘက် သုသာန်ကို ဖြတ်ရအုံးမည်၊ သုသာန်လမ်းကမဖြတ်ဘဲ ရွာသစ်ကြီးလမ်း အတိုင်း ရင်းနွယ်ချောင်းကမ်းပါးသို့ သွားရသည်။

ချောင်းရိုးတစ်လျှောက်သွားပြီး ဦးမြစံ တဲစု၊ မောင်မောင်



www.burmeseclassic.com

www.burmeseclassic.com


တို့တဲစု၊ ကိုချစ်သိန်းတို့တဲစုကိုကျော်ပြီး တစ်နာရီနီးပါးလျှောက်လျှင် ကညင်နှစ်ပင်ရွာသို့ ရောက်သည်။

ကညင်နှစ်ပင်ရွာမှ နာရီဝက်ခန့်လျှောက်လျှင် အောင်မြင့်တို့ရွာ၊ အောင်းကြီးသို့ရောက်မည်။

လမ်းမှာ သချိုင်းများလည်း ဖြတ်ရအုံးမည်၊ လူမရှိသော ချောင်းစပ်တစ်လျှောက် အချိန်ကြာမြင့်စွာ လျှောက်ရအုံးမည်။

ရွာသို့ရောက်မည်ဆိုလျှင်တော့ရသည်၊ သူ့မှာ အဝတ်အစားအိတ်ကလွဲပြီး ငွေများများစားစားမပါ။

တက္ကသိုလ်တက်နေသော ကျောင်းသားတစ်ယောက်အဖို့ လမ်းစရိတ်တောင် မနည်းချန်ပြီးပြန်ခဲ့ရသည်။

ချောင်းရင်းရွာမှာတော့ အသိမိတ်ဆွေအတော်များများနှင့် ကျောင်းနေဖက်သူငယ်ချင်းများလည်း ရှိပါသည်။

တစ်ခါမှ ညအိပ်ညနေမနေဘူး၍ မည်သူ့အိမ်မှလည်း မသွားချင်၊ တစ်လမ်းလုံး အတွေးများစွာနှင့် လျှောက်နေရာ ကျောင်းကြီးကွက်သစ် ရပ်ကွက်ကိုကျော်ပြီး ရွာသစ်ကြီးရပ်ကွက်သို့ ဝင်လာသည်။

ထိုအခါမှပင် အေးသောင်ကို သွားသတိရလိုက်သည်၊ အေးသောင်က ရွာလယ်ရပ်ကွက်၊ ရိုးလေးပိုင်းမှာနေသည်။


www.burmeseclassic.com

www.burmeseclassic.com



သူ့မိဘများက ဒီအချိန်ဆို လယ်ကွင်းထဲမှာရှိမည်၊ သူတို့မောင်နှမနှစ်ယောက်နှင့် အဖွားက အိမ်မှာရှိနေတတ်သည်။

ပြန်တန်ဆာမြို့ အ.ထ.က ကျောင်းမှာ ဆယ်တန်းတက်စဉ်က အေးသောင်တို့အိမ် မကြာခဏအဝင်အထွက်ရှိခဲ့သည်၊ အေးသောင်ညီမ မနုနုလွင်နှင့်ပင် ချစ်သူဘဝရောက်ခဲ့သည်။

အောင်မြင့် ပထမနှစ်အ ရောက်၊ နုနုလွင်ကိုးတန်းမှာ တက်နေသည်....၊

အေးသောင်၏ အစအနောက်သန်မှုကြောင့် သူ့ညီမနှင့် ချစ်သူအဆင့်တက်ခဲ့သော်လည်း ထိုနှစ်မှာပင် နုနုလွင်ကိုတဖက်သတ်ကြိုက်နေသော လယ်နီးချင်းလူရွယ်က ခိုးယူပေါင်းသင်းခဲ့သည်။

အသက်မပြည့်သေးသလို မိဘများကသဘောမတူသဖြင့် ထိုလူငယ်ကို ရဲတိုင်ပြီးအမှုဖွင့်ခဲ့သည်၊ နုနုလွင်လည်း တစ်ခုလပ်ဖြစ်ကာ၊ ထိုလူငယ်က ထောင်နန်းစံသွားရသည်။

အောင်မြင့်တစ်ယောက် အေးသောင်တို့မောင်နှမ သတင်းကြားပြီး စိတ်မကောင်းဖြစ်ကာ တက္ကသိုလ်ဒုတိယနှစ်တက်တော့လည်း မရောက်ဖြစ်တော့။

ယခု တတိယနှစ်သို့ပင် ရောက်ခဲ့သည်၊ အေးသောင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရ၊ အဆက်အသွယ်ပြတ်ခဲ့သည်မှာ နှစ်နှစ်ပင်ကျော်ခဲ့ပြီ။

သို့ကြောင့် ယခုလိုတစ်ညတာ အိပ်စရာအတွက် အခက်အခဲဖြစ်နေချိန် အေးသောင်တို့အိမ်သို့သာ သွားတော့မည်ဟု ဆုံးဖြတ်ပြီးထွက်ခဲ့သည်။

အချိန်က ဆယ်နာရီပင် ထိုးတော့မည်၊ တချို့အိမ်က မအိပ်သေးပေမဲ့ အတော်များများအိပ်ကုန်ကြပြီ။

ချောင်းရင်းရွာက ပြွန်တန်ဆာမြို့နှင့်တွဲလျက်ရှိနေသော်လည်း လျှပ်စစ်မီးကမြို့အတွက် ရွာအဝင်ရှိ မဟာနိဗ္ဗာနာရာမ ဘုရားကြီးကျောင်းအထိသာ လျှပ်စစ်မီးရရှိခဲ့သည်။

ရွာအတွင်း မီးမရှိသေး။

မကြာခင်မှာပင် အေးသောင်တို့နေသော ရိုးလေးပိုင်းရပ်ကွက်သို့ ရောက်လာခဲ့သည်။

တစ်ရွာလုံးရှိခြံတိုင်း သစ်ပင်ကြီးများ၊ ငှက်ပျောတောကြီးများဖြင့် ပြည့်နှက်နေသည်။

သို့ကြောင့် ဘယ်နေရာကြည့်ကြည့် မှောင်နဲ့မည်းမည်းဖြစ်နေသည်။

အမှောင်ထဲ စမ်းတဝါးဝါးလျှောက်နေရပေမယ့် ချော်လဲပြီး ခလုတ်တိုက်ခြင်းမရှိ၊ လမ်းကြိုလမ်းကြားမှ ဖြတ်၍ ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်နေရသော်လည်းတစ္ဆေသရဲနှင့်လုံးဝမတွေ့။

သရဲ၊တစ္ဆေ၊ပြိတ္တာ၊နာနာဘာဝများနေပျော်သော သစ်ပင်ကြီးများအောက် အကြိမ်ကြိမ်ဖြတ်ခဲ့သော်လည်း ချိုးချိုးချွတ်ချွတ်အသံပင် မကြားရ။

မကြာခင် အေးသောင်တို့အိမ်ရှေ့ ရောက်လာသည်။

ခြံကျယ်ကြီးအတွင်းမှာ သုံးပင်ပျဉ်ထောင်အိမ်တစ်လုံးကို တွေ့လိုက်သည်။

သူ့ခြံအတွင်း သစ်ပင်ကြီးများ၊ ငှက်ပျောပင်များ ခြံပတ်ပတ်လည် စိုက်ထားသည်။

ခြေရင်းဘက်ကွက်လပ်မှာ စားပင်မျိုးစုံစိုက်ပျိုးထားသော ပျိုးပင်၊ ဘောင်ခုံများကို ကောင်းကင်မှအလင်းရောင်နှင့် အတိုင်းသားမြင်နေရသည်။

ဘောင်ဘေးပတ်လည်တွင် ခရမ်းသီးပင်များကိုလည်း တွေ့ရသည်။

အေးသောင်တို့အိမ်မှာ ခွေးမွေးမထားသည်ကိုလည်း သိသည်၊ စိတ်ထဲက နုနုလွင်တစ်ယောက်ရှိမနေပါစေနှင့်ဟုသာ ဆုတောင်းသည်။

သူအိမ်ဘက်သို့ လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံကျယ်ကြီးများဖြစ်၍ ခြံဝနှင့်အိမ်က ပေငါးဆယ်မျှဝေး သည်၊ ခြံဝကလှမ်းခေါ်လျှင်ရပေမယ့် အချိန်မတော်ဖြစ်နေ၍ အခြားအိပ်နေသူများကို နှောက်ယှက်ရာကျမည်စိုးသဖြင့် အိမ်နား အထိ ဝင်လာခဲ့သည်။

အိမ်ဖိနပ်ချွတ်နားအရောက် အောင်မြင့်လည်း အေး သောင်အားလှမ်းခေါ်မည်ဟု ပါးစပ်ပြင်လိုက်သည်။

"ချွတ်"

နောက်ဘက်မှ သစ်ကိုင်းခြောက်နင်းလိုက်၍ မြည် သောအသံကြောင့် လှည့်ကြည့်လိုက်သည်။

"ဟင်... မင်း.... မင်း"

"ကျွန်မ... နု... နုလွင်... ပါ....၊ အစ်ကိုက ကိုအောင်မြင့် မဟုတ်လား"

"မင်း.... ငါ့ကို မြင်ယုံနဲ့မသိဘူးလား"

"အိမ်အရိပ်နဲ့ မှောင်နေတာမဟုတ်လား၊ မှားခေါ်မိမှာ စိုးလို့၊ နု... နုတို့က တစ်ခါမြင် တစ်သက်မမေ့တဲ့ အစားပါ"

"ဟုတ်ပါပြီ...၊ မင်းက ဒီအချိန်ကြီး ခြံထဲဘာဆင်းလုပ် နေတာလဲ"

"ကျွန်မ အိပ်မပျော်တာနဲ့ ခြံထဲဆင်းနေတာ၊ အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



လူဝင်လာတာတွေ့လို့ လာခဲ့တာ"

"ဒီအချိန်ကြီး ခြံထဲလမ်းလျှောက်နေတာ ခြင်မကိုက်၊ ဖြုတ်မကိုက်တဲ့ အတိုင်းပဲ...."

"ကျွန်မတို့ တောသားတွေက မိုးချုပ်တယ်ဆိုတာနဲ့ အိပ်လို့ဖြစ်တာမှ မဟုတ်တာ"

"မုန့်ညင်း၊ ချဉ်ပေါင်၊ မုန်လာ၊ နံနံ စိုက်ထားတဲ့ပျိုးခင်းတွေကို ညဘက်ရေလောင်းရသေးတယ်၊

ရေလောင်းလို့ပြီးတာ တစ်နာရီလောက်ပဲ ရှိသေးတယ်....၊

အစ်ကိုကြီးလည်း စောစောကမှ အိမ်ပေါ်တက်သွားတယ်၊ အိပ်လို့တောင်ပျော်အုံးမှာ မဟုတ်ဘူး"

"ဒါဖြင့်လည်း မင်းအစ်ကိုကြီးကို ခေါ်လိုက်"

"ရပါတယ်....၊ ဖြည်းဖြည်းပေါ့"

"အစ်ကို ကျောင်းပိတ်လို့ ပြန်လာတာလား"

"ဟုတ်တယ်....၊ ကားက ပြွန်တန်ဆာကို ရှစ်နာရီခွဲကျော်မှဝင်တယ်၊ ရွာကို ပြန်လို့မဖြစ်တော့ဘူး၊

မျိုးလွင်တို့အိမ်ကို ဝင်သေးတယ်၊ လယ်ထဲက ပြန်ပြောင်းမလာသေးဘူးဆိုလို့ အေးသောင်နဲ့ ဝင်အိပ်မယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တာ"

"သတိရလို့ဝင်လာတာ မဟုတ်ဘူးပေါ့၊ ကိုမျိုးလွင်တို့ မရှိလို့ ဝင်လာတာဆိုတော့ စိတ်မကောင်းဘူး...."

"ကဲ- ကလေးမ၊ ပြီးပြီးသားတွေ ပြန်မန္တုးနေပါနဲ့၊ အေး သောင်ကို ခေါ်လိုက်စမ်းပါ..."

"ကျွန်မ ဒီမှာရှိနေမယ်ဆိုတာ မသိဘူးလား"

"ဒါတော့ ဘယ်သိမလဲ...၊ မိဘတွေနဲ့ တဲမှာနေမယ်ပဲ ထင်ထားတာပေါ့...."

"မင်းယောကျ်ားက ဘယ်မှာလဲ....."

"ဒင်းက ထောင်ထဲမှာ၊ သူနဲ့ အပြီးဖြတ်ခဲ့ပြီးပြီ၊

ကျွန်မတို့ရဲ့အချစ်ကို ကွဲအောင်လုပ်ခဲ့တဲ့လူ ထောင်ငါး နှစ် စံသွားရပြီ"

"မင်းရဲ့ယောကျ်ား မဟုတ်ဘူးလား၊ မင်းဝမ်းမနည်း ဘူးလား....."

"သူ့ကိုလည်း မချစ်ခဲ့ဘူး၊ အခွင့်အရေးကောနဲ့ ရဲမှာ တိုင်ချက်ဖွင့်ခဲ့တာ၊

ဒီလိုပြောလို့ ကျွန်မကို ပြန်ချစ်စေချင်လို့ မဟုတ်ဘူး၊ ကျွန်မကို ခွင့်လွှတ်ပေးစေချင်လို့ ပြောတာပါ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မဖောက်ပြားဘဲ ကံကြမ္မာလှည့်ဖြားလို့ ဖြစ်သွား တာပါ....၊ ခွင့်လွှတ်ပေးပါ"

"ငါက မင်းသတင်းကြားပြီးကတည်းက ခွင့်လွှတ်ပြီး သားပါ၊ မင်းအတွက် စိတ်မကောင်းခဲ့ပါဘူး၊

ကဲပါ...၊ တို့နှစ်ယောက်တည်း အိမ်ပေါက်ဝမှာ စကား ရပ်ပြောနေလို့ မသင့်တော်ပါဘူး၊ မင်းအစ်ကိုကို နှိုးလိုက်ပါ"

အောင်မြင့်က ထိုသို့ပြောလိုက်စဉ် အိမ်ရှေ့တံခါးမကြီး ကျွီခနဲ ပွင့်လာသည်၊ အသံကြားသဖြင့် ကြည့်လိုက်မိသည်။

တံခါးဝမှ အေးသောင်ထွက်လာသည်။

ညီမလေး ဘယ်သူနဲ့စကားပြောနေတာလဲ..."

"ဟော့ကောင်... အေးသောင်.. ငါပါကွ"

"ဟာ.. အောင်မြင့်ပါလား..."

"အေး ဟုတ်တယ်...၊ ငါအောင်မြင့်ပဲ"

"ဒီအချိန်ကြီး ဘယ်ကဘယ်လို ရောက်နေတာလဲ"

အောင်မြင့်က အေးသောင်အား ကားနောက်ကျသဖြင့် မျိုးလွင်အိမ်ဝင်ပုံ၊ မျိုးလွင်မရှိသဖြင့် ဒီကိုလာခဲ့ပုံ၊ ပြောပြလိုက် သည်။

"ဒီကောင်က အိမ်တံခါးပိတ်ပြီး တစ်မိသားစုလုံး



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းသွားကြတာ၊ ဒီကောင်ဇရဲတွေ တော်တော်ဖြစ်တယ်လို့ ကြားတယ်....၊

ကဲ.. လာကွာ၊ အိမ်ပေါ်တက်..... ငါ မီးထွန်းလိုက်အုံး မယ်၊

မင်း စားသောက်ခဲ့ပြီးပြီလား"

"အေး ငါတို့ ပျဉ်ပုံကြီးမှာ ကားရပ်ပေးလို့ စားခဲ့ပြီးပြီ"

အောင်မြင့်လည်း အိမ်ပေါ်သို့တက်ခဲ့သည်။

နောက်က နုနုလွင်ကလိုက်တက်လာသည်။

"ကဲ ထိုင်... သူငယ်ချင်း၊ အိမ်မှာ ဘာစားစရာမှ မရှိတော့ဘူး"

"အို.... ဘာမှမစားရသေးရင်၊ ကျွန်မ ထမင်းအိုးတည်လိုက်မယ်၊ ကြက်ဥတွေရှိတယ်"

"နေပါစေ....၊ ပျဉ်ပုံကြီးမှာ စားခဲ့ပြီးပြီ၊ တစ်ညတာ အိပ်ဖို့ရရင် ကျေနပ်ပါပြီ"

"ဘာလဲကွာ....ရောက်တုန်းရောက်ခိုက်အိပ်ဖို့စဉ်းစားနေပြီလားကွာ...၊ တို့မတွေ့တာ ကြာပြီ၊စကားတစ်ဝ ထိုင်ပြောကြတာပေါ့"

"ငါက ရပါတယ်၊ မင်းက အိပ်ရာဝင်ပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မအိပ်သေးပါဘူး၊ အိုက်လို့ မီးမထွန်းဘဲ အိပ်ရာပေါ် လှဲနေတာ....၊ နုနုလွင် အိမ်ပေါ်ပြန်တက်မလာခြင်း စိတ်ချလက်ချ အိပ်လို့ ဘယ်ဖြစ်မလဲ...."

"အံမယ်....၊ အစ်ကိုကြီးက အခုမှ စိုးရိမ်ဟန်ပြနေတယ်၊ မသိတာမှတ်လို့....၊ အိပ်ပျော်တာ တစ်ရေးတောင်ရနေပြီ မဟုတ်လား"

"မဟုတ်ပါဘူး နုနုလွင်ရာ....၊ ကိုကြီး မအိပ်သေးပါဘူး"

ဖယောင်းတိုင်မီးထွန်းပြီးဝိုင်းဖွဲ့ထိုင်လိုက်သည်၊ထိုအခါ အောင်မြင့်က သူတို့မောင်နှမကို မီးရောင်ဖြင့် အသေအချာကြည့်လိုက်သည်။

ပါးစပ်များက သွက်သွက်လက်လက် ပြောနေကြသော်လည်း မျက်နှာများက မျက်နှာသေများဖြစ်နေကြသည်။

မျက်လုံးများကလည်း မျက်တောင်ခတ်သည်ဟုပင် မထင်၊ မျက်ကြောသေနေသကဲ့သို့ ရှိသည်ဟု အောင်မြင့်ထင် လိုက်သည်။

"မင်းတို့ မောင်နှမ နေမကောင်းဘူးလား"

"ကောင်းပါတယ်ကွာ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်....၊ ကျွန်မတို့ ဘာမှမဖြစ်ပါဘူး"

မျက်ကွင်းများကလည်း ပြည့်ပြည့်ဖြိုးဖြိုး မရှိ၊ ချောင်ကျနေသည်၊ ရုပ်များက ညှင်းသိုးသိုးနှင့်၊ ရေတစ်ပတ်ခန့် မချိုးထားသောပုံစံမျိုး ဖြစ်သည်။

"မင်းတို့လယ်ထဲမှာ ဘာပင်တွေစိုက်ထားလဲ..."

"အမေတို့က ဖရဲနဲ့ ပဲ၊ ရှောက်သီးပင်ပဲ စိုက်တယ်၊ ရှောက်တို့၊ ပဲတို့က လှူသက်သာပေမယ့် ဖရဲကတော့ တစ်ပတ်တစ်ခါ ရေလောင်းနေရတယ်..."

"မင်းတို့ မောင်နှမကို ကြည့်ရတာ ငါ့မျက်စေ့ပဲ အမြင်မှားတာလား မသိဘူး၊ မျက်နှာက ဖြူဖပ်ဖြူရော်နဲ့ လူမမာမျက်နှာမျိုး၊ မင်းတို့ပုံစံက အေးတိအေးစက်နဲ့ ဘယ်လိုဖြစ်နေကြတာလဲကွာ..."

"အဲဒါတွေ စိတ်မဝင်စားစမ်းပါနဲ့၊ မင်းငါ့အိမ်မှာ တစ်ညတည်းချင်တယ် မဟုတ်လား၊ ဒီတစ်ညတည်းဖို့ပဲ စဉ်းစားစမ်းပါကွာ....၊

ငါတို့မောင်နှမကိုကြည့်ပြီး ဝေဖန်မနေပါနဲ့ ဟုတ်လား"

"ဒါဆိုလည်း ပြီးရော"

"မင်းအခု ဘာလုပ်လဲ...၊ မင်းမိဘတွေရဲ့ လယ်ယာမှာ



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကူနေတာလား"

"အခု ငါတို့ဝေ ၁င်နမ လယ်ထဲမရောက်ဖြစ်ဘူး၊ ခြံထဲမှာ ရှိတဲ့ပျိုးပင်တွေကို ညနေကစပြီး မိုးချုပ်တဲ့အထိ ရေလောင်း ပေါင်းသင် တာဝန်ယူထားရတယ်"

"လာမယ့်အပတ်ဆို နှုတ်ရောင်းလို့ရပြီ"

"အောင်မြင့် မင်းအရက်သောက်မလား"

"မသောက်တော့ပါဘူး....၊ အချိန်က နည်းတော့တာမှ မဟုတ်ဘဲ၊ အိပ်ချိန်ရောက်နေပြီ မဟုတ်လား၊

သောက်တော့ရော အရက်ဆိုင်က အနားမှာရှိလို့လား"

"အရက်ဆိုင်တော့ မရှိဘူး၊ အရက်ပုလင်းတော့ရှိ တယ်၊ ဒို့နှစ်ယောက်ဆုံတုန်း သောက်လိုက်ရအောင် ငါဝယ်ထား တဲ့ အရက်တစ်ပုလင်းရှိတယ်"

"အစ်ကိုတို့ သောက်ချင်သောက်လေ၊ ကျွန်မကို အား မနာနဲ့၊

အမြည်းအတွက် ကြက်ဥကြော်ပေးရမလား"

"မလိုပါဘူး၊ ရေတစ်ခွက်ခပ်ပြီး ဒီအတိုင်းသောက် ကြတာပေါ့"

"ကျွန်မ ကြော်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေကွာ၊ မင်းညီမအိပ်ချင်နေပြီနဲ့ တူတယ်...၊ အိပ်ပါစေတော့"

"ကျွန်မ မအိပ်ချင်သေးပါဘူး၊ ကျွန်မနဲ့ ဖူးစာမဆုံလိုက်ရတဲ့ ရည်းစားဟောင်းအတွက် ဒီလောက်တော့ လုပ်ပေးသင့်ပါတယ်"

နုနုလွင်က အစ်ကိုတစ်ယောက်လုံးရှေ့မှာ ရဲတင်းစွာ စကားဆိုလာသည်၊ တစ်ခုတော့ရှိသည်၊ သူက အပျိုမဟုတ်တော့သည့်အတွက် ရဲတင်းစွာပြောဝံ့ခြင်း ဖြစ်သည်။

အောင်မြင့်ကတော့ အေးသောင်ကို အားနာနေသည်။

"ကဲ နုနု...၊ ကြက်ဥကြော်မယ်ဆို အမြန်သွားကြော်၊ လေကြောရှည်မနေနဲ့....."

အေးသောင်က ထိုင်နေရာမှထပြီး အရက်ပုလင်းသွားယူသည်။

နုနုလွင်က မီးဖိုအတွင်းဝင်သွားသည်။

အေးသောင်က အရက်တစ်ပုလင်းကိုင်ပြီးပြန်ထွက်လာသည်၊ ဖန်ခွက်နှစ်လုံးပါ ယူလာခဲ့သည်။

ထို့နောက် သောက်ရေတစ်ခွက်ကို အောင်မြင့်က ထပြီး ခပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ.....အမြည်းမလာခင် နည်းနည်းတော့ သောက်လိုက်ကြတာပေါ့....၊

တို့နှစ်ယောက် တစ်ပုလင်းအတော်ပဲ မဟုတ်လား..."

အေးသောင်က ဖန်ခွက်ထဲကို အရက်အနည်းငယ်စီ ငှဲ့ထည့်ပေးသည်။

အောင်မြင့်ကတော့ အရက်ဖန်ခွက်မော့သောက်ရင်း အေးသောင်နှင့် နုနုလွင်တို့ဘာလုပ်လုပ်၊ မျက်တောင်မခတ်ဘဲ လိုက်ကြည့်နေသည်။

ပါးစပ်က တောင်စဉ်ရေမရစွာ သွက်သွက်လက်လက် ရှိနေပေမဲ့ လှုပ်ရှားမှုများက သံပါတ်ပေးထားသော စက်ရုပ်တစ်ရုပ်နှယ် ရှိနေကြသည်။ အသက်မပါစွာ လှုပ်ရှားနေကြသည်။

ခါတိုင်း သူငယ်ချင်းအေးသောင်က မျက်နှာခပ်ပြောင်ပြောင်၊ မျက်နှာရှင်သူဖြစ်သည်၊

သူ၏ မျက်နှာရှင်မှုကြောင့်လည်း နုနုလွင်နှင့် အောင်မြင့် ချစ်သူဖြစ်ခဲ့ရသည်။

ယခု ပါးစပ်က စားပါသောက်ပါပြောနေပေမယ့် ခန္ဓာကိုယ်က အသက်မပါသလို ဖြစ်နေခြင်းကြောင့် အောင်မြင့် အရက်သောက်နေရသော်လည်း ပျော်ရွှင်ခြင်းမရှိ၊ စိတ်မပါသလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။

ငါးမိနစ်ခန့်ကြာတော့ ကြက်ဥသုံးလုံးကျော်ပြီး၍ နုနုလွင် မီးဖိုထဲက ဖယောင်းတိုင်မီးတစ်ဖက်၊ ကြက်ဥကြော် ပန်းကန်တစ်ဖက် ကိုင်ကာထွက်လာသည်။

"ကဲ အမြည်းတော့ရပြီ၊ သောက်ကြစားကြ"

"နင်လည်း ကြက်ဥကြော်စားလေ"

"မစားတော့ပါဘူး၊ အစ်ကိုတို့ပဲ စားကြပါ"

"ကဲ ဘာမှ မစားမသောက်ဘူးဆိုရင် သွားအိပ်ချင် အိပ်တော့လေ၊ ညည့်နက်နေပြီ"

"မအိပ်ချင်သေးပါဘူး"

သူတို့နှစ်ယောက်ထိုင်သောက်နေသော အနီးထရံကို မှီပြီး နုနုလွင်ထိုင်နေသည်။

အိပ်ခိုင်း၍မရသဖြင့် နေချင်နေပစေ သဘောထားလိုက်သည်။

"ဟာ... အေးသောင်၊ ပုပ်စော်နံသလိုပဲ၊

မင်းအိမ်မှာကြောင်ရှိလား....ကြွက်တွေကိုက်ချီထားပြီး ချောင်ကြိုချောင်ကြားမှာ ဒီကောင်တွေ ထားတတ်ကြတယ်၊ ကြွက်ပုပ်စော်နံ့ဖြစ်မယ်...."



www.burmeseclassic.com

www.burmeseclassic.com



"ကြောင်တစ်ကောင်မှ မရှိပါဘူး၊ ငါတော့ ဘာမှမနံဘူး"

"မင်းမနံပေမယ့် ငါ့နှာခေါင်းမှာတော့ အရက်နံ့ထက်အပုပ်နံ့က တအားနံတယ်ကွာ၊ သောက်ထားတဲ့အရက်တောင် ပြန်အန်ထွက်ချင်နေပြီ....."

"မင်းကွာ... ဒီလောက်လည်း မဖြစ်ပါနဲ့၊ အသက်ရှိစဉ်ကတော့မနံပေမယ့်အသက်မရှိရင်တော့လူပဲဖြစ်ဖြစ်၊တိရစ္ဆာန်ပဲဖြစ်ဖြစ် ပုပ်စော်နံမှာပဲ"

"ဒါပေမယ့် သေမှမသေသေးဘဲကွာ၊ အပုပ်နံ့တော့ ဘယ်ခံနိုင်ပါ့မလဲ"

"ကဲကဲ မြန်မြန်လေးသောက် ကြက်ဥလည်းစား"

"ကြက်ဥစားချင်စိတ် ပျောက်နေပြီ၊ ကြက်ဥထဲတောင် အပုပ်နံ့ စွဲနေမလားမသိဘူး၊

ပြီးတော့ မင်းညီမလက်ရာ တော်တော်ရှော်တာပဲ၊ ကြက်ဥကြော်တာ လုံးဝဆားမထည့်ဘူး"

"သူ ဆားထည့်ဖို့ မေ့သွားလားမှမသိဘဲ"

"ဟင်...၊ နုနုလွင်ရဲ့ နပူးမှာ ဘာတွေကျနေတာလဲ"

"သွေးတွေလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်အောက်ခေါင်းပေါ်မှ သွေးများက တပေါက်ပေါက် ကျဆင်းလာသည်။

"တဲ့ နုနုလွင်၊ နင့်ခေါင်းက သွေးတွေကို ထသုတ်လိုက်အုံးလေ"

နုနုလွင် လေးကန်စွာထပြီး အခန်းထဲသို့ဝင်သွားသည်။

ခေါင်းမှ သွေးစက်များက ကြမ်းပြင်ပေါ်တပေါက်ပေါက် ကျကျန်ခဲ့သည်။

"သူ ဘာဖြစ်တာလဲ….၊ ဆောင့်မိတာလား"

"မီးဖိုထဲမှာ ကြက်ဥကြော်ရင်းဆောင့်မိသွားတာနဲ့ တူတယ်၊ မင်းညီမကို ဒီအတိုင်းပစ်မထားနဲ့လေ၊ လုပ်စရာရှိတာ သွားလုပ်ပေးအုံး"

"မင်း နုနုလွင်ကိစ္စ စိတ်မဝင်စားပါနဲ့၊ ငါနဲ့အရက်ပဲ အတူသောက်စမ်းပါ"

"မင်းကွာ ကိုယ့်ညီမတစ်ယောက်လုံး သွေးစိမ်းရှင်ရှင် ထွက်နေတာ မစိုးရိမ်ဘူးလား"

"သူက အဲ့ဒီလို ခဏခဏဖြစ်နေတာ၊ မထူးဆန်းတော့ ဘူး"

"အော်… မင်းတို့မောင်နှမကတော့ အတော့်ကို ထူး



www.burmeseclassic.com

www.burmeseclassic.com



ဆန်းတယ်"

"ကဲ အရက်နည်းနည်းပဲ ကျန်တော့တယ်၊ မြန်မြန်ဖြတ်ကြမယ်..."

အေးသောင်က ဖန်ခွက်နှစ်ခွက်ထဲသို့ အရက်ထပ်ဖြည့်လိုက်သည်။

နောက်တစ်ကြိမ်ထည့် ချွင် အရက်ကုန်မည်ဖြစ်သည်၊ သို့ကြောင့် အောင်မြင့်လည်း အမြန်မော့သောက်လိုက်ပြီး ကြက်ဥတစ်ဖတ် ယူစားလိုက်သည်။

ထိုအချိန်စောစောက မခံမရပ်နိုင်အောင်ပုပ်ဟောင်ညှီစို့နေသည့်အနံ့တို့က လေနှင့်အတူလွင့်ပြောသွားသည့်အလားတစ်စက်လေးမျှမနံတော့။

အချိန်က တစ်နာရီကျော်၊ နှစ်နာရီမျှ ရှိပြီ။

"ဪကွာ... ကျန်တဲ့အရက် မင်းပဲသောက်လိုက်တော့၊ ငါသောက်လို့ မဖြစ်တော့ဘူး၊ နုနုလွင်ကို စောင့်ကြည့်ရအုံးမယ်"

နှစ်ယောက်စာအရက်ကို တစ်ယောက်တည်းသောက်ရမည်ဆိုတော့ အမြန်သောက်လို့လည်း မဖြစ်၊ သို့ကြောင့် ကြက်ဥကြော်စားလိုက်၊ အရက်မော့သောက်လိုက်နှင့် ဖန်ခွက်ထဲမှ အရက်များကို ခပ်သွက်သွက်ဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးဖန်ခွက်ကို သောက်ရင်းမှ အမူးရှိန်တက်လာသည့်အတွက် အမြင်တို့ဝေဝါးလာသည်။

ထိုအချိန် အေးသောင်၏မျက်နှာမှ သွေးများထွက်နေသလို သူ့မျက်နှာကြီးကလည်း ပြားချပ်နေသည်တှ သူ့မျက်လုံးထဲမှာ ဖြစ်ပေါ်နေသည်။

သူအမူးလွန်ပြီး အမြင်မှားနေသည်လား မျက်လုံးကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ကြည့်သည်။

မျက်လုံးများက အမူးလွန်ပြီး ဝေဝေဝါးဝါးဖြစ်နေသော်လည်း အေးသောင်မျက်နှာပြားချပ်နေပြီး မျက်နှာတစ်ပြင်လုံး သွေးများဖြင့်ပြည့်နေသည်ကိုတော့ သူအမြင်မမှားကြောင်း သိနေသည်။

"မင်း....မင်း.....မျက်နှာ.....ဘယ်လို.....ဖြစ်..ဖြစ်ရတာလည်း အေးသောင်"

"ဝုန်း....."

အောင်မြင့်တစ်ယောက် အမူးလွန်ပြီးထိုင်ရာမှ မှောက်လဲကျသွားတော့သည်။

အမူးလွန်ပြီး ခေါင်းပြန်မထူနိုင်ဖြစ်ကာ အသိစိတ်ပါ ပျောက်သွားလျှက် အိပ်ပျော်သွားတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



သူ့နားထဲမှာ ဆူညံဆူညံများကြားသလို ထင်သည်။

သူ၏ ခန္ဓာကိုယ်မှာလည်း မီးကင်ထားသလို အပူဓါတ်ရနေသည်။

တစ်ကိုယ်လုံး အရိုက်အနက်ခံရသလို နာကျင်နေပြီး ခေါင်းကလည်း ကိုက်နေသည်။

အောင်မြင့် အသိအာရုံကို ပြန်လည်စုစည်းလိုက်သည်၊

ဆူဆူညံညံအသံများက ပျောက်မသွား၊ အသိဝင်လာချိန်မှာတော့ သူ့ဘေးမှာလူလေးယောက်ခန့် ရပ်နေကြောင်းတွေ့ရသည်။

မီးကင်ထားသလို ထင်နေရခြင်းမှာ သူ၏ခန္ဓာကိုယ်ပေါ်မှာ မနက်ကိုးနာရီခန့်ရှိမည်ထင်ရသော နေရောင်က ကိုယ်ပေါ်တိုက်ရိုက်ကျနေကြောင်း သိလိုက်သည်။

"ဟော့ ကောင်လေး၊ မင်း... မင်း ဘယ်သူလဲ၊

ဒီအိမ်ပေါ် ဘယ်လိုရောက်နေတာလဲ...."

ထိုစဉ် အဒေါ်ကြီးတစ်ယောက်ရောက်လာပြီး အောင်မြင့်အား မှတ်မိပုံရသည့်စကားမျိုး ပြောလာသည်။

"ကျွန်မ ဒီကောင်လေးကို မြင်ဖူးတယ်၊

အေးသောင် ဆယ်တန်းတက်တုန်းက မကြာခဏလာ



www.burmeseclassic.com

www.burmeseclassic.com



လည်တဲ့ကောင်လေး၊ သူ့ညီမနဲ့တောင် ဘာလိုလို သတင်းထွက်သေးတယ်”

“ဒီကောင် အေးသောင်တို့အကြောင်း သတင်းစကားကြားလို့ ရောက်လာတာလား၊

ဒီ သော့ပိတ်ထားတဲ့တံခါးကို ဘယ်သူဖွင့်ပေးတာလဲ၊ အေးသောင်မိဘတွေက လယ်ထဲမှာ၊ ညနေကပဲ ပျိုးခုံတွေရေလာလောင်းပြီး ပြန်သွားတာ....၊

သူတို့ပြန်တော့ ငါ့ကိုနှုတ်ဆက်ပြီး အိမ်ဘက်နားစွင့်လိုက်ပါအုံးလို့ မှာသွားသေးတယ်....”

သူတို့ တစ်ယောက်တစ်ပေါက် ပြောနေသောစကားများကို အောင်မြင့် ငူငူငိုင်ငိုင်ထထိုင်နေရာမှ ကြားနေရသည်။

ညက အဖြစ်အပျက်များနှင့် လုံးဝအဆီအငေါ်မတည့်သော စကားများဖြစ်နေသည်။

“သော့ပိတ်ထားတာ ဘာ့ကြောင့် အိမ်ထဲရောက်နေရတာလဲ....၊ ငါတို့ တံခါးပွင့်နေလို့ ညကသူခိုးများ အိမ်ဝင်ဖောက်လားထင်ပြီး လာကြည့်တာ၊ အရက်တစ်ပုလင်းနဲ့ မင်းလဲနေတာတွေ့တာပဲ”

အေးသောင်နဲ့ အရက်ဝဝသောက်ပြီး နုနုလွင် ကြော်



www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့ ကြက်ဥကြော်စားရင်း မှောက်သွားတဲ့အကြောင်း ရှင်းပြမှ ဖြစ်တော့မည်ဟု.....၊

အောင်မြင့် ဆုံးဖြတ်ချက်ချကာ....၊

"ဒီ... ဒီမှာ ဦးလေးတို့ အဒေါ်တို့က ကျွန်တော်မူးပြီး အိပ်နေတာ၊ ဘာတွေ အထူးအဆန်းဖြစ်နေတာလဲ၊ အေးသောင်နဲ့ နုနုလွင်တို့က မနိုးကြသေးဘူးလား၊ သိချင်ရင် သူတို့ကိုခေါ်မေး....."

"ဟကောင်....၊ ဘာတွေ လျှောက်ပြောနေတာလဲ၊ မင်း အမူးမပြေသေးဘူးလား....."

"အရက်က တစ်ပုလင်းနှစ်ယောက်သောက်တာ၊ ညထဲက အမူးပြေနေပြီ၊ ဦးလေးတို့ အဒေါ်တို့ကသာ အထူးအဆန်း ဖြစ်နေကြတာ...."

"မထူးရှိမလားကွ၊ အိမ်ကို သော့ပိတ်ပြီး ငါတို့ကို အပ်ထားတာ၊ ဒီအိမ်မှာညဘက်လူမအိပ်တာ သုံးရက်ရှိသွားပြီ"

"ဗျာ... မဟုတ်သေးပါဘူး"

"ဘာမဟုတ်သေးတာလဲ....."

"ကျွန်တော် ရှင်းပြပါရစေ၊ ကျွန်တော်က အေးသောင်ရဲ့ သူငယ်ချင်း၊ ရန်ကုန်က ပြန်လာတာ၊



www.burmeseclassic.com

www.burmeseclassic.com



ကားနောက်ကျတာနဲ့ ရွာပြန်ရအောင်ကလည်း အချိန်မတော်ကြီး မသွားဝံ့လို့ အေးသောင်ကိုနိုးပြီး ဒီမှာတစ်ည သူတို့နဲ့ လာအိပ်တာ...."

"ဒီကောင် မဟုတ်ကဟုတ်ကတွေ လျှောက်ပြောနေတယ်...."

"ကျွန်တော့်ရဲ့စကားဆုံးအောင် နားထောင်ပေးကြပါ"

"အေး...ပြောပြပါအုံး"

"အိမ်ရှေ့ရောက်တော့ အေးသောင်ကိုနိုးတော့ နုနုလွင်နဲ့ တွေ့တယ်၊

နုနုလွင်က အိပ်မပျော်လို့ ခြံထဲဆင်းနေတာတဲ့၊ သူနဲ့ စကားပြောနေတုန်း အေးသောင်အိမ်တံခါးဖွင့်ပေးတာနဲ့ အိမ်ပေါ် ရောက်ခဲ့တာ....၊

သူက ရောက်တုန်းရောက်ခိုက် အရက်သောက်ရအောင်ဆိုပြီး အိမ်ထဲဝင်သွားတယ်၊ အရက်တစ်ပုလင်း ဝယ်ထားတာရှိတယ်ဆိုပြီး ပန်းကန်နှစ်လုံးနဲ့ အရက်ပုလင်းကိုင်ပြီး ပြန်ထွက်လာတယ်....၊

သူနဲ့အတူ အရက်တစ်ပုလင်းကုန်အောင်သောက်ပြီး အခုကြမ်းပြင်ပေါ်မှာ အိပ်ပျော်နေတာ...."

www.burmeseclassic.com

www.burmeseclassic.com



"မင်းတော့ တစ်ခုခုမှားနေပြီ...."

"ဟုတ်တယ်၊ ကောင်လေး....မင်းစကားတွေက လုံးဝမဖြစ်နိုင်ဘူး..."

"နုနုလွင်ကလည်း ကြက်ဥသုံးလုံးကို အမြည်းလုပ်ဖို့ကြော်ပေးသေးတယ်...၊

ကျွန်တော်တို့သုံးယောက်ထိုင်ပြီးအရက်သောက်လိုက်၊ အမြည်းစားလိုက်၊ အားလုံးကုန်မှ သူတို့လည်း ဝင်အိပ်သွားကြတာ....."

အောင်မြင့်အနားမှာ အရက်ပုလင်း၊ ဖန်ခွက်နှစ်ခွက်ကိုတွေ့ကြသလို အမြည်းထည့်သည့် ပန်းကန်ကလည်းရှိနေသည်။

လူတစ်ယောက်က မီးဖိုထဲမှာ ကြက်ဥအခွံသုံးလုံးကိုတွေ့ကြောင်းပြောပြပါသည်။

"ကဲ....ကောင်လေး၊ မင်းပြောပြလို့ မင်းရဲ့အဖြစ်အပျက်ကိုတော့ သိရပြီ၊ ဦးတို့ ပြောပြမယ်...."

"ကျွန်တော့်နာမည် အောင်မြင့်ပါဦး"

"အေး....မောင်အောင်မြင့် မင်း စိတ်ခိုင်ခိုင်ထား၊ မင်းညက အရက်အတူသောက်ခဲ့တဲ့ မင်းသူငယ်ချင်းနဲ့ သူ့ညီမက လူ့လောကမှာ မရှိတော့ဘူး.....၊ သေကုန်ကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ....မဟုတ်တာ..."

နောက်တစ်ယောက်ကလည်း.....

"ဟုတ်တယ် ကောင်လေး၊ လွန်ခဲ့ကဲ့ ဆယ်ရက် လောက်က ငါးထပ်ကြီးအလွန် ညောင်လေးပင်မရောက်ခင် 'အာလောကေ့' မှာ ညောင်လေးပင်-ပြွန်တန်ဆာ လိုင်းကားလေးနဲ့ ကုန်တင်ကားတစ်စီး မျက်နှာချင်းဆိုင် တိုက်မိကြတယ်..၊

ညောင်လေးပင်ဈေး၊ ကုန်စိမ်းဒိုင်ကို ကုန်စိမ်းသွားပို့တဲ့ သူတို့မောင်နှမက ခေါင်းခန်းကစီးပြီး လိုက်သွားကြတယ်၊

ကားတိုက်မိတော့ နေရာမှာတင် ပွဲချင်းပြီးပဲ၊ နုနုလွင်က ခေါင်းခွံကွဲပြီး သေသွားသလို အေးသောင်က မျက်နှာတစ်ခုလုံး ပြားချပ်ပြီး သေသွားကြတာပေါ့....၊

သူတို့နှစ်ယောက်အတွက် ရက်လည်ပြီးတာ သုံးရက်ပဲ ရှိသေးတယ်၊

သူ့မိဘတွေက ဖရဲခင်းကို ပစ်ထားလို့မရတော့ ရက်လည်ဆွမ်းကျွေးပြီး ညနေပိုင်းရောက်တာနဲ့ တံခါးပိတ်ပြီး လယ်ကွင်းထဲပြန်သွားတယ်"

"ဒါနဲ့ သူတို့အဖွဲ့ ဘယ်ရောက်သွားလဲ..."

"ပြီးခဲ့တဲ့နှစ်က ဆိုးသွားပြီ...၊



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်း သူတို့မောင်နှမက ညနေပျိုးခုံတွေကို ရေလောင်းနေကျ။

နုနုလွင်ကတော့ တဲထဲမှာအိပ်တယ်၊ သေမယ့်ရက်က လယ်ကွင်းထဲကခူးလာတဲ့ကုန်စိမ်းတွေကိုမောင်နှမနှစ်ယောက် သွားပို့တာ.....၊

အခုတော့ သူတို့မောင်နှမ မရှိတော့လို့ သူ့အဖေနဲ့ အမေက ညနေသုံးနာရီလောက်ထဲကလာပြီး ရေလာလောင်းကြ တယ်၊ ညနေငါးနာရီလောက် တဲပြန်သွားကြတယ်....၊

ညနေက အဒေါ်ကို သော့အပ်သွားပြီး မြန်မြို့လို့နှုတ် ဆက်သွားသေးတယ်ကွဲ့"

"ဒါဆို ဒီအိမ်ကြီးမှာ ဘယ်သူမှ မရှိတော့ဘူးပေါ့ ဟုတ်လား...."

"မင်းကို ရှင်းပြပြီးပြီလေကွယ်"

"တကယ့်ကို မယုံနိုင်လို့ပါ ဦးလေးကြီးတို့ရာ၊

ကျွန်တော်ညက တကယ့်ကိုလူကောင်းကြီးတွေနဲ့ ဆက်ဆံရသလိုပါပဲ၊ သေသေချာချာကို စကားထိုင်ပြောနေပြီး အတူတူစားသောက်နေကြတာပါ၊

သူတို့သေသွားပြီဆိုရင် ညကကျွန်တော်နဲ့အတူ ရှိနေ တာ ဝိညာဉ်သရဲတွေပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတဲ့အတိုင်း မင်းနဲ့အတူရှိနေတာ မှန်ရင်တော့ သူတို့မကျွတ်မလွတ်သေးလို့ ဖြစ်မှာပေါ့"

"ဒီအရက်ကသူကိုယ်တိုင်ထုတ်ပေးတာ၊တံခါးက အိမ်ထဲကနေ သူပဲဖွင့်ပေးတာ၊ နုနုလွင်ကလည်း ကြက်ဥကြော်ပေးတာ၊ မစဉ်းစားတတ်တော့ဘူး"

"အင်း....မင်းအပြောအရဆို ထူးတော့ထူးဆန်းတာပဲ၊ မင်းဒီရွာက မဟုတ်ဘူး၊ ဘယ်ရွာကလဲ...."

"အောင်းကြီးရွာကို နေအတော်မြင့်နေပြီ၊ ဆယ်နာရီခွဲ၊ ဆယ့်တစ်နာရီလောက်မှ ရောက်တော့မယ်၊ ဦးလေးတို့အိမ်ကို လိုက်ခဲ့ပါလား၊ နေစောင်းမှ ရွာကိုပြန်ပေါ့"

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ရွာကိုပဲ အရောက်ပြန်ပါ့မယ်"

"ဒါနဲ့သော့ခလောက်ဘယ်ရောက်နေလဲ၊ရှာကြပါအုံး"

"ဦးထွန်းခင်နဲ့ ဒေါ်လှသန်းတို့လည်း သူ့သမီးနဲ့ သူ့သား မကျွတ်မလွတ်သေးတာသိရင် စိတ်ကောင်းမှာမဟုတ်ဘူး"

"လလည်ဆွမ်းကပ်ရင်အသေအချာဖိတ်ခေါ်ပြီးတရားနာခိုင်းပေါ့"

အောင်မြင့်လည်း ခရီးဆောင်သားရေအိတ်ကို ယူလိုက်



www.burmeseclassic.com

www.burmeseclassic.com


သည်။

"မင်းဆောင်းစရာလည်း မပါဘူး..."

"ရပါတယ်၊ ကိုးနာရီ၊ ဆယ်နာရီပဲရှိသေးတာ၊ ကျွန်တော် လျှောက်နိုင်ပါတယ်"

"ဒီမှာသော့ခလောက်၊ သောက်ရေအိုးအဖုံးပေါ်မှာတွေ့တယ်"

"သော့- ပါလား...."

"မပါဘူး....၊ သော့ကို ဒေါ်မြအိမ်မှာ ဒေါ်လှသန်းက ညနေပြန်တိုင်း အပ်သွားတယ်၊

ဒီအတိုင်းဆိုသူ့သူငယ်ချင်းအိပ်စရာ၊တည်းခိုစရာမရှိလို့ ညည်းခံလိုက်တာပဲ"

အောင်မြင့်လည်း အားလုံးကိုနှုတ်ဆက်ပြီး အိမ်ရှေ့သို့ ထွက်ခဲ့သည်။

သူ့မူးပြီးမမှောက်ခင်မြင်လိုက်ရသော နုနုလွင်၏ခေါင်းမှ သွေးများ ကျလာခြင်း၊

အေးသောင်မျက်နှာပြားချပ်နေခြင်းတို့ကို သူအမူး လွန်ပြီး အသိစိတ်မပျောက်ခင် အဖြစ်အပျက်အမှန်ကို ပြသခြင်း ဖြစ်မည်ဟု ထင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကို ပြန်စဉ်းစားမိလေ၊ ညဏ တစ်ညလုံး ဝိညာဉ်များနှင့် စားကြ၊ သောက်ကြ၊ စကားပြောခဲ့ရသော သူ့ အဖြစ်ကို ပြန်တွေးမိတိုင်း အကြီးအကျယ် တုန်လှုပ်ချောက် ချားခြင်း ဖြစ်ရပါတော့သည်။ ။

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# ဝင်္ကြေးခံရ ပြိတ္တာဘဝ

သန်းခေါင်ကျော်ရုံ ရှိသေးသည်၊ အိပ်ပျော်ကာစ အိပ်မက်တစ်ခုမက်၍ ဒေါ်ထွေးလန့်နိုးခဲ့ရသည်။

အိပ်မက်ထဲမှာ ထန်းပင်ခန့်ရှည်လျားသော သတ္တဝါကြီး တစ်ကောင် ဒယီးဒယိုင်ဖြင့် အနားသို့ရောက်လာသည်။

အနားရောက်တော့ အားအင်ကုန်ခန်းသည့်အလား၊ ရပ်မနေနိုင်ဘဲ လဲပြိုကျသွားသည်။

လဲနေသောသတ္တဝါကြီးကို ဒေါ်ထွေးက အရဲစွန့်ပြီး မေးလိုက်သည်။

"သင်ဘယ်သူလဲ၊ ဘာ့ကြောင့် ဒီလိုဖြစ်နေရတာလဲ ပြောပြစမ်းပါ"

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကား လူ့ဘဝမှာ သင်္ဂြိုဟ်သမီး ဒေါ်လှသန်း ဖြစ်ခဲ့တယ်၊ လူဖြစ်စဉ်က လောဘတွေ တပ်မက်ပြီး၊ လူတွေဆီက ပိုက်ဆံ၊ ကိုယ့်ပိုက်ဆံဖြစ်အောင် လုပ်ခဲ့တယ်၊

လိုအပ်တာမှန်သမျှရှိပေမယ့် လောဘကိုမသတ်နိုင်ခဲ့ဘူး၊ ရလေလိုလေ၊ ရချင်လေဖြစ်ခဲ့ပါတယ်၊

အလှူလည်း မပြုခဲ့ပါဘူး၊ အလှူခံလည်း မလှူခဲ့ပါဘူး၊ လူတွေကိုလည်း စိတ်ဒုက္ခအမျိုးမျိုးပေးခဲ့မိပါတယ်၊

သေပြီးပေမယ့် ခြောက်လှန့်ခြင်းကို ဆက်ပြီးပြုခဲ့မိပါတယ်၊ ကိုယ်ပဲချမ်းသာရမယ်၊ သူတစ်ပါး ဒုက္ခရောက်ချင် ရောက်ပါစေ ဆိုပြီး တရားနည်းလမ်းမကျ လုပ်ခဲ့မိတယ်....၊

ကျုပ် ဒီဘဝက ကျွတ်လွတ်အောင်ကူညီပေးပါ၊ လူဖြစ်စဉ်ကလှူနိုင်ပါရက်နဲ့ မလှူခဲ့လို့ ယမမင်းလက်ထဲဝကွက် အပို့ခံရတော့မှာ ဖြစ်ပါတယ်၊

ယမမင်း အစီအရင်မခံရခင် ကျန်ခဲ့တဲ့ ကားတစ်စီးနဲ့ အိမ်ကစ်လုံးရောင်းပြီး အလှူဒါနသန့်သန့် လုပ်ပေးပါ၊ အမျှဝေပေးပါ၊ သာဓုခေါ်ပါ့မယ်၊

အခုလို ဒုက္ခခံရမှ မှားမှန်းသိပါပြီ၊ နောင်တရပေမဲ့ ဘာမှ မတတ်နိုင်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com


အကုသိုလ်လုပ်ခဲ့ရင်ဘယ်လိုမှပုန်းရှောင်၍မရပါ။အကုသိုလ်ပြုသူအတွက် ပုန်းခိုစရာနေရာမရှိပါ။

လူတွေကိုလည်း မခြောက်မလှန့်တော့ပါဘူး"

ထိုသို့ပြောပြီးသည်နှင့် ပြိတ္တာကြီး၏ပုံရိပ်က တဖြည်းဖြည်းမှုန်ဝါး ပျောက်ကွယ်သွားသည်။

ဒေါ်ထွေးတစ်ယောက် ဖံ့ပ်မက်ကိုပြန်စဉ်းစားရင်းမျက်လုံးနှစ်ဖက်မှ မျက်ရည်တို့ကျလာပါသည်။

ထို့နောက် သူ၏သမီးဒေါ်လှသန်း မသေခင်က အကြောင်းများကို ပြန်စဉ်းစားနေမိသည်။

❖ ❖ ❖

ဒေါ်လှသန်းတို့အိမ်မှာညအချိန်ရောက်သည်နှင့်ဝုန်းဒိုင်းကြသည့်အသံများ ကြားနေရသည်။

အသုဘရက်က သိပ်မခြောက်လှန့်ပေမဲ့ ရက်လည်ပြီးနောက်ပိုင်း တစ်အိမ်လုံးဝုန်းဒိုင်းကြနေတော့သည်၊ အိမ်အတွင်းသဲများ၊ ခဲများနှင့် ပက်သည်၊ ရေများနှင့် ပက်သည်။

တံခါးများက လူမရှိ၊ လေမတိုက်ပါဘဲ တဝုန်းဝုန်း၊ ပိတ်လိုက်ဖွင့်လိုက် ဖြစ်နေသည်။


www.burmeseclassic.com

www.burmeseclassic.com


ဒေါ်လှသန်းတွင် သားနှစ်ယောက်၊ သမီးတစ်ယောက် ရှိသည်၊ သားအကြီးက အသက်နှစ်ဆယ်၊ သမီးက ဆယ့်ရှစ်နှစ်၊ အငယ်ကောင်က ဆယ့်ငါးနှစ်။

အကြီးနှစ်ယောက်က အလုပ်ဝင်ရန် လုပ်နေကြပြီ၊ အငယ်ကောင်က ရှစ်တန်းတက်နေသည်။

ယောကျ်ားဖြစ်သူက ပြီးခဲ့သောနှစ်က ကားတိုက်၍ ဆုံးသွားခဲ့သည်။

ဒေါ်လှသန်း ရက်လည်ပြီးနောက်ပိုင်း မောင်နှမသုံးယောက်နှင့်အတူ ဖခင်ဘက်မှဆွေမျိုးများ လာအိပ်ပေးသည်၊ တစ်ညလုံး မနားတမ်းခြောက်လှန့်နေသဖြင့် နှစ်ညတော့ သည်းခံပြီးအိပ်ကြသည်။

သုံးညဆက်မအိပ်တော့ဘဲ ပြန်သွားကြသည်၊ အပေါ်ထပ်မှာနေသောဒေါ်ထွေးကမြေးများနှင့်အတူလာအိပ်ပေးသည်၊ ဒေါ်ထွေးနှင့်အိပ်လည်း ခြောက်မြဲခြောက်သည်။

မိခင်အရင်းဖြစ်သော ဒေါ်ထွေးလည်း ပါးစပ်က မခြောက်မလှန့်ရန် ကလေးများကြောက်လန့်နေပြီပြောလည်း ခြောက်မြဲ ခြောက်လျက်ပင်....၊

သို့ကြောင့် နောက်ရက်များတွင် မည်သူမျှလာမအိပ်ဘဲ


www.burmeseclassic.com

www.burmeseclassic.com


သားသမီးသုံးယောက်သာ အိမ်မှာအိပ်တော့သည်။

မည်သူမျှလာမအိပ်သည်နှင့် အခြောက်အလှန့်လည်း နည်းသွားသည်၊ ထိုအခါမှပင် သားသမီးသုံးယောက်လည်း မိမိတို့၏မိခင်ကြီးသည် ကွယ်လွန်ပြီးသည့်တိုင် အိမ်ကို သွေးရင်း၊ သားရင်းကလွဲ၍ သူစိမ်းတစ်ရံဆံ မပြောနှင့်.....၊

မိမိကိုမွေးခဲ့သည့် မိခင်လာသည်ကိုပင် မကြိုက်ကြောင်း သိသွားကြသည်။

မိခင်ကြီးက သားသမီးငါးယောက်ရှိသည်၊ အားလုံး အိမ်ထောင်ကျကုန်ပြီ၊ အဝေးမှာ ရောက်နေကြသည်။

မိခင်ကြီးအားစားဝတ်နေရေးအတွက်ဝိုင်းဝန်းထောက်ပံ့ပေးကြသည်၊ တတ်နိုင်သောငွေကြေး ပို့ပေးသည်။

မလှသန်းက မိမိပိုင်အိမ်အပေါ်ထပ်မှာ မိခင်ကြီးကို တင်ထားသည်၊ အခန်းခ မတောင်းပေမဲ့....၊ ရေဖိုး မီးဖိုး တစ်ဝက်စီ မျှခံစေသည်။

အောက်ထပ်မှာငါးယောက်၊လျှပ်စစ်နှင့်သက်ဆိုင်သော ဇိမ်ခံပစ္စည်း အကုန်ရှိသည်၊ အပေါ်ထပ်မှာ ဘာဇိမ်ခံပစ္စည်းမျှမရှိပေမဲ့ အခန်းခအခမဲ့ထားရသည့်အတွက် မီးဖိုးတစ်ဝက်ခံနိုင်းသည်ဟု ဆိုပါသည်။


www.burmeseclassic.com

www.burmeseclassic.com



မလှသန်းအကြောင်းပြောရလျှင် ဆိုးမည်မထင်၊ သူ၏ စီးပွားရေးက အဝတ်အထည် လပေးရောင်းသည်၊ စုမဲကိုင်သည်၊ ငွေတိုးပေးသည်၊ ရပ်ကွက်ဈေးထဲမှာ နေ့ပြန်တိုးပေးထားသည်။

ရပ်ကွက်အတွင်းမှာ အိမ်ငါးလုံးဝယ်ထားသေးသည်၊ နှစ်လုံးကို တိုက်ဆောက်ထားသည်၊ ကျန်သုံးလုံးက ပျဉ်ထောင် အိမ်များဖြစ်သည်၊ အားလုံးကို အငှားချထားသည်။

စုမဲသွင်းရမည့်ရက် လာမသွင်းလျှင် လမ်းပေါ်ထွက်ပြီး နာမည်အော်ခေါ်ကာ အယုတ္တ၊ အနတ္တ အစုံပြောပြီး ငွေလာသွင်းရန် အော်တော့သည်။

မပေးနိုင်သူများ အရှက်ကွဲရမည်စိုး၍ မရမကရှာကာ လာသွင်းရသည်။

အဝတ်အထည် လပေးသွင်းရက်ရောက်၍ လာမသွင်းလျှင်လည်း အိမ်ရှေ့သွား ပြောဆိုရန်တွေ့တော့သည်။

မည်သူ့အားမျှ လူမထင်....၊

သူမှာ ကားလေးစီးဝယ်ပြီး တက္ကစီထောင်ထားသည်၊ အားလုံး အငှားချထားသည်။

စုမဲပါသူများကို နံပါတ်နှိုက်ပြီးသည်နှင့် ကြိုတင်ငွေ တစ်ဦးငါးသောင်းစီ ထုတ်ချေးထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စုမဲက လူလေးဆယ့်ငါးဦးခန့်ရှိသည်၊ ဆယ်ရက်တစ်ခါ မဲပေါက်သူ စုငွေရသည်၊ တစ်ဦးတစ်ထောင်စု ဖြစ်သည်။

မဲနံပါတ်ဝေးသူများ ကြိုတင်ငွေယူထားသဖြင့် အတိုးနှင့် တွက်ပါက မိမိမဲအလှည့်ကျသည့်အချိန် ပြန်မရသည့်အပြင်၊ ကြွေးကျန်သေး၍ ထပ်ဆပ်ရသေးသည်၊ မလှသန်းက ရပြီးရင်း ရနေတော့သည်။

ငွေတိုးယူသူများအတိုးပေးရမည့်ရက်ကဲ့မပေးလျှင် အိမ်ရှိ ပြန်ရောင်း၍ ရမည်ထင်သော အရာများရှာဖွေယူသည်။

တစ်ကြိမ်ကဆိုလျှင် အိမ်တစ်အိမ်မှအတိုးငွေ မပေးနိုင် သဖြင့် ထိုအိမ်ရှင်တို့အမြတ်တနိုး ကိုးကွယ်ထားသော ဉာဏ် တော်တစ်ပေခန့်ရှိ ကြေးဆင်းတုတော်ကို ခေါင်းပေါ်တင်ပြီး အိမ် သို့ပင့်ခဲ့သည်။

တစ်အိမ်ကိုကား အတိုးငွေမပေးနိုင်သည့်ကိစ္စနှင့် မင်း ပွဲလှူထားသော ပွဲဇလုံနှင့် ငှက်ပျောဖီးများကိုယူလာပြီး အကြော် ဆိုင်မှာ သွားရောင်းလိုက်သည်။

ဘုရားလည်းမကြောက်၊ တရားလည်းမကြောက်သူ ပင်.....၊

ယခင်က သူ၏ကားများ နေ့ခင်း အငှားမောင်းသမားကို



www.burmeseclassic.com

www.burmeseclassic.com



ပေးထားပြီး ညဘက် အိမ်မှာထားသည်၊ ညဘက် လမ်းပေါ်မှာ ထားသောကားများကို အချို့မကျေနပ်သူများက မီးလုံးမှန်များ ခွဲထားသည်၊ ဘောနက်အဖုံးပေါ်သံနှင့် ခြစ်ထားသည်။

မိုးလင်းသည်နှင့်လမ်းပေါ်ထွက်ကာ သံကုန်ဟစ်ပြီး ဆဲဆိုတော့သည်။

ဈေးတန်းထဲမှာ ဈေးမကျွဲခင်သွား၍ နေ့သွင်းသွားကောက်သည်၊ သူ့အမြဲတန်း မုန့်ဟင်းခါးနှင့် အသုပ်ဆိုင်မှာထိုင်ပြီး ငွေစောင့်တောင်းလေ့ရှိသည်၊ ရပ်ကွက်ထဲက ငွေမသွင်းရသေးသူများ၊ ဈေးအတွင်း အတိုးမပေးသူများ၊ သူရှိသည်ဆိုလျှင် ကျင်းရှောင်သွားတတ်သည်။

သူနှင့် စကားများထား၍ မမြင်ချင်သူများကလည်း ကွင်းရှောင် သွားကြသည်။

မုန့်ရောင်းသောအဒေါ်ကြီးက သူလာထိုင်သောနေ့ဆိုလျှင် အရင်းရအောင်ပင် မနည်းရောင်းရသည်ဟု ကွယ်ရာမှာ ပြောပါသည်။

မလှသန်းက မျက်နှာကို အမြဲချိနေသည်၊ တစ်ရပ်ကွက်လုံး သူ့လုပ်စာစားနေရသကဲ့သို့ အထင်ရှိနေပုံရသည်။

သူ၏အိမ်ရှေ့မှာ အကြောင်းတစ်ခုခုကြောင့် ကားရပ်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါက ကားအိမ်ရှေ့မှမထွက်မချင်း အော်ပါလေတော့သည်။

"သေချင်းဆိုး ကာလနာတွေ၊ ဒီလောက်အော်နေတာ မကြားဘူးလား၊ ခြံရှေ့ကားပိတ်မရပ်နဲ့၊ ကားအဝင်အထွက်ရှိတယ်ဆိုလည်း နားမလည်ကြဘူး"

ကလေးတွေ ဘောလုံးကစားလျှင်သော်လည်းကောင်း၊ ရိုးရိုးတန်းတန်း ကစားလျှင်သော်လည်းကောင်း အော်ဒေါက်ထုတ်သည်။

"ဘယ်မိမဆုံးမ၊ ဖမဆုံးမ သားသမီးတွေလဲ....၊ မွေးချင်တိုင်းမွေးထားပြီးပေါက်လွှတ်ပဲစားလွှတ်ထားတယ်၊သွားကြ....၊ ကိုယ့်အိမ်ရှေ့ကို သွားကစား"

မယားကလမ်းမှာနေလျှင် လင်ဖြစ်သူက ဘာမှမပြော၊ သူကပါ လမ်းပေါ်ထွက်ပြီး ကလေးတွေကို ဆဲသည်။

လင်ဖြစ်သူက အရက်ကြိုက်သည်၊ တစ်ရက် အရက်မူးပြီးပြန်အလာ ကားနှင့်တိုက်မိပြီး အသက်သေဆုံးခဲ့ရသည်။

ရပ်ကွက်အတွင်းမှာ ရေမြောင်းများက မရှိမဟုတ်၊ ရှိသည်၊ ဒါပေမယ့် ရေမြောင်းက အရာသာရှိသည်၊ အားလုံး လမ်းနှင့် ခြံနှင့် ရေမြောင်းမျက်နှာပြင် တစ်ညီတည်းဖြစ်နေသည်။

ရပ်ကွက်မှာ တာဝန်ယူထားကြသော ဆယ်အိမ်မှူးများ



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ညွှန်စာရင်းတိုင်လျှင်ပိုက်ဆံယူသည်၊ ထောက်ခံစာယူလျှင် ပိုက်ဆံငါးရာပေးရသည်၊ ငွေယူသည်ကတော့ သူတို့ကိုအားကိုးလျှင် ပေးရစမြဲ.....၊

ရပ်ကွက်စည်ပင်သာယာရေးကြခော့ မည်သူမျှမလုပ်ကြ၊ လုပ်ရန်မလိုပါ၊ ဆော်ဩပေးရန်သာ လိုပါသည်၊ ကိုယ့်အိမ်ရှေ့မှာရှိသော ရေနုတ်မြောင်းကို အကျယ်နှစ်ပေ၊ အနက်နှစ်ပေ လိုက်ပြီးတူးခိုင်းသင့်သည်။

မတူးသောအိမ် ဒဏ်ရိုက်ပြီး လူမရှိသော၊ လူမနေသောအိမ်ရှေ့များကို လူငှားပြီးတူးသင့်ပါသည်၊ ဒဏ်ရိုက်၍ရသောငွေ၊ သို့မဟုတ် လုပ်အားပေးများဖြင့်လည်း တူးနိုင်ပါသည်။

ယခု ထိုသို့မဟုတ်၊ ရပ်ကွက်အတွင်း ရေမြောင်းများမရှိသဖြင့် အိမ်တိုင်းသုံးလိုက်သောရေများက လမ်းနိမ့်လျှင်လမ်းပေါ်သို့ စီးဝင်ကုန်သည်၊ လမ်းမြင့်လျှင် အိမ်ထဲစီးဝင်သည်။

လမ်းပေါ်ရေမရောက်လျှင် ခြံထဲရေဝင်သည်။

ထိုရေများကို သစ်ရွက်ပုပ်များ၊ နေ့စဉ်သုံးသော အညစ်အကြေးများကြောင့် ရေပုပ်ရေသိုးနံ့က တစ်ရပ်ကွက်လုံး သင်းလှိုင်နေသည်၊ ခြင်လည်း ပေါလှသည်။

လမ်းပေါ် အမြဲစိုစွတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မလှသန်းအိမ်ရှေ့ကို အနီးဝန်းကျင်မှသုံးလိုက်သော ရေများစီးသွားလျှင် ထိုအိမ်ကို မဲပြီးဆဲဆိုတော့သည်၊ ရေက လည်း ရေသုံးတိုင်း လမ်းပေါ်သို့တက်သည်။

ရေတက်သည့်အခါတိုင်း ပြဿနာဖြစ်ရသည်။

ထိုအခါ မခံချင်သူနှင့်ဆုံတော့ အော်ကြ၊ ဟစ်ကြ၊ ပြဿ နာဖြစ်ကြတော့သည်။

"တဲ့... ဒါ အများပိုင်လမ်းပေါ်မှာ ရေတင်တာ၊ ဘာပြဿ နာရှာနေတာလဲ"

"ငါ့အိမ်ရှေ့ကို မလာအောင်လုပ်ပေါ့......"

"မလုပ်နိုင်ဘူး၊ ရေမလာစေချင်ရင် နင့်လင်တွေကိုသွား ပြောပြီး မြောင်းရှေ့မှာရေမြောင်းတူးခိုင်း"

"တဲ့ ကောင်မ၊ တစ်ရုံးလုံးကရှိတဲ့ နင့်လင်တွေ၊ နင်က အပိုင်ပေါင်းထားတာပေါ့ ဟုတ်လား"

"တဲ့ တော်ကြစမ်း၊ မခင်မြင့် သွားစမ်း"

အသက် ၇၀ ကျော် ဦးဖေသိန်းကလာပြီး ရန်ပွဲဖျက် သည်။

"မဟုတ်ပါဘူး ဦးလေးရယ်၊ တစ်ရပ်ကွက်လုံးမှာ ရေ ဆင်းမယ့် ရေမြောင်းမှမရှိတာ၊ သုံးသမျှရေအကုန်လုံး လမ်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်တာ၊ ကျွန်မတို့လည်း ဘယ်ဖြစ်စေချင်ပါ့မလဲ၊

မိုးရွာတယ်ဆို တစ်ရပ်ကွက်လုံးရေမြုပ်တာ ဦးလေးအာမြင်ပဲမဟုတ်လား၊ ကျွန်မ အဝတ်လျှော်၊ ရေချိုးလိုက်တဲ့ရေက ဘယ်မှစီးစရာမရှိလို့ လမ်းပေါ်ရောက်သွားတာ....၊ အမြဲ ရန်ဖြစ်နေရတယ်......၊

သေချင်းဆိုး စည်ပင်ကကောင်တွေလည်း စည်ပင်ခွန်တော့ ပုံမှန်ကောက်ပြီး ဘယ်နားသွားသေနေကြလည်း မသိဘူး၊ တကယ်စိတ်ဆင်းရဲရတယ်”

မခင်မြင့်က မလှသန်းနှင့်စကားများပြီး အားလုံးကိုပတ်ဝိုင်း သောင်းကျန်းနေတော့သည်။

မိခင်ကြီးက အသက် ၆ဝ ကျော်၊ ၇ဝ နားနီးနေပြီ၊ သူတို့အိမ် အစားကောင်း၊ အသောက်ကောင်းနှင့် စားပါစေ၊ မိခင်ဖြစ်သူ ငပိရည်၊ ချဉ်ရည်ဟင်းနှင့် စားနေသည်ကိုသိသော်လည်း ဟင်းတစ်ခွက်ပင် မပို့။

အိမ်ရှေ့မှာ အလှူခံသည်းခံပါဟု စာရွက်မှာရေးပြီး ချိတ်ဆွဲထားသည်။

မလှသန်းက ဒေါ်လှသန်းအဖြစ်သို့ ရောက်သည်၊ အသက် ငါးဆယ့်တစ်နှစ်သို့အရောက် လူက ဝလာသည့်အပြင်



www.burmeseclassic.com

www.burmeseclassic.com



ဖောရောင်သလိုဖြစ်ကာ အိပ်ရာထဲလဲတော့သည်။

ဆရာဝန်နှင့်ပြကြည့်ရာ သွေးတိုး၊ နှလုံး၊ ဆီးချိုဟု ဆိုသဖြင့် စိတ်ကျကာ အိပ်ရာထဲလဲတော့သည်။

ရောဂါက စုံသည်၊ အိပ်ရာပေါ်မှာပင် အချိန်ကုန်သည်၊ မိခင်ဖြစ်သူဒေါ်ထွေးနှင့် သားသမီးများက အလုပ်ကပြန်၊ ကျောင်းက ပြန်ရောက်သည်နှင့် ပိုက်ဆံလိုက်သိမ်းသည်။

စုမဲများကလည်း ပုံမှန်မတောင်းနိုင်တော့၊ ဈေးမှ နေ့သွင်းငွေလည်း အချိန်ပြည့် စောင့်မတောင်းနိုင်။

လူတွေကလည်း အိပ်ရာပေါ် ဒေါ်လှသန်းလဲနေပြီသိ၍ ဝမ်းသာသူ ဝမ်းသာကြသည်၊ ငွေလည်း မှန်မှန်လာမသွင်းတော့၊

စုမဲအလှည့်ကျ၍ ငွေထုတ်ပြီးသူများကဆိုလျှင် လုံးဝလာမသွင်းတော့။

ဒေါ်လှသန်း၏ မိခင်နှင့် သားသမီးများကို မည်သူမျှအရေးမစိုက်၊ ဖတ္တဲ့သည်နှင့် ငိုပြသည်၊ တောင်းပန်သည်နှင့် ပြီးသွားသည်။

တစ်ရက်ကို အဖက်ဖက်မှ( အငှားကား အိုနာခအပါ) ဝင်ငွေတစ်သိန်းကျော်သည်၊ ယခု ငါးသောင်းပင် မဝင်ချင်တော့။

ထိုသို့ ဝင်ငွေပုံမှန် မဖြစ်တော့လေ၊ အိပ်ရာပေါ်မှ မထနိုင်



www.burmeseclassic.com

www.burmeseclassic.com



သော ဒေါ်လှသန်း ဒေါသထွက်လွန်း၍ သွေးပေါင်မကျဘဲ တိုး၍ သာလာတော့သည်။

သို့ကြောင့် ဒေါ်လှသန်းလည်း ပုံမှန်မဟုတ်သောစကား များ ပြောလာသည်။

“ငါ့ငွေတွေ...၊ ငါ့ပစ္စည်းတွေ...၊ ငါ့ကားတွေ... ဘယ်သူမှ မယူရဘူး၊ ငါ့ပိုက်ဆံတွေ ပြန်ပေး၊ ငါ့ငွေတွေ ပြန်ပေး”

လက်လွှန်ထားသော ချေးငွေများလည်း ပြန်တောင်း၍ မရတော့လေ၊ အပြင်ရောက်နေသော ပိုက်ဆံများ ပြန်မရလေ၊ ရှိပြီးသား ပိုက်ဆံများကို မိသားစု၊ ဆွေမျိုးများ ယူသွားမှာ အစိုးရိမ် ပိုလာပြန်သည်။

မကင်းရာ၊ မကင်းကြောင်း လာ၍ပြုစုသူများကို မယုံ သင်္ကာဖြစ်ပြီး သူ့ပစ္စည်းတွေကို လိုချင်၍လာသည်ဟု စွပ်စွဲပြော ဆိုနေသဖြင့် ဆွေမျိုးသားချင်းများလည်း လာပြုစုချင်သူမရှိကြ တော့။

နောက်ဆုံးတော့ သူအကောင်းမမြင်ခဲ့သော မိခင်က သာ အနီးကပ်ပြုစုရတော့သည်။

ဒေါ်လှသန်းတစ်ယောက် နေ့စဉ်ဆိုးရှုံးနေသော ငွေများ အား ပြန်မပေးသောသူများအပေါ် မကျေနပ်သောစိတ်က ပိုပို



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားလာရာ စိတ်များပင် ကယောင်ကတမ်းဖြစ်လာတော့သည်။

နောက်ဆုံးတော့ သူ့စွဲလမ်းတပ်မက်နေသော ပစ္စည်းများအားလုံး သူ မယူသွားနိုင်ရှာတော့ပဲ အားလုံးကိုထားခဲ့ပြီး လူ့လောကမှ ထွက်ခွာသွားပါတော့သည်။

သူ၏ခင်ပွန်းနှင့် တစ်နှစ်ခွဲခန့်ခြားပြီး သေဆုံးခဲ့ခြင်း ဖြစ်ပါသည်။

သူသေဆုံးပြီးနောက် နာရေးအိမ်သို့ မကင်းရာ၊ မကင်းကြောင်း အသိမိတ်ဆွေများ၊ ဆွေမျိုးများ လာကြသည်မှစ၍ နေ့စဉ်ဝုန်းဒိုင်းကျဲကာ ခြောက်လှန့်တော့သည်။

ယောက်ျားဖြစ်သူ၏မိခင်က မြေးများနှင့်အတူ လာအိပ်ပေးသည်။

ရက်လည်ပြီးနောက်ပိုင်းမှစပြီး အိမ်မှာမည်သူမှမနေနိုင်အောင် ခြောက်လှန့်သည်။

အပုပ်နံ့များကလည်း တစ်ချိန်လုံးနံနေသည်။

သူစိမ်းမဆိုထားနှင့်၊ သားသမီးနှင့်ယောက္ခမပါမနေနိုင်အောင် ခြောက်လှန့်နေသည်။

သေလွန်ပြီးသည့်တိုင်အောင် ၎င်းပစ္စည်း၊ ၎င်းဟာ စွဲလမ်းလို



www.burmeseclassic.com

www.burmeseclassic.com



နေသေးသည်၊ သူ့ပစ္စည်းအများအပြား ယူထားသူများလည်း ညဘက်အိပ်မရအောင် ခြောက်လှန့်နှောက်ယှက်သည်ဟု ဆိုသည်။

အကြွေးပြန်ဆပ်ပါ့မည်ဆိုမှ ခြောက်လှန့်မှုမရှိဟု ဆိုပါသည်။

သို့ကြောင့် အကြွေးစာရင်းစာအုပ်မှာရှိသော စာရင်းကို ကြည့်၍ လူကြီးများက ညှိနှိုင်းပေးသည်။

သားသမီးသုံးယောက် ဆန္ဒကအတိုးမလိုချင်တော့၊ အရင်းကိုသာ အရစ်ကျပြန်ပေးပါဟု ဆိုလာပါသည်။

လူကြီးများ ညှိနှိုင်းပေးမှုနှင့်အားလုံး ပြေလည်သွားခဲ့သည်။

တစ်လနီးပါးအသည်းအသန်ခြောက်လှန့်နေခဲ့သောဒေါ်လှသန်းလည်း အိမ်မှာလာအိပ်သူမရှိတောဘဲ သားသမီးများကျန်မှပင် ခြောက်လှန့်မှုကို မပြုလုပ်တော့။

ထို့နောက် အိမ်ပေါ်ထပ်မှာနေသော မိခင်ကြီး ဒေါ်ထွေးအား သူ၏ပစ္စည်းဥစ္စာ စွဲလမ်းတပ်မက်မှု၊ အလျှုဒါန ကင်းခဲ့မှု၊ ပိုက်ဆံမရှိသူများကိုအနိုင်ကျင့်ခဲ့မှုတို့ကြောင့်ပြိတ္တာဘုံသို့ရောက်နေကြောင်း အိပ်မက်လာပေးခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းသည်နှင့်ဒေါ်ထွေးကလည်းမြေးသုံးယောက်ကို ခေါ်၍ သူ၏အိပ်မက်ကို ပြောပြသည်။

ဒေါ်ထွေးမက်သကဲ့သို့ သားအကြီးဆုံးကလည်း ထိုကဲ့သို့မက်ခဲ့သည်ဟု ဆိုပါသည်။

သို့ကြောင့် ပွဲစားကိုအပ်ကာ ကားတစ်စီးနှင့် အိမ်တစ်လုံးကို ရောင်းချလိုက်ပါသည်။

သုံးလအတွင်းမှာပင် အိမ်ကရောင်းထွက်ခဲ့သည်။

ကားက ပွဲစားလက်အပ်ပြီး မကြာခင် ရောင်းခဲ့ရသည်၊

ထိုရောင်းရငွေနှင့် လက်ထဲမှာရှိသောငွေကို စုပေါင်းပြီး ဘုရားများ ရွှေချရန် ဒေါ်လှသန်းအမည်ကဗ္ဗည်းတက်၍ လိုက်လှူလိုက်သည်။

အိမ်မှာလည်း ဘုန်းကြီးဝါးပါးပင့်၍ ပြုသမျှကုသိုလ်အစုစုတို့ကို ဒေါ်လှသန်းအတွက် ရည်စူးပြီး ဩဒိတာမေတ္တာပို့ ရေစက်ချ၊ အမျှဝေလိုက်ကြပါသည်။

ထိုသို့ ပြုလုပ်ပေးပြီးနောက် မကြာခင်မှာပင် ဒေါ်ထွေးအား အလှူအတွက်အမျှဝေသည်ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခဲ့ရကြောင်း အိပ်မက်ပေး၍ လာပြောသွားပါတော့သည်။ ။

❖ ❖ ❖ ❖ ❖

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

# အပြုံးကြီး တဲ့သရဲမ

ကေတုမာလာကွေ့နားက ပါရမီရပ်ကွက်အတွင်းက နှစ်ထပ်ပျဉ်ထောင်အိမ် အပေါ်ထပ်မှာ ဦးမိုးမြင့်တစ်ယောက် ချစ်ရသော နီနီမြင့်အား လာရောက်တွေ့ဆုံသည်။

အောက်ထပ်အခန်းကို လူငှားထားသည်၊ ကုန်းလမ်းပို့ ဆောင်ရေးမှာ အရာရှိတစ်ယောက်အဖြစ် တာဝန်ထမ်းဆောင် နေပြီး ရွှေညောင်မှာတာဝန်ကျသည်။

ဆယ်နှစ်ကျော်ကာလအထိ ရွှေညောင်မှာ တာဝန်ထမ်း ဆောင်ခဲ့ရသည်။

သို့ကြောင့် တောင်ကြီး၏ အေးချမ်းဆိတ်ငြိမ်သော ရပ် ကွက်တစ်ခုမှာ အိမ်ခြံဝယ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ငါးနှစ်၊ ခြောက်နှစ် ကာလလောက်အထိ တောင်ကြီးရှိ အိမ်မှာ ဇနီးနှင့် သားသမီးများဖြင့် အေးအေးချမ်းချမ်း နေထိုင်ခဲ့သည်။

ရန်ကုန်၊ ပါရမီရှိ က.ပ.ရ ရုံးချုပ်သို့ တစ်လကို အနည်းဆုံး တစ်ခေါက်တော့ရောက်သည့်အခါတိုင်း နီနီမြင့်တို့အိမ်မှာ တည်းခိုခဲ့သည်၊ ကြာတော့ နီနီမြင့်နှင့် ဦးမိုးမြင့်တို့ သံယောဇဉ်များပိုခဲ့ကြပြီး လက်တွဲကြရန် နှစ်ဦးသဘောတူ ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် သာစည်မှာလည်း ဦးမိုးမြင့် တည်းခိုနေထိုင်ခဲ့သည့် အိမ်တစ်လုံးရှိသေးသည်။

ထိုအိမ်မှာနေသူ မတင်ရီနှင့်လည်း ဦးမိုးမြင့်က အချိတ်အဆက်ရှိသည်။

သူသည်လည်း ဦးမိုးမြင့်၏ ကြည့်ရှုစောင့်ရှောက်မှုအောက်က မကင်းသူဖြစ်သည်။

ဦးမိုးမြင့်တစ်ယောက် အလုပ်ကိုအကြောင်းပြု၍ ရန်ကုန်၊ သာစည်၊ ရွှေညောင်သုံးမြို့၌သာ အချိန်ကုန်နေတော့သည်။

သို့ကြောင့် တောင်ကြီးမှာနေထိုင်ကြသော ဇနီးနှင့် သားသမီးများထံ မရောက်ဖြစ်တော့။

ယခု **ဦးမိုးမြင့်က နီနီမြင့်**အား ရန်ကုန်သို့တာဝန်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေသည်ဖြစ်၍ ညလာမည်တု အဲကြောင်းကြားထားသဖြင့် ထုံးစံအတိုင်း စားစရာနှင့် သောက်စရာများ အသင့်ပြင်ဆင်ထားပေးလိုက်သည်။

ထို့နောက် ညရှစ်နာရီထိုးသည်နှင့် ဦးမိုးမြင့်လည်း နီနီမြင့်အိမ်သို့ ရောက်လာသည်၊ နီနီမြင့်က အသက် ၃၀၊ အသားဖြူ ဖြူ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်း၊ ပြည့်ဖြိုးသည်။

ဦးမိုးမြင့်က အသက် ၅၁ နှစ်ရှိပြီဖြစ်သည်၊ အရာရှိပေါက်စဖြစ်သဖြင့် ဗိုက်ကရွဲစပြုနေပြီ ဖြစ်သည်။

နီနီမြင့်က ‘ရမ်’ တစ်ပုလင်း၊ အသားလုံးကြော်၊ ဝက်ခေါင်းသုပ်၊ ဆေးဘဲဥသုပ်တို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် စီစဉ်ထားသည်။

ဦးမိုးမြင့်က အမြည်းစားလိုက်၊ ‘ရမ်’ သောက်လိုက်၊ စကားပြောလိုက်နှင့်....၊

နီနီမြင့်ကလည်း ဦးမိုးမြင့်ကျေနပ်စေရန် အမြည်းများများစားပြီး၊ အရက်ကို နည်းနည်းချင်းသောက်နေသည်။

နှစ်ယောက်သား စားကြ၊ သောက်ကြနှင့် အတော်လေးမူးကြပြီ၊ ထိုအချိန် နီနီမြင့်က အခန်းဝလိုက်ကာအနီးမှာ တစ်စုံတစ်ခုကို မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အား.... အမလေး... သရဲ.... သရဲ... သရဲမကြီး"

"ဟာ... ဘယ်မှာလဲ.... သရဲ"

"နောက်မှာ....၊ အစ်ကိုကြီးနောက်က လိုက်ကာဘေးမှာ.....၊ ဆံပင်ဖားလျားချလို့ မျက်လုံးကြီးပြူးပြီး ကြည့်နေတယ်....."

ဦးစိုးမြင့် လှည့်ကြည့်လိုက်တော့ ဘာမှမမြင်ရ....၊

"မရှိပါဘူးကွာ....၊ နီနီ့စိတ်ထဲက ထင်လို့ဖြစ်ပါလိမ့်မယ်"

"မဟုတ်ဘူး.... ရှိတယ်၊ မျက်လုံးကြီးနှစ်လုံးက ပြူးပြီးရဲနေတာပဲ၊ မျက်နှာကြီးက မကျေနပ်တဲ့ မျက်နှာကြီး...."

"နီနီ... သိပ်မူးနေပြီနဲ့ တူတယ်"

"မမူးပါဘူး....၊ 'ရမ်' နည်းနည်းလေးထဲ ရေခဲတုံးတွေနဲ့ ရေအများကြီးထည့်ထားတာ၊ ဘယ်ကလာ မူးရမှာလဲ..."

ဦးမိုးမြင့်က ခပ်အေးအေးပင် အရက်ဗန်ခွက်ထဲ 'ရမ်' အနည်းငယ်ထည့်လိုက်ပြီး ရေခဲနှင့်ဆိုဒါထည့်ကာ တကျိုက်တည်း မော့သောက်နေသည်။

"ဒီည အစ်ကိုကြီး နီနီနဲ့ အိပ်ရမယ်နော်၊ အခန်းကို မပြန်နဲ့တော့....."



www.burmeseclassic.com

www.burmeseclassic.com



"မပြန်လို့တော့ မဖြစ်သေးဘူး၊ စားသောက်ပြီးရင် ခဏပြန်လိုက်အုံးမယ်၊ ဟိုမှာ ခင်မောင်တို့အဖွဲ့ စောင့်နေတယ်၊ အစ်ကိုကြီး ဆယ်နာရီလောက်မှ ပြန်လာမယ်....၊

နီနီမအိပ်ဘဲ အစ်ကိုကြီးကို စောင့်နေလေ"

"မသွားပါနဲ့လား....၊ နီနီ မနေရဲဘူး"

"မဖြစ်လို့ပါကွာ၊ တစ်နာရီလောက်ပါ၊ အစ်ကိုကြီး တကယ်ပြန်လာပါ့မယ်"

"တကယ်ပြန်လာရမယ်နော်၊ တစ်ခါမှမခြောက်ဘူးတဲ့ ဒီအိမ်မှာ ဘယ်ကသရဲက ရောက်လာလဲမသိဘူး"

"လာပါ့မယ်၊ စိတ်ချသာနေ....၊ ဟိုမှာ အစ်ကိုကြီးအတွက် ဂွင်ဖန်ပေးထားတဲ့တပည့်တွေကို သွားပြီးပြုစုရအုံးမယ်၊

သူတို့ကြောင့် အစ်ကိုကြီး နီနီ့ကို ကောင်းကောင်းထောက်ပံ့နိုင်တာ၊ ခဏနေရင် အခန်းပြန်လိုက်အုံးမယ်၊ ဆယ်နာရီပြန်လာခဲ့မယ်၊ မအိပ်ဘဲစောင့် ဟုတ်လား....."

"စိတ်ချ... ပြန်မလာလို့ကတော့ နောက်ကို အမြဲတံခါးပိတ်ထားမယ်မှတ်..."

"နီနီက အစ်ကိုကြီးကို မတွေ့ဘဲနေနိုင်လို့လား"

"အံမယ်.... အစ်ကိုကြီးက နီနီ့ဘာကွက်ကို ဘာကိုင်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ နီနီက အစ်ကိုကြီးတစ်ယောက်ကိုသာ ချစ်တာပါ....."

"ဒါ့ကြောင့် နီနီ့ကို ချစ်ရတာပေါ့"

ဦးမိုးမြင့်လည်း လက်ကျန်အရက်ခွက်ကို မော့သောက်လိုက်ပြီး ထိုင်ရာမှထလိုက်သည်။

"အစ်ကိုကြီး မြန်မြန်ပြန်ခဲ့နော်...၊ ဘယ်ကရောက်လာမှန်းမသိတဲ့ သရဲမကြီးကို ကြောက်တယ်"

"သရဲမရှိပါဘူးကွာ၊ အစ်ကိုကြီးမသွားဖြစ်အောင် လုပ်ကြံပြောနေတာ မဟုတ်လား...."

"တကယ်မြင်လိုက်တာပါဆို၊ သရဲမကြီး...၊ ဝတ်စုံအဖြူဝတ်ထားတဲ့ သရဲမကြီး...."

"အေး.... အစ်ကိုကြီးပြန်လာခဲ့မယ်၊ မအိပ်နဲ့အုံးနော်"

ဦးမိုးမြင့်က အပေါ်ထပ်မှပြန်ဆင်းခဲ့သည်၊ နီနီ ပြောပြသည့် သရဲမကြီးသည် တောင်ကြီးကရောက်လာသော သရဲတော့ မဖြစ်နိုင်၊ သူ၏ဇနီးမှာ လွန်ခဲ့သော သုံးလခန့်က ကားပေါ်ကကျပြီး သေသွားခဲ့သည်။

ယခု သူရောက်လာမှ သရဲလာခြောက်သည်ဆိုသဖြင့် ထူးတော့ထူးဆန်းနေကြောင်း ဦးမိုးမြင့် မှတ်ယူမိသည်၊ အောက်ထပ်ရှိလူငယ်လေးက ခြံတံခါးပိတ်ရန် နောက်မှလိုက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေး တံခါးမပိတ်နဲ့အုံး၊ ဦးလေးက ပြန်လာအုံးမယ်...."

"ကျွန်တော် ပိတ်ထားလိုက်မယ်၊ ပြန်လာရင် အသံပြုလိုက်၊ ကျွန်တော် ညဆို တစ်နာရီကျော်မှ အိပ်တာ"

"ဘာလုပ်နေလို့လဲ...."

"စာမေးပွဲနီးလို့ စာကျက်နေတာ"

"အခု ဘယ်မှာတက်နေတာလဲ"

"စီးပွားရေး နောက်ဆုံးနှစ်ပါ"

"အေး...အေး... ကြိုးစား... ကြိုးစား၊ တစ်နှစ်တည်းနဲ့ ဘွဲ့ရအောင်လုပ်"

"ဟုတ်ကဲ့....၊ ဒါ့ကြောင့် စာလုပ်နေတာပါ"

ဦးမိုးမြင့်လည်း လူငယ်လေးကိုနှုတ်ဆက်ပြီး ထွက်လာခဲ့သည်။

နီနီမြင့်တစ်ယောက် အပေါ်ထပ်တွင် အရက်ပုလင်း၊ စားသောက်စရာများနှင့် ကျန်ခဲ့သည်။

"ငါက ဒါတွေစားသောက်ပြီး ဘာလုပ်ရမှာလဲ၊ မူးအောင်သောက်ပြီး အိပ်လိုက်တာပဲ ကောင်းတယ်"

"ဟား..... ဟား... ဟား...."



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်မှ ရယ်သံလိုလိုကြားလိုက်ရသဖြင့် နီနီမြင့် လှည့်ကြည့်လိုက်သည်။

"သ... သ.... သရဲမကြီး...၊

အမလေး.... သရဲမကြီး....."

ဆံပင်ဖားလျား၊ မျက်ကွင်းဟောက်ပက်နှင့် အဝတ်ဖြူကြီးဝတ်ထားသော သရဲမက တရွေ့ရွေ့ သူ့နားလာနေသည်။

"သွား.... သွား... ထွက်သွား... မလာနဲ့...."

"ဟား... ဟား...၊ ဟီး... ဟီး... ဟီး...."

သရဲမလက်နှစ်ဖက် ရှေ့သို့ ဆန့်တန်းထွက်လာသည်။

နီနီမြင့်က နောက်ဆုတ်နောက်ဆုတ်နှင့် တရွေ့ရွေ့ ခြင်းဆုတ်နေသည်။

ထိုအချိန် နီနီမြင့်နောက်ဘက်ရှိ ပိတ်ထားသောပြတင်းတံခါးက 'ဝုန်း'ခနဲပွင့်သွားသည်။

"အမလေး....."

တံခါးပွင့်သွား၍ မြည်သောအသံက နီနီမြင့်ကို ပိုပြီး ထိတ်လန့်သွားစေသည်။

"ဟီး... ဟီး... ဟီး... သတ်မယ်... သတ်မယ်....၊

နင့်ကို ငါသတ်မယ်...."



www.burmeseclassic.com

www.burmeseclassic.com



သရဲမကြီးက နီနီမြင့်ကို အလွတ်မပေးတော့သည့်အလား ရှေ့တိုးလာသည်။

"အမလေး.... သရဲ... သရဲ ကယ်ကြပါအုံး...."

အသံကုန်ဟစ်အော်လိုက်သဖြင့် ကျယ်လောင်စွာထွက်သည်။

နီနီမြင့်၏အော်သံကြောင့် အောက်ထပ်မှာ စာဖတ်နေသောလူရွယ်လေး အပေါ်ထပ်သို့ပြေးဟက်လာပြီး တံခါးခေါက်လိုက်သည်။

နီနီမြင့်က နောက်ဆုတ်ရင်း ထရံခံနေသဖြင့် ဆုတ်မရတော့ဘဲ ရပ်နေရတော့သည်။

သရဲမကတော့ နီနီမြင့်အား အသေသတ်မည်ဟူသောအမူအရာဖြင့် ရှေ့သို့သာ တရွေ့ရွေ့လာနေသည်။

"မလုပ်နဲ့.... မလုပ်နဲ့..."

နံရံခံနေသဖြင့် နောက်ဆုတ်၍ မရတော့ခြင်းကြောင့် ဘေးသို့တရွေ့ရွေ့ တိုးသွားစဉ် ပြတင်းပေါက်အနီး ရောက်သွားသည်။

"သွား... သွား.... မလာနဲ့...."

"အား...."



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း...."

သရဲမ၏ ဆောင့်တွန်းခြင်းခံလိုက်ရသော နီနီမြင့်ပြတင်းတံခါးမှ နောက်ပြန်ပြုတ်ကျသွားသည်။

အောက်မှာ အုတ်ကျိုးအပုံက ရှိနေသဖြင့် ခေါင်းဖြင့် နောက်ပြန်ကျသွားသော နီနီမြင့် 'ဆတ်ခနဲ' တစ်ချက်ဖြစ်ပြီး ငြိမ်သက်သွားတော့သည်။

အောက်သို့ပြုတ်ကျသည့် အသံကြောင့် လူရွှယ်လည်း ပြေးဆင်းကာ ခေါင်းရင်းဘက်သို့ ရောက်သွားသည်။

"ဟာ....."

အပေါ်ထပ်ပြတင်းပေါက်ပွင့်လျက် အဝတ်ဖြူဖြူနှင့် အမျိုးသမီးတစ်ယောက် ရပ်ကြည့်နေသည်ကို တွေ့လိုက်ရသလို အပေါ်ပြတင်းပေါက်မှ ပြုတ်ကျသေဆုံးနေသော နီနီမြင့်အားတွေ့လိုက်သည်။

❖ ❖ ❖

ဦးမိုးမြင့်တစ်ယောက်လည်း နီနီမြင့်သေဆုံးသွားပြီးကတည်းက သာစည်မှာရှိသော မတင်ရီထံ အသွားအလာလျှော့ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေညောင်နှင့် သာစည်၊ မိတ္ထီလာကို ကုန်ပစ္စည်းကားစွဖြင့် မကြာခဏသွားဖြစ်နေသည်။

ရောက်သည့်အခေါက်တိုင်း မတင်ရီထံ မဝင်ဖြစ်သည့်အကြောင်းက နီနီမြင့်ဆုံးပြီးနောက်ပိုင်း တစ်ခေါက်ရောက်စဉ်က ဖြစ်သည်။

မတင်ရီက သူ့အခုတလော အိပ်မက်မကောင်းကြောင်း၊ အိပ်မက်ထဲမှာ ဝတ်စုံအဖြူဝတ် သရဲမကြီးက

"ဒီတစ်ခါ နင့်အလှည့်ပဲ....၊ နင်တို့ပျော်တဲ့အချိန် သေရမယ့်အချိန်ပဲ...." ဟု လာလာပြောကြောင်း၊ သူ့အိပ်မက် မက်တာ သုံးကြိမ်ခန့်ရှိပြီဖြစ်ကြောင်း ဦးမိုးမြင့်ကို ပြောပြခဲ့သည်။

သို့အတွက် သူ့ပယောဂကြောင့် မတင်ရီသေဆုံးမည်စိုးသဖြင့် အတတ်နိုင်ဆုံး မတင်ရီရှိသော သာစည်သို့ လှည့်မဝင်ဘဲ၊ မိတ္ထီလာသို့ ရောက်ခဲ့သည်။

ရန်ကုန်သို့လည်း ရောက်သည်။

ဒါပေမဲ့ ဦးမိုးမြင့်က ဆန္ဒမပြည့်ပါ၊ နီနီမြင့်ဆုံးပြီး တစ်လမကြာခင်မှာ မတင်ရီတစ်ယောက်လည်း ဒဏ်ရာတစ်စုံတစ်ရာမရှိဘဲ အိပ်ရာပေါ်မှာ မျက်လုံးကြီးပြူးကာ ပက်လက်အနေအထားနှင့် သေဆုံးနေကြောင်း တွေ့လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးမြင့်တစ်ယောက်လည်း မိမိကြောင့် မိမိနှင့်ဆက်နွယ်နေသူများ သေဆုံးကုန်သည်၊ ထိုအဖြစ်အပျက်၏ အဓိကတရားခံကား သေဆုံးသွားပြီးဖြစ်သော ဇနီး၏ တမလွန်ဝိညာဉ်ကလဲ့စားပင်ဖြစ်ကြောင်း ယတိပြတ် ကောက်ချက်ချလိုက်သည်။

ပထမဇနီး သေဆုံးသွားရခြင်းမှာလည်း သူ့ဇနက်ကြောင့်ဟု လူများကပြောကြသလို ဇနီးဖြစ်သူကလည်း သူ့အား နာကြည်းသွားခဲ့သည် မဟုတ်ပါလား။

သားသမီးသုံးယောက်က အိမ်ထောင်အသီးသီး ကျကုန်လျက် အိမ်ခွဲနေကြသည်၊ အိမ်မှာ အိမ်ဖော်နှင့်သာ နေခွင့်ရခဲ့သောဇနီးသည်က သူ့ကိုအချိန်နှင့်အမျှ မကျေမနပ်ဖြစ်နေခဲ့သည်။

သူကိုယ်တိုင်ကလည်း ရန်ကုန်ရောက်လျှင် နီနီနှင့်နေသည်၊ မိတ္ထီလာ၊ မြင်းခြံတို့ကို တာဝန်နှင့်သွားလာရလျှင် သာစည်ရှိ မတင်ရီထံမှာနေသည်။

ရွှေညောင်အလုပ်ရှိရာမြန်ရောက်သည့်တိုင်တောင်ကြီးသို့မသွားခဲ့၊ ထောက်ပံ့ငွေတော့ တာဝန်မပျက် ပို့ပေးခဲ့သည်၊ သူ့တာဝန်ကျေသည်ဟု ထင်ခဲ့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်စောတစ်ယောက် အိမ်ကြီးမှာ တစ်ယောက်တည်းနေရသည်မှာ အနှစ်သာရမရှိ။

တစ်နေ့တစ်ရက်မှ စိတ်ထဲမှာမပျော်၊ အသက်ရှင်နေရခြင်းထက် သေသည်ကမှ အဓိပ္ပါယ်ရှိသည်ဟု ဆုံးဖြတ်နေမိသည်။

မိမိဘဝမှာ မတောင့်မတ နေရပါသည်၊ သို့ပေမဲ့ ဘဝမှာပျော်စရာဟူ၍ ဘာမှမရှိ၊ လင်ဖြစ်သူကလည်း မတောင့်မတ နေရအောင်ထားပေမယ့် အနားမှာမရှိ။

သားသမီးတွေကလည်း အနားမှာမရှိ၊ အိမ်ဖော်တစ်ယောက်သာ ရှိသည်၊ ရန်ကုန်မှာ အိမ်ထောင်မကျခင်က မိမိအမွေရထားသော အိမ်တစ်လုံးရှိသည်။

မိမိပိုင် မိဘအမွေအိမ်ကို မရောင်းပါနှင့်၊ အတန်တန်တားသည့်ကြားက ရောင်းဖြစ်အောင် ရောင်းလိုက်သည်။

မိမိ ရန်ကုန်မရောက်စေလို၍ ရောင်းမှန်းသိသည်၊ ယောက်ျားမှာ အငယ်အနှောင်း နှစ်ယောက်ရှိသည်ကိုလည်း သူ၏ တပည့်များပြောပြ၍ သိထားသည်။

ထို့ကြောင့်ဒေါ်တင်စောတစ်ယောက် အထီးကျန်ဘဝမှာ မပျော်ရွှင်တော့၊ လောကကြီးမှာ အဓိပ္ပါယ်မဲ့မနေချင်၊ ရန်ကုန်က



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ စိတ်ပြေလက်ပျောက် သွားနေချင်ပေမယ့် သူကလမ်းစ ဖြတ်သွားသည်။

တောင်ကြီးမှာ ဆုတောင်းပြည့်သည်ဟု နာမည်ကြီး သော ညောင်ပင်ကြီးတစ်ပင်ရှိသည့် နတ်ကွန်းသို့သွား၍ ဆု တောင်းလိုက်သည်။

"ကျွန်တော်မျိုးမ အသက်ရှင်၍ မနေချင်တော့ပါ။ အ သက်ဝိညာဉ်နုတ်ပြီး လူ့ဘဝက ထွက်ခွာခွင့်ပေးတော်မူပါ"

စိတ်ကို တုံးတုံးချပြီး ယတိပြတ် ဆုံးဖြတ်လိုက်သည်။

ထို့နောက် နတ်ကွန်းမှ ပြန်လာခဲ့သည်။

ထိုသို့ဆုတောင်းပြီး တစ်ပတ်အတွင်းမှာ ကလောသို့ သွားရန် အကြောင်းကိစ္စတစ်ခု ပေါ်လာသည်။

ထို့ကြောင့် မနက်စောစော မိမိယောကျ်ားတပည့် မောင်းသော တီအီးကားဖြင့် ကလောသို့လိုက်ခဲ့သည်။

ကားခေါင်းခန်းမှ လိုက်လာခဲ့သည်။

ရွှေညောင်မှကလောသို့ ကားမောင်းလာစဉ် လမ်းမှာ ဒေါ်တင်စောထိုင်သည့်ဘက်မှတံခါးပွင့်ထွက်သွားပြီးဒေါ်စောတင် ကားပေါ်မှ ပြုတ်ကျသွားသည်။

နောက်ဘီးအောက်သို့ ခေါင်းဝင်သွားကာ ခေါင်းမှာကြေ



www.burmeseclassic.com

www.burmeseclassic.com



မွသွားတော့သည်။

ဒေါ်တင်စော ဆန္ဒရှိသည့်အတိုင်း လူ့လောကမှ တကယ် ပင်ထွက်သွားတော့သည်။

ထိုသို့ထွက်သွားပြီး မကြာခင်ရက်မှာ ဒေါ်စောတင်၏ ဝိညာဉ်က တောင်ကြီးမှာမရှိတော့ဘဲ ရန်ကုန်က သူ-မရောင်း ချင်ခဲ့သောအိမ်သို့ ရောက်လာခဲ့တော့သည်။

ထိုအိမ်ကိုဝယ်လိုက်သူကမှုဆိုးမဒေါ်အေးစိန်ဖြစ်သည်၊ မိမိစုဆောင်းထားသောငွေနှင့်လက်ဝတ်လက်စားများကိုရောင်း ပြီး အိမ်ကိုဝယ်လိုက်ခြင်း ဖြစ်သည်။

အိမ်က သစ်သားပျဉ်ထောင် နှစ်ထပ်ဖြစ်သည်။

အောက်ထပ်ကို လူငှားတင်ပြီး အပေါ်ထပ်မှာ ဒေါ်အေး စိန်မိသားစု နေသည်၊ ဒေါ်အေးစိန်တွင် သားနှစ်ယောက်ရှိသည်။

အကြီးဆုံးသားက ဆောက်လုပ်ရေးပိုင် ဂိုဒေါင်တွင် နေ့စားဝင်လုပ်သည်၊ အသက်နှစ်ဆယ့်တစ်နှစ် ရှိသည်၊ နာမည် က ဇော်မင်းဖြစ်သည်။

အငယ်ကောင်က အသက်ဆယ့်ရှစ်နှစ်ရှိပြီး ကျောင်းစာ ရှစ်တန်းနှင့်ထွက်ကာ မည်သည့်အလုပ်မျှမလုပ်၊ သူ့နာမည်က ကျော်လင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၇

ထမင်းဟင်းရောင်းသော မိခင်ထံမှ ပိုက်ဆံတောင်းပြီး ရပ်ကွက်လှည့်ကာ အရက်သောက်သည်၊ ဖဲရိုက်သည်။

တောင်းသည့်ပိုက်ဆံမပေးလျှင် မိခင်ဈေးခင်းရောင်း ဟင်းအိုး၊ ဟင်းခွက်များ သွန်ပစ်သည်။

တစ်ခါတစ်ခါ အိမ်ပေါ်မှအိမ်အောက်သို့ ပစ်ချသည်၊ လူက အသားဖြူဖြူ မျက်နှာပေါက်အသွင်အပြင် မဆိုး၊ ရည်းစား တော့ တစ်ယောက်ပြီးတစ်ယောက် ထားသည်။

မိခင်က အလုပ်မလုပ်ဘဲ ပိုက်ဆံလက်ဖြန့်တောင်းသ ဖြင့် ပါးစပ်ကဆဲဆို၊ အော်ဟစ်နေ၍ လူကြားသည်က မိခင်ဆူ သံ၊ ခံရတော့ မိခင်သာဖြစ်သည်။

ထိုနေ့အဖို့ ထမင်းဟင်းရောင်း၍ အမြတ်မရရုံမက အ ရင်းပါပျောက်အောင် သွန်ပစ်၊ လွှတ်ပစ်ခြင်းကို ခံရတော့သည်။

အနီးပတ်ဝန်းကျင်ရှိ ကြီးသူများကလည်း မိခင်အပေါ် ဆိုးလွန်းလှသည့်သားအား မလုပ်ရန်၊ မိဘအား မစော်ကားရန်၊ မည်သူမှ ဝင်၍ဆုံးမမည့်သူမရှိ။

မူးလာလျှင် ပတ်ဝန်းကျင်ကိုပါ စိန်ခေါ်ပြီး အော်ဟစ်ဆဲ ဆိုတတ်၍ ဖြစ်သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com


ဒေါ်အေးစိန် မီးဖိုထဲမှာ ဟင်းများချက်နေသည်၊ အမဲသားဟင်း စောစောကျက်သွားသဖြင့် အရောင်းစားပွဲပေါ်မှ အိုးသစ်ထဲပြောင်းထည့်ပြီး တင်ထားလိုက်သည်။

နောက်ထပ် ကြက်သားအိုးတစ်အိုး ကျက်သွား၍ အိုးသစ်ထဲပြောင်းထည့်ပြီး စားပွဲပေါ်သွားတင်လိုက်ရင်း အမဲသားဟင်းအိုးကို အဖုံးဖွင့်ပြီးကြည့်လိုက်သည်။

အမဲသားတုံးများ တစ်ဝက်ခန့်လျော့နေသည်ကို တွေ့လိုက်သည်၊ ဒေါ်အေးစိန် မျက်လုံးပြူးသွားသည်။

တစ်ယောက်မျှမရောင်းရသေး၊ အမဲသားဟင်းများက အိုးဖင်ကပ်နီးပါးသာ ရှိတော့သည်။

သို့ကြောင့် ခဏအကြာ အငယ်ကောင် ကျော်လင်းအိမ်ရောက်လာတော့ ဟင်းများရေးဦးမပေါက်ခင် နိုက်စားပစ်ရမည်လားဟု ဆူသည်။

အငယ်ကောင်ကလည်း အခုမှပြန်လာသည်၊ စီးပြီး ပြဿနာရှာသည်ဟုဆိုကာ အမဲသားဟင်းအိုးကိုယူပြီး ပြတင်းပေါက်မှ အိမ်အောက်သို့ပစ်ချကာ အိမ်ပေါ်မှပြန်ဆင်းသွားသည်။

ဒေါ်အေးစိန်လည်း အယုတ္တ၊ အနတ္တ စကားများပြောဆိုငိုယိုပြီး ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ရောက်တော့ ကြက်သားဟင်းတွေ လျော့နေပြန်သည်၊ ထိုအခါ ဒေါ်အေးစိန် စဉ်းစားသည်၊ အဖြေမရ။

"အင်း....၊ မနေ့က အမဲသားဟင်းတွေ စားသူမရှိဘဲ လျော့နေတယ်၊ ဒီနေ့ ကြက်သားဟင်းအိုးက လျော့နေပြန်ပြီ၊ နည်းနည်းထူးဆန်းသလိုပဲ"

တစ်နေ့ကို ဟင်းတစ်မျိုးမဟုတ်၊ နှစ်မျိုးခန့် လျော့နေသဖြင့် အငယ်ကောင်ကိုလည်း ပြဿနာမရှာဝံ့ဘဲ အသေအချာ စောင့်ကြည့်နေရင်းကပင် အမြဲပျောက်နေတော့သည်။

❖ ❖ ❖

တစ်ရက် ဦးမိုးမြင့်တစ်ယောက် ရန်ကုန်ရောက်တုန်း ရောက်ခိုက် အချိန်အားနေသဖြင့် သူ့အိမ်ရောင်းခဲ့သော ဒေါ်အေးစိန်အိမ်သို့ အလည်ရောက်လာသည်။

ဒေါ်အေးစိန်အား ဦးမိုးမြင့်က ဒေါ်တင်စောသေဆုံးသွားပြီဖြစ်ကြောင်းပြောပြသဖြင့် စိတ်မကောင်းကြောင်း ဒေါ်အေးစိန် ကပြောသည်။

ထိုအခါ ဒေါ်အေးစိန်က အကြောင်းကိစ္စတစ်ခုကို သတိရသွားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးမြင့်က ဦးမိုးမြင့်အား....၊

"ဒီအိမ်မှာ အခုတလော ထူးဆန်းမှုတွေဖြစ်နေတယ်၊ စောတင်သေပြီး မကျွတ်မလွတ်ဘဲ ဒီအိမ်ရောက်နေလားမသိဘူး..."

"ဟုတ်လား...၊ ထူးခြားလို့လား"

"ထူးခြားတာကိုတော့အခုရက်ပိုင်းမှသတိထားမိတာ၊ အိမ်မှာက ဟင်းမျိုးစုံချက်ရောင်းနေတာ၊ ဟင်းတွေချက်ပြီး လူမရောင်းရသေးဘူး၊ ဟင်းတစ်အိုးမဟုတ်၊ နှစ်အိုး သိသိသာသာ လျော့သွားတယ်...."

"ညညလည်း ခြေသံလိုလို ကြားကြားနေရတယ်"

"ဟုတ်ချင်လည်း ဟုတ်နိုင်တာပဲ၊ သူက ဒီအိမ်ကိုအစွဲအလမ်းသိပ်ကြီးတာ၊ အစ်ကို မအေးစိန်ကိုရောင်းလိုက်လို့ စကားများ ရန်ဖြစ်လိုက်ရသေးတယ်"

ဒေါ်အေးစိန်က ဦးမိုးမြင့်ထက် နှစ်နှစ်ငယ်သည်။

"မတင်စော မကျွတ်မလွတ်သေးဘဲရောက်လာတာမှန်ရင် ဘုန်းကြီးပင့်ပြီး၊ ပရိတ်ရွတ်လိုက်ပေါ့၊ ဒါဆို ဒီအိမ်က ထွက်သွားလိမ့်မယ်...."

"ခွမ်း"



www.burmeseclassic.com

www.burmeseclassic.com



"တင်..."

"ဟာ... ဘာဖြစ်တာလဲ"

သူတို့စကားပြောနေစဉ် မီးဖိုခန်းအတွင်းမှ ပန်းကန်ခွက်တစ်ခုခု ပစ်ချလိုက်သည့်အသံမျိုး ကြားရသည်။

ဒေါ်အေးစိန် ထိုင်ရာမှ ထကြည့်လိုက်သည်။

"တင်... ထမင်းထည့်ဟားတဲ့ ကြွေပန်းကန်တစ်ချပ်အောက်ကို ကျကွဲနေတယ်...၊ ပန်းကန်စင်မှာ အသေအချာထောင်ထားတာ"

"ဟုတ်ပါပြီ...၊ သူဒီမှာ ရောက်နေပြီ"

"ကျွန်မတို့က ယောကျ်ားဆိုလို့ သားနှစ်ယောက်ပဲရှိတယ်၊ အကြီးကောင်က အိမ်မှာ မိုးလင်းကမိုးချုပ်မရှိဘူး၊ အိမ်မှာက ငမူးတစ်ကောင်ပဲ ကျန်တယ်၊ သရဲရှိရင် မနေရဲပါဘူး၊ ဘယ်လိုလုပ်ရပါ့မလဲ....."

"ခုနက ကျွန်တော်ပြောသလို အလှူလေး ဘာလေးလုပ်၊ အမျှဝေပေါ့"

"ခွမ်း.... ခွမ်း..."

"ဟာ...အစ်ကို့စကားကို သူမကျေနပ်ဘူးနဲ့တူတယ်"

"ဟုတ်လိမ့်မယ်၊ သူ့အကြောင်းမပြောပါနဲ့တော့၊ ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးလာရင် အိမ်ကကြွေပန်းကန်တွေ ကုန်သွားလိမ့်မယ်၊

မတင်စောရေ ဒီအိမ်ပေါ်က လူတွေကိုတော့ ခြောက်မလှန့်ပါနဲ့၊ ကိုယ်သွားချင်ရာ လွတ်လွတ်လပ်လပ်သွားပါ။ ဘာမှ အစွဲအလမ်း ထားမနေပါနဲ့"

ဦးမိုးမြင့်၏ စကားအဆုံးမှာ

"တောက်..."

မီးဖိုထဲမှ တောက်ခေါက်သံ ပီပီသသ ကြားလိုက်ရသည်။

"ကဲ... ကဲ သူ့အကြောင်းပြောတာ မကျေနပ်ဘူးနဲ့တူတယ်၊ ကျွန်တော် ပြန်တော့မယ်..."

"ဦးမိုးမြင့်ရဲ့ မိန်းမကို ရအောင်ပြန်ခေါ်သွားပါလား"

"သူက အစ်ကို့ကို စိတ်နာနေတာ၊ ဘယ်ခေါ်လို့ရပါ့မလဲ...."

ဦးမိုးမြင့်က ထိုမျှသာပြောပြီး ဒေါ်အေးစိန်အားနှုတ်ဆက်၍ ပြန်ခဲ့သည်။

ဒေါ်အေးစိန်လည်း အိမ်သို့ဦးမိုးမြင့်ရောက်လာမှ မကျွတ်မလွတ်သေးသော ဒေါ်စောတင်၏ ဝိညာဉ်သရဲက အိမ်မှာ ရောက်နေကြောင်း အသေအချာ သိသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ဝိညာဉ်သရဲမကြီးရောက်နေပြီ၊ တစ်အိမ်တည်းမှာ အတူနေရသည်ကို စဉ်းစားမိလိုက်တိုင်း ခေါင်းနပန်းကြီးသွားသည်။

နေ့စဉ်သာ ဟင်းများယူစားနေပါက စီးပွားပျက်တော့မည်၊ ထိုကိစ္စကို သားနှစ်ယောက်အား မပြောရန် ဆုံးဖြတ်ထားလိုက်သည်။

သရဲရှိကြောင်းပြောပါက ယုံသူက ကြောက်နေမည်၊ မယုံသူက ပြဿနာရှာမည်၊ ဒေါ်အေးစိန် ထိုကိစ္စကို မည်သို့ရှင်းရမည်မသိ။

ဆရာကောင်း သမားကောင်းရှိလျှင် နှင်ပစ်ချင်သည်၊ ဆရာ-မနိုင်လျှင် မိမိကိုစိတ်ဆိုးပြီး ပြဿနာရှာမှာလည်း စိုးသည်။

❖ ❖ ❖

ဦးမိုးမြင့်တစ်ယောက် ဒေါ်အေးစိန်အိမ်က ပြန်လာပြီးနောက် ကုန်းလမ်းပို့ဆောင်ရေးမှ နယ်ဝန်ထမ်းများ တည်းခိုဆောင်တွင် တည်းခိုဖြစ်တော့သည်။

ခါတိုင်းဆို နီနီမြင့်အိမ်မှာ သွားနေသည်၊ နီနီမြင့် ဆုံး



www.burmeseclassic.com

www.burmeseclassic.com



သွားသည်မှစ၍ ဝန်ထမ်းအိမ်ရာမှာသာ တည်းခိုသည်။

ထိုနေ့ညပိုင်း မိတ်ဆွေများနှင့် ဘီယာဆိုင်မှာ အမူး သောက်ပစ်သည်၊ ညဆယ့်တစ်နာရီခန့် ဆိုင်မှာလူပါးသွားပြီ၊ တည်းခိုခန်းနှင့် အရက်ဆိုင် သိပ်မဝေးသဖြင့် လမ်းလျှောက် ပြန်ခဲ့သည်။

မိတ်ဆွေများက တစ်နေရာဆီ လမ်းခွဲပြန်ကြသည်။

ဦးမိုးမြင့် ကားလမ်းဖြတ်ကူးရန် ပြင်လိုက်သည်၊ ထိုစဉ် သူ့ဘေးမှာ ဒေါ်တင်စောကို တွေ့လိုက်သည်။

"ဘာလဲ...၊ ရှင်က ရှင့်မိန်းမ မတင်စောတစ်ယောက် လုံးရပ်နေတာ မမှတ်မိလို့ မျက်လုံးပွတ်ကြည့်တာလား"

"ငါများ မူးနေသလားလို့ပါ...၊ မင်းက သေပြီးပြီပဲ"

"ရှင်က ကျုပ်လည်းသေပြီ၊ ရှင့်မယားငယ်တွေလည်း သေပြီဆိုတော့ နောက်ထပ်နေစရာရှာနေပြီနဲ့ တူတယ်"

"ဘာတွေပြောနေတာလဲ..."

"ညနေက ရှင်လာခဲ့တဲ့အိမ်က မုဆိုးမတစ်ယောက် လေ၊ ရှင့်ထက်လည်း ငယ်တယ်၊ နောက်ထပ် တော်ကောက် ချင်သေးလို့လား၊ ဒီတစ်ခါတော့ မရတော့ဘူး.....၊

ရှင် လမ်းကိုကူးမယ် မဟုတ်လား၊ ကူးလေ...၊ ကူးရဲ



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား၊ လာပါ ရှင်ကြောက်နေရင် ကျွန်မလက်ကို ဆွဲထား"

"မလုပ်နဲ့ မင်းထွက်သွား....."

"လာစမ်းပါ..."

ထိုစဉ် လမ်းပေါ်မှ ခရီးသည်တင်ကားကြီးက လမ်းရှင်း၊ လူရှင်း၊ ကားရှင်းသဖြင့် အရှိန်မလျှော့ဘဲ မောင်းလာနေသည်။

ဦးမိုးမြင့်အား ဒေါ်တင်စောက လက်ကိုအတင်းဆွဲကာ လမ်းမပေါ် အတင်းဆွဲချနေတော့သည်။

ဖမ်းဆုပ်ကိုင်ထားသော လက်များကိုရုန်းသည် မရ။

စူးရှ လင်းထိန်နေသော ကားမီးက မျက်လုံးများကို ထိုးလိုက်သည်။

"ဒုန်း"

"အား"

ကျယ်လောင်သောအသံကြီးက ပတ်ဝန်းကျင်မှာ လွင့်ပျံ့ထွက်သွားသည်။

"ဟာ.... ကားတိုက်ပြီ"

ဦးမိုးမြင့်ခန္ဓာကိုယ် ဝါးတစ်ပြန်ခန့်လွင့်ထွက်သွားသည်၊ ဦးမိုးမြင့် လေထဲမှလမ်းပေါ်ပြန်အကျ အသက်ပါမလာတော့။

ဦးမိုးမြင့်တစ်ယောက် ဒေါ်အေးစိန်အိမ်မှ ပြန်လာသည်



www.burmeseclassic.com

www.burmeseclassic.com



နေ့မှာပင် ခွင့်မလွတ်နိုင်သော ဖော်တင်စောဝိညာဉ်က နောက်က လိုက်လာပြီး ဦးမိုးမြင့်အား ကားရှေ့သို့ဆွဲသွင်းလိုက်ခြင်း ဖြစ်သည်။

❖ ❖ ❖

တစ်ရက် အငယ်ကောင်၏ရည်းစား အိမ်သို့လိုက်လာသည်၊ အိမ်သို့လိုက်ချင်၍ လိုက်ခဲ့ခြင်းမဟုတ်။

သူဝယ်ပေးထားသော အင်္ကျီနှင့် ပုဆိုးများပေါင်ပြီး ဖဲရိုက်ပစ်သည်သတင်းကြား၍ လာစစ်ဆေးသည်ဟုဆိုကာ ညခြောက်နာရီခန့် အိမ်သို့ရောက်လာသည်။

အဝတ်အစားများကို ဗီဒိုအတွင်း ရှာမည်ဟုဆိုကာ ဗီဒိုတံခါးကို ဖွင့်လိုက်သည်။

ပါးစပ်က မကျေမနပ်စကားများပြောရင်း ရှာနေသည်၊ ထိုစဉ် ဗီဒိုတံခါးရွက်က ကြမ်းပြင်နှင့် တစ်ပေခန့်လွတ်နေသည်။

ထိုအလွတ်နေရာမှ ခြေထောက်ဖြူဖြူနှစ်ချောင်း ရပ်နေသည်ကို တွေ့လိုက်သည်။

ဗီဒိုနောက်မှာ လူရပ်နေသည်ထင်ပြီး တံခါးကိုဆွဲပိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးကို ပိတ်လိုက်စဉ် ဗီဒိုဘေးတံခါးနောက်မှာ မည်သူမျှမရှိသည်ကို မြင်လိုက်ရာ....၊

"အမလေး...."

ထိတ်လန့်တုန်လှုပ်သွားပြီး အကြောက်လွန်ကာ ခွေခနဲလဲကျသွားတော့သည်။

ထိုသို့သတိလစ်နေရာ သတိပြန်ရမလာသဖြင့် ကျော်လင်းက ခေါင်းရင်းမှ အသိအမျိုးသမီးတစ်ယောက်ကို အကူအညီခေါ်ပြီးတွဲကာ အိမ်သို့ပြန်ခေါ်သွားကြသည်။

အငယ်ကောင့်ရည်းစား၏အိမ်က နောက်ဘက်လမ်းမှာဖြစ်သည်၊

ခေါ်လို့မရ၊ သတိမေ့နေသလိုဖြစ်နေသော မိန်းကလေးလည်း အိမ်နားသို့အရောက် ရုတ်တရတ် အကောင်းပကတိသတိပြန်ရလာတော့သည်။

အငယ်ကောင်၏ရည်းစားက သတိပြန်ရလာသည်နှင့်

"ရှင်တို့အိမ်မှာ သရဲရှိတယ်၊ ဗီဒိုတံခါးဖွင့်လိုက်တော့နောက်မှာခြေထောက်နှစ်ချောင်း ရပ်နေတယ်၊ တံခါးလည်းပြန်ပိတ်ရော ဘယ်သူမှမရှိဘူး၊ မိန်းမခြေထောက်ကြီး...."

"ဟာ.... မင်းဟာမင်းဒေါက်နံပြီး တွေ့ချင်ရာလျှောက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့နေတာ၊ အိမ်မှာ ဘာသရဲမှမရှိပါဘူး"

"ရှိပါတယ်ဆို...."

ကျော်လင်း၏ ရည်စားအမည်က အေးအေးမြင့်ဖြစ်သည်။

သူ၏မိဘများက အရက်သမား၊ ဖဲသမား၊ လက်ကြောမတင်းသောကြောင့် သမီးနှင့်လုံးဝ သဘောမတူ၊ ဖခင်ဖြစ်သူကလည်း လုံးဝသဘောမတူ။

သမီးဖြစ်သူက မိဘစကားနားမထောင်ဘဲ အငယ်ကောင်မှ အငယ်ကောင်ဖြစ်နေ၍၊

နင့်ထိုက်နဲ့နင့်ကံပဲ ဆိုပြီးကန့်ကွက်စကားမပြောတော့၊ နားလည်သဘောပေါက်ပြီး စိတ်ကုန်သွားပါစေဟု ပါးစပ်က ထုတ်မပြောပေမဲ့ အေးအေးမြင့်၏မိခင်ကတော့ ကြိတ်ပြီးဆုတောင်းနေမိသည်။

နှစ်ရက်ခန့်ကြာတော့ ကျော်လင်းတစ်ယောက် သူချစ်သူအိမ်သို့ ညဘက်ရောက်သွားသည်။

ထိုအချိန် အေးအေးမြင့်ဖခင်က ညဘက်အလုပ်တာဝန်ကျနေ၍ အိမ်မှာမရှိ၊ ကျော်လင်းအိမ်ပေါ်ရောက်တော့ အေးအေးမြင့်ကို အသင့်တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏာမျှကြာတော့ အေးအေးမြင့် တိတ်ခွေသုံးခွေယူလာသည်။

"ရော့.... ဒီတိတ်ခွေသုံးခွေယူသွား"

"ဘာခွေတွေလဲ....."

"ပဋ္ဌာန်းခွေရယ်၊ ပရိတ်ကြီးဆယ့်တစ်သုတ်ရယ်၊ တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရရဲ့ပရိက်ခွေ....၊ အိမ်ယူသွားပြီးဖွင့်၊ သရဲမ ပြေးလိမ့်မယ်"

ထိုသို့ပြောပြီး အခွေကိုပေးလိုက်သည်နှင့် စကားပင်မဆုံးလိုက်....၊

"ဟီး... ဟီး.... ဟီး"

"ဟင် ဘာဖြစ်တာလဲ...."

မိခင်ဖြစ်သူက သမီးအနားကို ပြေးလာသည်။

"သမီး ဘာဖြစ်တာလဲ"

"ငါ... နင့်သမီး မဟုတ်ဘူးဟော့..."

"ဒါဖြင့် ဘယ်သူလဲ"

"ငါ တင်စောပဲ....၊ ငါ့ကိုနှင်မလို့ တရားခွေတွေပေးနေတာပေါ့ ဟုတ်လား၊ နင်တို့ ပါးစပ်ကဟာတာနဲ့ ငါသိတယ်"

"ဟဲ့... ဟဲ့... ဘယ်လိုဖြစ်တာလဲ.....၊ ဘယ်မှာသွားဖွင့်



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ...၊ သမီးကို ဘာ့ကြောင့်ဝင်စီးနေရတာလဲ......."

"ငါ့ကို ပဌာန်းဖွင့်ခိုင်းပြီး နှင်မလို့ပေါ့....၊ အဲဒါကြောင့် စိတ်ဆိုးပြီး ရောက်လာတာ...."

"ဟာ... ဘယ်မှာလဲ အဲဒီအခွေတွေ"

ကျော်လင်းက လှမ်းမေးလိုက်သည်။

အေးအေးမြင့်မိခင်က အခွေများကိုပြပြီး.....

"ဒီမှာ မပေးလိုက်ဘူး၊ သူတို့လည်း မဖွင့်ရဘူး၊ သမီးကို ခွင့်လွှတ်ပါ၊ ကလေးတွေက နားမလည်လို့ပါ...."

"အေး.... နောက်ကိုအိမ်လာပြီး ရုတ်ရုတ်လာမလုပ်နဲ့၊ ငါ့အိမ်မှာ ငါနေတာ၊ ငါ့ကို ဘယ်သူမှနှင်ခွင့်မရှိဘူး...."

ထို့နောက် အေးအေးမြင့် တုန်တုန်ရီရီဖြစ်နေရာက ပြန်လည်ငြိမ်သွားပြီး ပုံမှန်ဖြစ်သွားသဖြင့် ဝင်စီးနေသောသရဲ ထွက်သွားပြီဟု သိလိုက်သည်။

"တော်ပါသေးရဲ့....၊ငါတောင်းပန်တာလက်ခံပြီးခပ်မြန်မြန်ထွက်သွားတယ်.....၊

နင်တို့ ဘာမှမသိနားမလည်ဘဲ ပျှောက်လုပ်နေတယ်၊ ဟိုကောင်ကျော်လင်း မင်းတို့အိမ်မှာ သရဲရှိတာမသိဘူးလား"

"ကျွန်တော်တော့ တစ်ခါမှမတွေ့ပါဘူး၊ အမေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်လို့ တစ်ခါမှမပြောပါဘူး”

“အေး... ရှိမှန်းသိပြီဆိုတော့ နောက်ကို ဆင်ဆင်ခြင်ခြင်နေကြ....”

ခဏနေတော့ ကျော်လင်းအိမ်ပြန်သွားသည်။

အိမ်ရောက်သည်နှင့်.....၊

“အမေ.... အမေ”

“ဟဲ့ ဘာလဲ....၊ အလန့်တကြား”

“အိမ်မှာ သရဲရှိလား”

“နင်.... ဘယ်ကသိလာတာလဲ.....”

“ဟိုမှာ အေးအေးတို့အိမ်မှာ အေးအေးကိုလာဝင်စီးသွားလို့....”

“ဘယ်က သရဲမှန်းမသိဘူး၊ ဒီအိမ်ကို သူ့အိမ်လို့ ပြောသွားတယ်”

“သရဲရှိတာ အမေသိတယ်၊ အရင်အိမ်ရှင်က တောင်ကြီးမှာ သေသွားတယ်၊ ဒီအိမ်ကိုစွဲလမ်းပြီး ရောက်လာတာ ဖြစ်မှာပေါ့၊

သူမသေခင်ကတည်းက ဒီအိမ်ကိုမရောင်းဘို့ တားနေကာ၊ သူ့ယောကျ်ားက နားမထောင်ဘဲရောင်းသွားခဲ့တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့လဲ...၊ သူ့ယောကျ်ားက ရောင်းသွားပြီး ပြီပဲ၊ သူ့အိမ်မှ မဟုတ်တော့တာ၊ သူနေလို့ဘယ်ဖြစ်တော့မလဲ..."

"ဖျန်း"

အဝယ်ကောင် ပါးတစ်ချက် ထူပူသွားသည်။

"ဟဲ့..... ဟဲ့၊ ဘာဖြစ်တာလဲ"

"ကျုပ်ကို ပါးရိုက်သွားတယ်"

"ဟင်....၊ မင်းရဲ့ပါးမှာ လက်ငါးချောင်းရာ၊ ရဲကျန်နေခဲ့တယ်၊ နင့်ပါးစပ်ကို ပိတ်ထားစမ်း..."

"တောက်....၊ သေချင်းဆိုး သရဲမ"

"ဖျန်း"

ကျန်ပါးတစ်ဖက် ထပ်အရိုက်ခံလိုက်ရချိန်မှာတော့ အဝယ်ကောင် အပိုးကျိုးသွားပြီး ဘာမှမပြောတော့။

ထိုကဲ့သို့ဖြစ်ပြီးနောက် ဒေါ်အေးစိန်အိမ်မှာ သရဲရှိကြောင်း သိသွားကြတော့သည်။

အရောင်းအဝယ်ပါးသွားသဖြင့် ဒေါ်အေးစိန်လည်း ဟင်းချက်မရောင်းတော့၊ လူလည်းနိုက်စား၊ သရဲလည်းနိုက်စားနေသဖြင့် အမြတ်လည်းမရတော့။

ဟင်းရောင်းမကောင်းတော့သဖြင့် ရင်းနှီးငွေကို စ၍



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတစ်လုံးဝယ်ပြီး အပ်ထည်လက်ခံချုပ်တော့သည်။

စက်ချုပ်အတတ်ကို အိမ်ထောင်မကျခင်က ဆိုင်ဖွင့်ခဲ့သေးသဖြင့် စက်ချုပ်သည်နှင့် အပ်ထည်ရခဲ့သည်။

စက်ချုပ်သည်မှာ တစ်လပင်မပြည့်သေး၊ အငယ်ကောင် အရက်မူးလာပြီးမီးခင်ထံကပိုက်ဆံတောင်းရာ လိုသလောက်မရသဖြင့် စက်ခေါင်းကို စက်အိမ်မှဖြုတ်၊

အိမ်ပြတင်းပေါက်မှ အောက်သို့ပစ်ချကာ အိမ်အောက်ဆင်းရန် လှေကားထိပ်သို့ ရောက်သွားစဉ်....၊

"ဘုန်း...."

မမြင်ရသော အရာတစ်ခု၏ ကန်ချခြင်းလော၊ တွန်းချခြင်းလော မသိ၊ ခြေလွတ်လက်လွတ် ပစ်ကျသွားသည်။

"ဘုန်း...."

"အား"

အောက်က အမာခံမဟုတ်၍ ကျိုးပဲ့ခြင်း၊ အသက်သေဆုံးခြင်းမရှိသော်လည်း တစ်ကိုယ်လုံးအောင့်ပြီး နာကျင်ကာချက်ချင်းပြန်မထနိုင်၊

သို့သော် အတော်လေးကြာမှ ထနိုင်သည်၊ ပါးစပ်က အသံမထွက်ရဲဘဲ၊ စိတ်ထဲကမကျေမနပ်ဖြင့် ခြိမ်းခြောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိခင်ဖြစ်သူလည်း စက်မချုပ်ရသေးသဖြင့် မျက်ရည်ကျ ရှုံကလှဲပြီး ဘာမှမတတ်နိုင်တော့။

❖ ❖ ❖

တစ်ရက် လမ်းထဲမှာနေသော ဦးကျင်သောင်းဆိုသူက ဒေါ်အေးစိန်လမ်းထဲရောက်တုန်း အိမ်သို့ခေါ်လိုက်သည်။

"ကိုကျင်သောင်း ကိစ္စထူးလို့လား"

"ထူးတာပေါ့...၊ ကျုပ်အိမ်မှာ ပယောဂတွေ၊ သရဲတွေ နှင်နိုင်တဲ့ ဆရာတစ်ယောက်ရောက်နေတယ်...၊

သရဲနှင်ချင်ရင် သူတာဝန်ယူ နှင်ပေးလိမ့်မယ်၊ ဘယ်လို လဲ သဘောတူလား"

"နိုင်မှလုပ်၊ မနိုင်ရင်ကျန်တဲ့လူတွေပါ ဒုက္ခရောက်ကုန် လိမ့်မယ်....."

ထိုအကြောင်းကို ဦးကျင်သောင်းက ဆရာအား အကျိုး အကြောင်း ပြောပြလိုက်သည်။

"ဒီကိစ္စ ဘာမှမပူနဲ့၊ ဆရာက ဒီလောက်သရဲမ မပြောနဲ့၊ နှစ်ချို့သရဲတောင် မနေနိုင်အောင် နှင်ထုတ်ခဲ့တာ"

"အားကိုးပါတယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့်ဆရာလည်းဒေါ်အေးစိန်အိမ်သို့လိုက်လာခဲ့သည်၊

"ကဲ ဆရာရောက်ပြီ....၊ ဘာမှစိုးရိမ်မနေနဲ့ အားလုံး ဝိုင်းပတ်ပြီး ထိုင်နေကြ"

ဆရာက ဘုရားစင်မှာ ဖယောင်းတိုင်များ၊ အမွှေးတိုင်များထွန်းပြီး ဘုရားရှိခိုးနေသည်။

ခဏမျှကြာတော့ ပရိတ်သတ်ဘက်သို့ လှည့်ထိုင်လိုက်သည်၊ ဆရာ သရဲကိုနှင်မည်ဆိုသော သတင်းကြား၍

ဒေါ်အေးစိန်အိမ်သို့ ယောကျ်ားမိန်းမ ဆယ်ယောက်ခန့် ရောက်လာပြီး ကြည့်ရှုနေသည်။

"ကဲ....၊ ဒီလူအုပ်ထဲမှာ အမျိုးသမီးတစ်ယောက်ကို ဒီအိမ်မှာရှိတဲ့သရဲမ ဝင်ပူးစမ်း"

မည်သူမှ လှုပ်ရှားသံမကြားရ။

"ဟဲ့ ဝင်ပူးစမ်းဆို..... အခုဝင်ပူးစမ်း...."

ခဏအတွင်းမှာပင် ထိုင်နေသူများထဲမှ အသက်သုံးဆယ်ခန့်ရှိ ပိန်ပိန်ပါးပါး အမျိုးသမီးတစ်ယောက်ကို ဝင်ပူးကပ်ပါတော့သည်။

ဝင်ရာမှာ ခပ်ရိုးရိုးမဝင်၊ ခပ်ကြမ်းကြမ်းဝင်သည်။

"ဟဲ့ ဆရာစုတ်၊ ငါ့အိမ်မှာ ငါနေတာ၊ ဘာလာရှုပ်အုံး



www.burmeseclassic.com

www.burmeseclassic.com



မလို့လဲ၊ နင်အခု အိမ်ပေါ်က ဆင်းသွားစမ်း...''

''ဘာ.... သရဲမ၊ ငါ့ကိုများ အာဏာလာပြနေတယ်၊

ကဲ ဒေါ်အေးစိန်၊ သောက်ရေခွက်နဲ့ ရေတစ်ခွက်ခပ်ပေး ပါ''

ဒေါ်အေးစိန်လည်း သရဲမကို ကြောက်လန့်စိတ်နဲ့ တုန်တုန်ရီရီထပြီး ခပ်ပေးလိုက်သည်။

ရေခွက်နှင့် ရေရလာတော့ ဘုရားစင်ရှေ့ရပ်ပြီး ဂါထာစုတ် မန်းမှုတ်နေသည်။

''ဟား.... ဟား... ဟား... ဟား....၊

ဘာလုပ်နေတာလဲ...၊ ဘာတွေရွတ်နေတာလဲ...၊ အဲဒီရေနဲ့ငါ့ကို ဘာလုပ်မှာလဲ...''

ဆရာကရေမန်းပြီး၍ ရေခွက်ထဲကရေကို လက်ဖြင့်နှိုက်၍ သရဲမ–ဝင်ပူးကပ်နေသော အမျိုးသမီးကို တောက်လိုက်သည်။

''ဟား... ဟား... အေးလိုက်တာ၊ ရေမွှေးလေးပါ ထည့်ပြီးပက်ပါလား''

သရဲမက ထိုသို့ပြောသဖြင့် အိမ်ပေါ်ရှိလူများ၏မျက်နှာ ပြုံးကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာက လူတွေဝိုင်းရယ်၊ ဝိုင်းပြုံးနေကြသဖြင့် အနည်းငယ်ရှက်သွားသကဲ့သို့ဖြစ်ကာ လွယ်အိတ်ထဲမှ တစ်တောင့်ထွာခန့်ရှိသော ဆေးကြိမ်လုံးကို ထုတ်ယူလိုက်သည်။

ထိုင်နေရာက ကြိမ်လုံးကို ရွယ်လိုက်သည်။

"ကဲ သရဲမ၊ ဒီဆေးကြိမ်လုံးက ဆရာ့ဆရာကြီးတွေလက်သုံးတော်ပဲ၊ ဒါနဲ့ရိုက်ရင် ဘယ်သရဲမ ခံနိုင်မှာလဲ...."

"ဟား.... ဟား... ဟား...၊

စမ်းကြည့်လိုက်လေ၊ ဆရာစုတ်"

"နင်က ငါ့ကိုများ စော်စော်ကားကား"

ဆရာက ကြိမ်လုံးဖြင့်ရိုက်ရန် ရွယ်လိုက်စဉ်....၊

ကြိမ်လုံး သုံးပိုင်းမျှကျိုးထွက်သွားသည်ကို အားလုံးတွေ့လိုက်သည်။

"ဟား... ဟား... ဟား...၊ ဘာတတ်နိုင်သေးလဲ...."

ဆရာက ထိုင်ရာကထပြီး ခြေထောက်ဖြင့်ကန်မည့်ဟန်ပြင်လိုက်သည်။

ရုတ်တရက် ဆရာမတ်တတ်ကနေ ပစ်လဲကျသွားသည်။

"ဟား... ဟား... ဟား ...."



www.burmeseclassic.com

www.burmeseclassic.com



"အား... အား.. ခြေထောက်ကျိုးပါပြီ....ကျိုးပါပြီ...."

"ဆရာ... ဆရာ... ဘာဖြစ်သွားတာလဲ"

"ငါ့ခြေထောက်....ငါ့ခြေထောက်၊လှုပ်လို့မရတော့ဘူး"

"ဟား... ဟား... ဟား....၊

ဆရာစုတ် အခုငါ့ကိုလာတုလို့ ခံလိုက်ရပြီမဟုတ်လား၊ ဟား...ဟား.... ဟား..."

သရဲမ၏ရယ်သံကြီးက ခြောက်ခြားဖွယ်ရာ ပေါ်ထွက်လာပြီး တဖြည်းဖြည်းတိုးသွားကာ ပူးကပ်ရာမှ ထွက်သွားတော့သည်။

သရဲမ– ထွက်သွားပေမယ့် ဆရာကတော့ ခြေထောက်တစ်ချောင်း လှုပ်လို့မရသလိုဖြစ်ကာ အားလုံးဝိုင်းဝန်းပြုစုရတော့သည်။

ပရုပ်ဆီ၊ တေဇောပန်းများ လိမ်းပေးကာ ဝိုင်းဝန်းနှိပ်နယ်ပေးနေကြသည်။

"နေ... နေကြတော့၊ ဒီ သရဲမကိုက်သွားတာ၊ တော်တော်နဲ့ပျောက်မှာ မဟုတ်ဘူး၊ ဆရာတော့ ဒီသရဲမကို နိုင်မယ်မထင်ဘူး....၊

အားလုံး သူ့ကိုမနှင်ဘဲ ကိုယ့်အလုပ်ကိုယ်လုပ်ပြီးနေ



www.burmeseclassic.com

www.burmeseclassic.com



ကြပေါ့...၊

ဆရာ ဒီလောက်ပဲ အကြံပေးချင်တယ်..."

"ဟုတ်ပါတယ် ဆရာ၊ သူ ဒီအိမ်ရောက်တာ လေးငါးလ ရှိပြီ...၊ သူ့ဟာသူနေ... ကိုယ့်ဟာကိုယ်နေဖို့ပဲ၊

တော်ပါပြီ...၊ နောက်ကို ဘယ်သူအကြံပေးပေး သူက ကိုယ့်ကို အန္တရာယ်မပြုသရွေ့ နှင်ဖို့မစဉ်းစားတော့ပါဘူး"

သို့ဖြင့် သရဲရှိသောအိမ်ကြီးမှာ ယနေ့ထိတိုင် ပထမအိမ်ရှင်ဝိညာဉ်နှင့် ဒုတိယအိမ်ရှင်တို့ အတူတကွ နေထိုင်လျက်ရှိပါတော့သည်။ ။

ဇေနိုမင်း

❖ ❖ ❖ ❖ ❖

စိုးစာပေ

www.burmeseclassic.com